# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ နတ်တော်လဆန်း (၁)ရက် ၊ ကြာသပတေးနေ့ ၊ (20-11-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၂၀၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး၊
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

**❖ တိုင်းပြည်အနာဂတ် ပန်းတိုင်ဆီ ဆန္ဒကိုယ်စီ မဲပေးမည်။**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

**နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ တတိယအစည်းအဝေး ဒုတိယနေ့ကျင်းပ** စာမျက်နှာ - ၂၀

## ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့ကို အောင်နိုင်ရေးအလံအပ်နှင်းပွဲအခမ်းအနားကျင်းပ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့်မြန်မာအားကစားအဖွဲ့ကို အောင်နိုင်ရေးအလံအပ်နှင်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၉**

ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့်မြန်မာအားကစားအဖွဲ့အား အောင်နိုင်ရေးအလံအပ်နှင်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(A)၌ ကျင်းပရာ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး အောင်နိုင်ရေးအလံကို အပ်နှင်းသည်။

အခမ်းအနားသို့ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ စာမျက်နှာ ၁၆ ကော်လံ ၁




ရတနာပုံ
၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၀ ရက်
အယ်ဒီတာ့အာဘော်

## အဖိုးတန်မြန်မာ့ကျောက်မျက်ရတနာများပေါကြွယ်ဝသည့် မြန်မာနိုင်ငံ

မြန်မာနိုင်ငံသည် သဘာဝသယံဇာတတွင်းထွက်များနှင့် ကျောက်မျက်ရတနာမျိုးစုံထွက်ရှိသော အဖိုးတန်ရတနာမြေများ ပိုင်ဆိုင်ရာ နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ ကမ္ဘာကျော်တန်ဖိုးကြီး အရည်အသွေးမြင့်ကျောက်မျက်ရတနာများဖြစ်သော ကျောက်စိမ်း၊ နီလာ၊ ပုလဲနှင့် အခြားအဖိုးတန် ရတနာများ များစွာထွက်ရှိသည်။

သယံဇာတနှင့် ကျောက်မျက်ရတနာများ ပေါကြွယ်ဝသည့် မြန်မာနိုင်ငံဒေသအနှံ့အပြားမှထွက် သော တွင်းထွက်ရတနာများမှာ ဒေသအလိုက် ရတနာအမျိုးအစားများ ကွဲပြားသော်လည်း တန်ဖိုးနှင့် အရည်အသွေးသည် နိုင်ငံတကာတွင် တန်ဖိုးအကြီးဆုံးနှင့် တန်ကြေးအမြင့်ဆုံးကျောက်မျက်ရတနာ များအဖြစ် အသိအမှတ်ပြုခြင်းခံထားရသဖြင့် မြန်မာနိုင်ငံကို ပြည်ပနိုင်ငံအများစုက ကျောက်မျက်ရတနာ မြေကို ပိုင်ဆိုင်ထားသောနိုင်ငံအဖြစ် အားကျကြသည်။

ထိုသို့မြန်မာနိုင်ငံတစ်ဝန်း ဒေသအလိုက်ထွက်ရှိထသော ကျောက်မျက်ရတနာများကို နိုင်ငံအတွင်း တွင် ကျောက်မျက်ရတနာပြပွဲများ ကျင်းပရောင်းချပေးခြင်းဖြင့် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိ သကဲ့သို့ နိုင်ငံသားများအတွက်လည်း အကျိုးစီးပွားဖြစ်ထွန်းစေမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော် အစိုးရအဆက်ဆက်သည် တူးဖော်ထုတ်လုပ်ထားသည့် ကျောက်မျက်ရတနာများ ရောင်းချနိုင်မည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်မှစပြီး ကျင်းပပြုလုပ်ခဲ့ရာ ယခုနှစ်တွင် အကြိမ် ၆၀ မြောက်သို့ပင်ရောက်ရှိခဲ့ပြီဖြစ်သည်။

ယခုကျင်းပသော အကြိမ် ၆၀ မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာ ၁၇ ရက်မှ ၂၆ ရက်ထိ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ကျောက်စိမ်းရိုင်းအတွဲ ၅၀၆၄ တွဲ၊ ကျောက်စိမ်းအချောထည်အတွဲ ၂၁ တွဲ၊ ကျောက်မျက်ရိုင်းအတွဲ ၁၃ တွဲ၊ ကျောက်မျက်လက်ဝတ် ရတနာအတွဲ ၁၄၇ တွဲ၊ ပုလဲအတွဲ ၄၈၉ တွဲတို့ကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များကို အိတ်ဖွင့်ဈေး ပြိုင်တင်ဒါစနစ်ဖြင့် ရောင်းချလျက်ရှိပြီး အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေနှင့် မြန်မာ နိုင်ငံတော်ဗဟိုဘဏ်က လက်ခံသည့် နိုင်ငံခြားငွေများဖြင့် ရောင်းချပေးလျက်ရှိသည်။

ပုလဲအတွဲများကို နိုဝင်ဘာ ၁၈ ရက်မှ ၁၉ ရက်ထိလည်းကောင်း၊ ကျောက်မျက်အတွဲများအားလုံးကို နိုဝင်ဘာ ၂၀ ရက်တွင်လည်းကောင်း၊ ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၂၁ ရက်မှ ၂၆ ရက်ထိ အုပ်စု (အေ၊ ဘီ၊ စီ)သုံးအုပ်စု ခွဲခြားရောင်းချပေးသွားမည်ဖြစ်သည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲများ ကျင်းပရောင်းချပေးခြင်းဖြင့် မြန်မာ့ကျောက်စိမ်းနှင့် ကျောက် မျက်ရတနာများ၏ အဖိုးထိုက်တန်မှုကို ကမ္ဘာ့နိုင်ငံအသီးသီးက ပိုမိုသိရှိစေနိုင်မည်ဖြစ်သည့်အပြင် ကုန်သွယ်မှုပမာဏတိုးတက်စေခြင်း၊ ကုန်သွယ်မှုအခွင့်အလမ်းကောင်းများရရှိစေခြင်း၊ ပို့ကုန်ကဏ္ဍ မြင့်မားတိုးတက်စေခြင်းတို့ကို ဖြစ်စေမည်ဖြစ်သည်။ မြန်မာနိုင်ငံထွက် တန်ဖိုးမြင့်ကျောက်မျက်ရတနာ များ၊ ပြည်ပနိုင်ငံများသို့ ရောင်းချနိုင်ခြင်းဖြင့် ပြည်တွင်းရှိ ကျောက်မျက်ရတနာလုပ်ငန်းရှင်များနှင့် ဆက်စပ်လုပ်ငန်းများတွင် လုပ်ကိုင်ကြသည့် ပြည်သူလူထုအတွက် အကျိုးအမြတ်များရရှိနိုင်မည့် အပြင် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေနှင့် အခွန်အခများကို ရရှိစေမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲများမှရရှိလာသော နိုင်ငံခြားဝင်ငွေနှင့် အခွန်အခများမှာ ပြည်သူလူထုအတွက် အကျိုးစီးပွားဖြစ်စေမည့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာ တွင် တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်မည်ဖြစ်သဖြင့် နိုင်ငံအတွက်သာမက ပြည်သူလူထု အတွက်ပါ များစွာအကျိုးဖြစ်ထွန်းစေမည်ဟု ယုံကြည်ပါကြောင်း ရေးသားအပ်ပါသည်။

၂၀၂၅ ခုနှစ်၊
ပါတီစုံဒီမိုကရေစီ
အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်
၃၈
ရက်
သာ လိုတော့သည်။

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ
အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို
၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

လူကုန်ကူးခံရသူများအတွက် ညွှန်းပို့
ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက
ဆက်သွယ် အကူအညီ တောင်းခံနိုင်ပါသည်။

ရန်ကုန် — အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ ၀၁-၈၆၆၆၆၁၉

မန္တလေး — ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ ၀၂-၂၈၃၀၄၂၃

## မော်လိုက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၁၇၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မော်လိုက် နိုဝင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ၌ ဟင်းသီးဟင်းရွက် ၁၁၇၅ ဧက ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီး ဌာနမှ သိရသည်။

မော်လိုက်မြို့နယ်တွင် ယခု နှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၆၇၉ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုး ခဲ့ရာ ယနေ့တွင် ၁၁၇၅ ဧက ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုး ရာသီမှာ မော်လိုက်မြို့နယ်အတွင်း ဟင်းသီးဟင်းရွက်ဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၁၇၅ ဧက စိုက်ပျိုးပြီးစီး ပြီဖြစ်ပါတယ်။ ဟင်းသီးဟင်းရွက် စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ ရုံးပတီ၊ မုန်လာဥ စတဲ့သီးနှံတွေ စိုက်ပျိုးနေပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင် အောင်၊ ဓာတုဓာတ်ကြွင်း အနည်း ဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေ ပေးနေပါတယ်"ဟု မော်လိုက် ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင် ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်မြို့နယ်တွင် ဟင်းသီး ဟင်းရွက်စိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက GAPနည်းစနစ်ဖြင့် စိုက်ပျိုးရန် အတွက် နည်းပညာသင်တန်းပေး ခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာ သည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန် အသိပညာပေး ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေး လျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက် နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင် ပါက ဒေသတွင်း စားသုံးမှုဖူလုံစေ သည့်အပြင် ပိုလျှံမှုကိုရောင်းချ နိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုး တက်လာမည် ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့ စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မော်လိုက် ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင် ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

## ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ရေကြည် နိုဝင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြ၍ သိရသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၃၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက် ဗိုလ်ကိတ်ပဲများကို ရေကြည်မြို့နယ်မှ ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များက ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း သိရသည်။

"ရေကြည်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို အောက်တိုဘာလထဲမှာ ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလဲ ဒေသထွက်ပဲတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ရန်ကုန်ဈေးကွက်ကို ဗိုလ်ကိတ်ပဲတွေ တင်ပို့ရောင်းချအားကောင်းလာတော့ ပဲစိုက်တောင်သူတွေအပြင် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တွေ အလုပ်အကိုင်အဆင်ပြေလာပါတယ်"ဟု ရေကြည်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၉၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဗိုလ်ကိတ်ပဲများ တင်ပို့ရောင်းချအား ကောင်းလာခြင်းကြောင့် တောင်သူများ၊ ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ရွှေစည်းခုံစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပြီးစီးမှု(ရွှေပြည့်အောင်ပွဲ)၊ ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပူဇော်ခြင်းနှင့် ရေစက်ချမင်္ဂလာအခမ်းအနား ကျင်းပ



**မန္တလေး နိုဝင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦး ခရိုင် ညောင်ဦးမြို့ ပုဂံရှေးဟောင်း ယဉ်ကျေးမှု နယ်မြေအတွင်းရှိ ရွှေစည်းခုံ စေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူ ပြီးစီးမှု(ရွှေပြည့်အောင်ပွဲ) ဗုဒ္ဓါဘိသေကအနေကဇာ တင်လှူ ပူဇော်ပွဲနှင့် ရေစက်ချမင်္ဂလာ အခမ်းအနားကို နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းက ရွှေစည်းခုံစေတီ တော်ကြီးတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ နိုင်ငံတော် သြဝါဒါစရိယ မြစ်ကြည့်တိုက် ရုပ်စုံကျောင်းဆရာတော် ဘဒ္ဒန္တ ဣန္ဒဘိဝံသအမှူးပြုပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဗဟို ဝန်ဆောင်ဆရာတော်၊ မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာ တော်တို့နှင့် ပင့်သံဃာတော် များ ကြွရောက်ချီးမြှင့်တော်မူပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီး များနှင့် တာဝန်ရှိသူများ၊ အလှူရှင် များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ရွှေစည်းခုံစေတီ တော်မြတ်ကြီးအား အရှေ့၊ အနောက်၊ တောင်နှင့် မြောက် ဘက်ရှိ ကြေးကူတိုက် လေးခုမှ သံဃာတော်များက တစ်ပြိုင် နက်တည်း ဗုဒ္ဓါဘိသေကအနေက ဇာတင်လှူကြပြီး အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး နိုင်ငံတော်သြဝါဒါစရိယ မြစ်ကြည့် တိုက် ရုပ်စုံကျောင်းဆရာတော် ဘဒ္ဒန္တဣန္ဒဘိဝံသထံမှ ငါးပါး သီလ ခံယူဆောက်တည်ကြသည်။

အခမ်းအနား၌ တိုင်းဒေသ ကြီးဝန်ကြီးချုပ်က ရွှေစည်းခုံ စေတီတော်မြတ်ကြီး လုံးတော် ပြည့် ရွှေသင်္ကန်းကပ်လှူပြီးစီးမှု (ရွှေပြည့်အောင်ပွဲ)နှင့် စပ်လျဉ်း၍ သာသနာရေးဆိုင်ရာများ လျှောက် ထားပြီး နိုင်ငံတော်သြဝါဒါစရိယ မြစ်ကြည့်တိုက်ရုပ်စုံ ကျောင်း ဆရာတော်အမှူးပြုပြီး ဆရာတော် သံဃာတော်များထံ တိုင်းဒေသ ကြီးဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက လှူဖွယ်ပစ္စည်းနှင့် နဝကမ္မဝတ္ထု ငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရွှေစည်းခုံစေတီ တော်ကြီးအား အလှူရှင်များက အလှူငွေများလှူဒါန်းကြရာ ကရင် ပြည်နယ် ဘားအံမြို့ ရွှေဖြူတောရ ဆရာတော် ဘဒ္ဒန္တသောမအား အမှူးထား၍ တပည့်ဒါယကာ၊ ဒါယိကာမများက ရွှေစင်ရွှေပြား အတွက် အလှူငွေကျပ် ၂၁၃၆ သိန်း၊ မန္တလေးမြို့နေ ဦးလှမြင့်ဝင်း နှင့်ဇနီး ဒေါ်ခင်မြတ်နိုးအောင် မိသားစုက (ရွှေပြည့်အောင်ပွဲ) အတွက် အလှူငွေကျပ် ၁၄၁ သိန်း၊ မန္တလေးမြို့ အကယ်ဒမီရွှေလှော် လုပ်ငန်းပိုင်ရှင် ဦးဖိုးသန်းက စေတီတော်ကြီးအတွက် လှော်ခဲ့ သော ရွှေစင်ရွှေသားများအတွက် ကျသင့်တန်ဖိုးနှင့် စတုဒိသာဒါန ပြုလှူဒါန်းခြင်းအတွက် အလှူ ငွေကျပ် ၁၁၅ သိန်းတို့ကို လှူဒါန်း ရာ ရွှေစည်းခုံစေတီတော်ဂေါပက ဥက္ကဋ္ဌနှင့်အဖွဲ့၊ တာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ထို့နောက် ညောင်ဦးမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာ တော်ထံမှ အနုမောဒနာတရား နာယူ၍ ရေစက်သွန်းချအမျှ အတမ်း ပေးဝေခဲ့ပြီးနောက် အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**မျိုးကျော်**

# ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၇၅၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဝက်လက် နိုဝင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို ခရိုင် ဝက်လက်မြို့နယ်တွင် ယခု နှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၇၅၉ ဧကထိ စိုက်ပျိုးပြီးစီး ပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုး ရာသီ၌ ဝက်လက်မြို့နယ်တွင် မြေပဲ ၁၅၄၀၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တို ဘာလတတိယပတ်မှ စတင်စိုက် ပျိုးခဲ့ရာ ယနေ့ထိ ၂၇၅၉ ဧကစိုက် ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ မြေပဲဧက ၁၅၀၀၀ ကျော် စိုက်ပျိုးဖို့လျာထား ပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုး နိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ် ထက် တစ်နှစ်တိုးတက်လာပါ တယ်"ဟု ဝက်လက်မြို့နယ် စိုက် ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် မြေပဲ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း နိုင်ရန်၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရန်၊ အထွက်နှုန်းကောင်းမွန် စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီး ဌာနမှဝန်ထမ်းများက စိုက်ခင်းများ အတွင်း ကွင်းဆင်းဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေ မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင် သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွား ဘဝများ မြင့်မားလာမည်ဖြစ်သော ကြောင့် မြေပဲကို ပိုမိုတိုးချဲ့စိုက်ပျိုး နိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ညောင်ရွှေမြို့နယ် နောက်ရပ်ကြီးကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ညောင်ရွှေ နိုဝင်ဘာ ၁၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနက နောက်ရပ်ကြီး ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မား ရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF)လုပ်ငန်းများ ဆောင်ရွက်နေ မှုကို နိုဝင်ဘာ ၁၈ရက် နံနက်ပိုင်း က တာဝန်ရှိသူများ ကွင်းဆင်းစစ် ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်ယုယုနှင့်ဝန်ထမ်းများ က နောက်ရပ်ကြီးကျေးရွာတွင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံ ငွေထူထောင်ခြင်းစီမံကိန်း(RBF) ရန်ပုံငွေကျပ် ၁၅ သန်းဖြင့်ဆောင် ရွက်သော ချည်ထည်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လအလိုက် ဖြည့်သွင်းရမည့်စာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည် များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ထို့နောက် နောက်ရပ်ကြီးကျေး ရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း စီမံကိန်း ဖြင့် ချည်ထည်လုပ်ငန်းဆောင် ရွက်နေသည့် အသက်မွေးဝမ်း ကျောင်းအဖွဲ့နှစ်ဖွဲ့ကို RBFစီမံ ကိန်းရန်ပုံငွေကျပ် ၁၅ သန်း ထုတ် ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင် ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ဖွဲနု ၂၄ ပြည်ဝင် အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ဆန်၊ စပါး၊ ဖွဲရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုး သူဇာက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ စက်တင်ဘာလအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၄၃၀၀၀ သာ တင်ပို့ ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလ အတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဖွဲနုများသည် ပြည်တွင်း၌ ငါးစာ၊ ကြက်စာ၊ ဝက်စာ၊ ဘဲစာ စသည့်မွေးမြူ ရေးလုပ်ငန်းသုံးအစာအဖြစ် အသုံးပြုခြင်း ဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့တစ်လအတွင်း ၂၄ ပြည်ဝင် ဖွဲနုအိတ်ရေ ၆၅၀၀၀ ထိ ရန်ကုန်ဈေး ကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဖွဲနု က စပါးကြိတ်ခွဲရင်ထွက်လာတဲ့ ကုန်ကြမ်း တစ်ခုပါ။ ပြည်တွင်းမှာ တိရစ္ဆာန်အစာ အဖြစ် အသုံးပြုတာများပါတယ်။ ပြည်ပ ဈေးကွက်လဲရှိတယ်။ လက်ရှိ စပါးသစ် ပေါ်တာ နည်းနေသေးတော့ ဖွဲနုလဲ အထွက်နည်းနေပါတယ်။ လက်ရှိ နိုဝင် ဘာလထဲမှာလဲ ဖွဲနုအိတ်တွေ ရန်ကုန် ဈေးကွက်က ဝယ်ယူမှုများနေပါတယ်။ မွေးမြူရေးလုပ်ငန်းတွေ အပြိုင်လည်ပတ် လုပ်ကိုင်နေတာကြောင့် ရန်ကုန်ဈေးကွက် ကနေ အခုလိုဖွဲနုအိတ်တွေ ဝယ်ယူမှု ကောင်းလာတာပါ။ ဖွဲနုတွေ ဝယ်ယူမှု အားကောင်းလာတော့ စပါးစိုက်တောင်သူ တွေ၊ ဆန်စက်သမားတွေ အလုပ်တွေ အဆင်ပြေပြေ လည်ပတ်ရပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ဆန်၊ စပါး၊ ဖွဲ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ထွက်ရှိ သည့်ဖွဲနုများကို ဒေသမွေးမြူရေးပွဲရုံ ပိုင်ရှင်များက အများဆုံးဝယ်ယူလျက်ရှိ ပြီး အဆိုပါ ဖွဲနုအိတ်ရေ ၁၀၀ လျှင် ငွေကျပ် ၂၇၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ဒေသဆိုင်ရာ ရာဇဝင်ကျမ်းများ(၂)

ဗိုလ်ရှိတ်(ရတနာပူရ)

**❖ မင်းရာဇာကြီးစာတမ်းကို ကိုယ်ရံကြီး အမတ်မဟာဇေယျသိန်က ပြုစုခဲ့ရင်းမှန်သော်လည်း ယခုပုံနှိပ်ထုတ်ဝေထားသော မင်းရာဇာကြီး စာတမ်းသည် ကိုယ်ရံကြီးအမတ် မဟာဇေယျသိန်ပြုစုခဲ့သည့် မူရင်း အတိုင်းမဟုတ်ပေ။ ကျမ်းပြီးနိဂုံးတွင် "သာသနာတကာတော် မင်းရာဇာကြီး အရေးတော်စာထုံးပုံကို စန္ဒဝိမလရာဇာ မင်းအမတ်တော် ရွှေစာဘက် သက္ကရာဇ် ၁၁၃၇ ခုနှစ်တွင် ရေးစာဟောင်းက နှုတ်ထုတ်၍ထားသည်တည်း"ဟူ၍ ဖော်ပြထားသောကြောင့် စန္ဒဝိမလရာဇာ မင်းအမတ် ရွှေစာဘက်က မူလစာတမ်းမှ ထုတ်နုတ်ထားသောစာဖြစ် ကြောင်း သိရသည်။ ❖**

**မင်းရာဇာကြီးစာတမ်း**

မင်းရာဇာကြီးဆိုသည်မှာ ရခိုင်ပြည်နယ် မြောက်ဦးမြို့တော်၏ဘုရင် မင်းရာဇာကြီးကိုဆိုခြင်းဖြစ်သည်။ မင်းရာဇာကြီး၏အကြောင်းကို အဓိကထား၍ဆိုထားခြင်းကြောင့် မင်းရာဇာကြီးစာတမ်းဟုခေါ်ခြင်းဖြစ်သည်။ မင်းရာဇာကြီးစာတမ်းအရ မင်းရာဇာကြီးသည် သက္ကရာဇ် ၉၃၇ ခုနှစ်၌ မြောက်ဦးမြို့တွင် နန်းတက်၏။

မင်းရာဇာကြီးစာတမ်းသည် ရှစ်ကြောင်းရေးပေဖြစ်ပြီး က အစ ဃ အဆုံး တစ်အင်္ဂါနှင့် ငါးချပ်ရှိသည်။ ထိုပေမူကို ဆရာဌေးဝေတည်းဖြတ်၍ ၂၀၁၅ ခုနှစ် ဇွန်လတွင် ရန်အောင်စာပေက ပုံနှိပ်ထုတ်ဝေခဲ့သည်။ မင်းရာဇာကြီးစာတမ်းနှင့်အတူ ရခိုင်ရာဇဝင်လင်္ကာကိုပါ ပူးတွဲပုံနှိပ်ထုတ်ဝေထားသည်။

မင်းရာဇာကြီးစာတမ်းကို မူလရေးသားခဲ့သူမှာ မင်းရာဇာကြီး၏ ကိုယ်ရံကြီးအမတ်မဟာဇေယျသိန်ဖြစ်၏။ ထိုအကြောင်းကို ကျမ်းနိဒါန်းအစ၌ "ရက္ခပူရတိုင်း မျော်ဦးမြို့တွင် သက္ကရာဇ် ကောဇာ ၉၃၇ ခုနှစ်၌ဖြစ်တော်မူသော သာသနဒါရကာမင်းရာဇာကြီးသည် ဘိုးတော်၊ ဘီတော်၊ ခမည်းတော်မင်းများရိုက်ရာတော်ကို ဆက်ခံစိုးစံတော်မူ၍ ကောဇာ ၉၆၄ ခုနှစ်ရောသောအခါ ကိုယ်ရံကြီးအမတ် မဟာဇေယျသိန်ကို အမိန့်တော်ရှိသည်ကား ဗုဒ္ဓဝင်၊ မဟာဝင်၊ ရာဇဝင်သုံးရပ်၌ထွက်သော ဗုဒ္ဓဝင်များ၊ ဘုရားအမည်၊ မဇ္ဈိမဒေသသောဠသ ၁၆ ပြည်၌ဖြစ်တော်မူသော မင်း၊ မဇ္ဈိမဒေသ ၁၆ ပြည်ထောင် အပိုင်းအခြား အယုဇ္ဈပူရ၊ ရက္ခပူရတိုင်းတို့၌ဖြစ်သော မင်းတို့သည် မဇ္ဈိမဒေသတိုင်း၊ သာကီဝင်မင်းမျိုးကဖြစ်မည် အရပ်ဒေသအလိုက် အမျိုးသားတို့က မင်းမူသည်ဖြစ်မည် များကို မယုတ်မလွန်စေရ၊ အတိုနှုတ်စု၍သွင်းရမည် အမိန့်တော်ရှိလေသော် သက္ကရာဇ်ကောဇာ ၉၆၄ ခုနှစ်တွင် ကိုယ်ရံကြီးအမတ် မဟာဇေယျသိန်သွင်းဆက်သောစာ"ဟူ၍ ဖော်ပြထားသည်။

ထို့ကြောင့် မင်းရာဇာကြီးစာတမ်းကို ပြုစုခဲ့သူမှာ ကိုယ်ရံကြီးအမတ် မဟာသင်္ကြံ၏အမိန့်အရ ၉၆၄ ခုနှစ်တွင် မင်းရာဇာကြီးစာတမ်းကို ပြုစုခဲ့ခြင်းဖြစ်ကြောင်း သိနိုင်သည်။

မင်းရာဇာကြီးစာတမ်းကို ကိုယ်ရံကြီး အမတ်မဟာဇေယျသိန်က ပြုစုခဲ့ရင်းမှန်သော်လည်း ယခုပုံနှိပ်ထုတ်ဝေထားသော မင်းရာဇာကြီးစာတမ်းသည် ကိုယ်ရံကြီးအမတ် မဟာဇေယျသိန်ပြုစုခဲ့သည့် မူရင်းအတိုင်းမဟုတ်ပေ။ ကျမ်းပြီးနိဂုံးတွင် "သာသနာတကာတော် မင်းရာဇာကြီး အရေးတော်စာထုံးပုံကို စန္ဒဝိမလရာဇာ မင်းအမတ်တော် ရွှေစာဘက် သက္ကရာဇ် ၁၁၃၇ ခုနှစ်တွင် ရေးစာဟောင်းက နှုတ်ထုတ်၍ထားသည်တည်း"ဟူ၍ ဖော်ပြထားသောကြောင့် စန္ဒဝိမလရာဇာမင်းအမတ် ရွှေစာဘက်က မူလစာတမ်းမှ ထုတ်နုတ်ထားသောစာဖြစ်ကြောင်း သိရသည်။

သို့ဖြစ်သောကြောင့် ယခုမင်းရာဇာကြီး စာတမ်းသည် ၉၆၄ ခုနှစ်တွင် ကိုယ်ရံကြီး အမတ်မဟာဇေယျသိန် ပြုစုသောစာတမ်းမှ ၁၁၃၇ ခုနှစ်တွင် စန္ဒဝိမလရာဇာမင်းအမတ်ရွှေစာဘက်က ပြန်လည်ထုတ်နုတ်ရေးသားထားသောစာဖြစ်ကြောင်း ကွဲကွဲပြားပြား မှတ်သားရပေမည်။

**ရခိုင်ရာဇဝင်လင်္ကာ**

ရခိုင်ရာဇဝင်လင်္ကာသည် ၁၀ ကြောင်းရေးပေဖြစ်ပြီး က အစ ဃော် အဆုံး သုံးအင်္ဂါနှင့် ၁၀ ချပ်ရှိသည်။ ရခိုင်ရာဇဝင်လင်္ကာကို မင်းရာဇာကြီးစာတမ်းနှင့်တွဲ၍ ပုံနှိပ်ထားခြင်းဖြစ်သည်။ စာအုပ်မူတွင် ရခိုင်ရာဇဝင်လင်္ကာဟု အမည်တပ်ထားသော်လည်း ပေမူတွင် ရခိုင်ရာဇဝင် လင်္ကာချောင်းဟု အမည်တပ်ထား၏။ ရခိုင်ရာဇဝင်လင်္ကာပေမူမှာ တက္ကသိုလ်များဗဟိုစာကြည့်တိုက်တွင်ရှိပြီး တိုက်ပိုင်အမှတ် ၁၁၄၇၇၈ ဖြစ်သည်။

ရခိုင်ရာဇဝင်လင်္ကာသည် လေးလုံးစပ်လင်္ကာပုံစံဖြင့် ရေးဖွဲ့ထားပြီး စာပိုဒ်ရေ ၁၃၃ ပိုဒ်ရှိ၏။ ရခိုင်ရာဇဝင်လင်္ကာပထမပိုဒ်သည် အဒူမင်းညိုရေး ရခိုင်မင်းသမီး ချောင်းပထမပိုဒ်နှင့် တစ်ပုံစံတည်း တူညီသည်။ သို့သော် နောက်ပိုဒ်များတွင်ကား လုံးဝမတူညီပေ။ ရခိုင်ရာဇဝင်လင်္ကာသည် လောကတည်ဟန်၊ ပျက်ဟန်မှအစပြု၍ မြောက်ဦးမြို့ကို မြန်မာနှင့်ကုလားတို့ဖျက်၍ ပျက်သည်ထိ ရေးဖွဲ့ထားသည်။ ဘိုးတော်ဗဒုံမင်းသိမ်းယူသည်နှင့် အင်္ဂလိပ်တို့ လက်အောက်ကျရောက်သည်ထိ ရေးဖွဲ့ထားသည်ဟုဆိုနိုင်သည်။

ရခိုင်ရာဇဝင်လင်္ကာကို မည်သူရေးခဲ့မှန်းမသိရပေ။ နိဒါန်း၊ နိဂုံးတို့တွင်လည်း ရေးသားသူအမည် မတွေ့ရပေ။ ရခိုင်ရာဇဝင်လင်္ကာနှင့်စပ်လျဉ်း၍ ခွဲခြားမှတ်သားသင့်သည့်အချက်တို့ကို ထုတ်ပြပါဦးမည်။ ရခိုင်ရာဇဝင်လင်္ကာသည် ပိုဒ်ရေ ၁၃၃ ပိုဒ်ရှိသော်လည်း ပိုဒ်ရေ ၁၂၉ အဆုံးတွင် "ရက္ခပူရ၊ ရဋ္ဌရာဇဝသံနိဋ္ဌိတံ။ ရက္ခပူရ- ရက္ခိုင်ရာဇဝင်သည်၊ နိဋ္ဌိတံ၊ ပြီးပြည့်စုံ၏"ဟူ၍ ဖော်ပြထားသည်။ ထို့ကြောင့် ရာဇဝင်လင်္ကာသည် ပိုဒ်ရေ ၁၂၉ တွင်သာ ဆုံးသည်ဟုဆိုရပေမည်။ ပိုဒ်ရေ ၁၃၀ မှ ၁၃၃ ထိသည် နောက်ပညာရှိတစ်ဦးက ထပ်မံဖြည့်ထားဖွယ်ရာရှိသည်။

ပိုဒ်ရေ ၁၃၃ တွင် ကျမ်းပြီးနှစ်ပါရှိပြီး ထိုကျမ်းပြီးနှစ်အရ သက္ကရာဇ် ၁၂၀၅ ခု နယုန်လဆန်း ၆ ရက်တွင် (၁၈၄၃ ခုနှစ် ဇွန် ၃ရက်) ရခိုင်ရာဇဝင်ကို ရေးသားပြီးစီးကြောင်း သိရသည်။ ထို့ကြောင့် ပညာရှင်များက ရခိုင်ရာဇဝင်လင်္ကာကို ပိုဒ်ရေ ၁ မှ ပိုဒ်ရေ ၁၂၉ ထိသည် ရခိုင်ကို မြန်မာက သိမ်းယူပြီးစအချိန်တွင် ရေးသားခဲ့ခြင်းဖြစ်ပြီး ပိုဒ်ရေ ၁၃၀ မှ ၁၃၃ထိသည် အင်္ဂလိပ်လက်အောက်သို့ ရခိုင်ပြည်နယ်ကျရောက်ပြီးမှ တစ်ဦးဦးက ဖြည့်စွက်ခဲ့သည်ဟု ယူဆသုံးသပ်ခဲ့ကြသည်။

**တောင်တွင်းကြီးသမိုင်း**

တောင်တွင်းကြီးသမိုင်းကို မြေလတ်စစ်ကဲကြီး မင်းလှသီရိသင်္ချာ ပြုစုခဲ့ခြင်းဖြစ်သည်။ ကျမ်းပြီးနှစ်ကိုမသိရပေ။ တောင်တွင်းကြီးသမိုင်းကျမ်းပြုသူ၏ ပဋိညာဉ်နိဒါန်းအရ မြေလတ်စစ်ကဲကြီးမင်းလှသီရိသင်္ချာသည် မင်းတုန်းမင်းလက်ထက်၌-

၁။ တောင်တွင်းကြီးမြို့ နွားလှသွေးသောက်ကြီး

၂။ မြို့မသွေးသောက်ကြီး

၃။ ဆပ်သွားသွေးသောက်ကြီး

၄။ အတွင်းခုံ သုံးကျိပ်နှစ်ယောက်နှင့် နံ့သာနန်းတော်တွင် ဝင်ထွက်ခစားရ

၅။ နေမျိုးသီရိရာဇာဘွဲ့ဖြင့် တရားစာရေး၊ တရားသူကောင်း

၆။ နေမျိုးမင်းလှသင်္ချာဘွဲ့ဖြင့် မြေလတ်စစ်ကဲတော်အရာ ရာထူးများရရှိခဲ့သည်။

မြေလတ်စစ်ကဲကြီး၏အမည်မှာ ဦးဖေဖြစ်ပြီး ၁၁၉၃ ခုနှစ်တွင် တောင်တွင်းကြီးမြို့၌ မွေးဖွားခဲ့သည်။ အသက်၂၈ အရွယ်တွင် မင်းမှုထမ်းခဲ့ပြီး ၅၃ နှစ်အရွယ်တွင် မင်းမှုထမ်းဘဝမှ အနားယူကာ တောင်တွင်းကြီးမြို့၌ ပြန်၍နေထိုင်ခဲ့သည်။ တောင်တွင်းကြီးမြို့၌ နေထိုင်စဉ် တောင်တွင်းကြီးသမိုင်းကျမ်းကို ရေးသားပြုစုခဲ့သည်ဟု ယူဆရသည်။

တောင်တွင်းကြီးသမိုင်းပေမူကို ဆရာကြီး ဦးစိုးလှိုင် တည်းဖြတ်၍ ၁၉၆၃ ခုနှစ် အောက်တိုဘာလတွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။ ဆရာကြီးဦးစိုးလှိုင်၏ တောင်တွင်းကြီးသမိုင်းစာအုပ်မထွက်မီ ၁၈၂၇ ခုနှစ်က တောင်တွင်းကြီးသမိုင်းဟူသောအမည်ဖြင့် စာအုပ်တစ်အုပ်ထွက်ခဲ့ဖူးသည်။ ဆရာတော် ဦးဉာဏရေးသားပြုစုထုတ်ဝေခဲ့ခြင်းဖြစ်သည်။ ဆရာတော် ဦးဉာဏ ရေးသားထုတ်ဝေခဲ့သော တောင်တွင်းကြီးသမိုင်းသည် မြေလတ်စစ်ကဲကြီးမင်းလှသီရိသင်္ချာ၏ တောင်တွင်းကြီးသမိုင်းပေမူကို အနည်းငယ်တည်းဖြတ်ပြင်ဆင်၍ ထုတ်ဝေခြင်းသာဖြစ်သည်။ ဆရာတော်ဦးဉာဏသည် ထိုစာအုပ်ကိုပင် အနည်းငယ်ထပ်မံဖြည့်စွက်ပြင်ဆင်၍ တောင်တွင်းကြီးရာဇဝင်သစ်ဟူသောအမည်ဖြင့် ၁၂၉၈ ခုနှစ်တွင် ပြန်လည်ပုံနှိပ်ထုတ်ဝေခဲ့ပြန်ပါသည်။ မြန်မာယူနီယံစာပုံနှိပ်တိုက်က ပုံနှိပ်ခဲ့ခြင်းဖြစ်သည်။ ဆရာကြီးဦးစိုးလှိုင်သည် တောင်တွင်းကြီးသမိုင်းပေမူကို ဆရာတော်ဦးဉာဏကဲ့သို့ ဖြည့်စွက်ပြင်ဆင်ခြင်းမပြုဘဲ ပေမူအရှိအတိုင်း ရိုက်နှိပ်ခဲ့ခြင်းသာဖြစ်သည်။ ဆရာကြီးဦးစိုးလှိုင်ရိုက်နှိပ်ထုတ်ဝေခဲ့သော စာအုပ်ပင် ယခုအခါ အတော်ရှားနေပြီဖြစ်သည်။ အဟောင်းဆိုင်တို့တွင် မိတ္တူကူးရောင်းနေကြသည်ကိုသာ တွေ့ရသည်။

မြေလတ်စစ်ကဲကြီး မင်းလှသီရိသင်္ချာသည် တောင်တွင်းကြီးသမိုင်းကို အခန်းခုနစ်ခန်းခွဲ၍ ရေးခဲ့သည်။ ပထမခန်းတွင် သာဂရမင်းက ပုဏ္ဏဝတီပြည် ဇေယျာဝဗဏတိုင်း သမိုင်းလာနန်းစိုက်ပုံ၊ သတိုးပြောင်မင်း သေရည်သောက်စား၍ တောင်တွင်းကြီးမြို့ ပျက်စီးပုံအကြောင်းပါရှိသည်။ ဒုတိယခန်းတွင် ပန်ထွာမင်းသမီးအကြောင်း၊ ဗိဿနိုးမြို့အကြောင်း၊ ဒွတ္တဘောင်မင်းအကြောင်း စသည်ဖြင့်ပါရှိသည်။ တတိယခန်းတွင် ရွှေအင်းတောင်စေတီအကြောင်း၊ အတွင်းမြို့တော်တည်သည့်အကြောင်း၊ နန်းတော်ရာပန္နက်ချပုံများပါရှိသည်။

စတုတ္ထအခန်းတွင် ဝန်တော်ကဲ၏သား သီရိဇေယျသူရက မြို့သစ်တည်ကာ စိုးစံသည့်အကြောင်း၊ ဇေယျသူလက်ထက် မြို့ပျက်သည့်အကြောင်းများပါရှိသည်။ ပဉ္စမခန်းတွင် ပွင့်လှဦးနှင့် စောပုလဲတို့သား သီဟပတေ့က တောင်တွင်းကြီး မြို့သစ်တည်သည့်အကြောင်း၊ သီဟပတေ့ အဖမ်းခံရသည့်အကြောင်း၊ ပုဂံဘုရင်ကျော်စွာမင်းက သီဟပတေ့ကို မဟာသက်တော်ရှည် သီဟပတေ့ဘွဲ့ပေးကြောင်း၊ အင်းဝဘုရင်မင်းကြီးစွာစော်ကဲ တောင်တွင်းကြီးမြို့ကို သိမ်းပိုက်ပုံအကြောင်းများပါရှိသည်။

ဆဋ္ဌမခန်းတွင် ဒုတိယမင်းခေါင်လက်ထက် တောင်တွင်းကြီးမြို့၌ ဇေယျကျော်ထင်ကိုနန်းစံစေပုံ၊ ပေလေးပင်ရှင်လေးပါးပေါ်ပုံ၊ ဇေယျကျော်ထင် နတ်ရွာစံသောအခါ သားတော် မင်းရွှေတိုးသီဟသူဘွဲ့ဖြင့် ထီးနန်းဆက်ခံပုံ၊ နောက်သီဟသူစောနှောင်း၊ စည်သူကျော်တို့ ထီးနန်းဆက်ခံပုံများပါရှိသည်။ သတ္တမခန်းတွင် ရွှေအင်းတောင်ဘုရားသမိုင်းတို့ ပါဝင်သည်။

**ပေါက္ကံရာဇဝင်ပါဠိ**

ပေါက္ကံရာဇဝင်ပါဠိကို ရေးသားပြုစုခဲ့သူမှာ အရှင်ဝဇီရဗုဒ္ဓိဖြစ်သည်။ ပါဠိဘာသာဖြင့်ရေးသားထားသောကျမ်းတစ်စောင်ဖြစ်သည်။ ပေါက္ကံရာဇဝင်ပါဠိကျမ်းကို မည်သည့်ခုနှစ်တွင် ရေးသားပြုစုခဲ့သည်ကို တိတိကျကျမသိရပေ။ ပညာရှင်များက ပုဂံခေတ်နှောင်းကာလတွင် ရေးသားခဲ့သောကျမ်းဖြစ်နိုင်သည်ဟု မှန်းဆကြသည်။ ဆရာကြီးဦးမြင့်ဆွေက ၁၅ ရာစုကပေါ်ထွက်ခဲ့သော ရာဇဝင်ကျမ်းစာရင်းတွင် ပေါက္ကံရာဇဝင်ပါဠိကို ထည့်သွင်းဖော်ပြထား၏။ ဆရာကြီးအလိုအရ ပေါက္ကံရာဝင်ပါဠိသည် ရာဇဝင်ကျော်ထက်ပင် စောသည်ဟုဆိုရပေမည်။

ပေါက္ကံရာဇဝင်ပါဠိသည် ပုံနှိပ်မူဖြင့်မရှိသေးပေ။ ပေမူမှတစ်ဆင့်ကူးယူထားသည့် လက်ရေးမူသာ အမျိုးသားစာကြည့်တိုက်၌ရှိသည်။ ထိုလက်ရေးမူမှာ ရှိုင်ရယ်ဆိုဒ်ဖြစ်ပြီး စာမျက်နှာတစ်မျက်နှာလျှင် စာကြောင်းရေ ၂၂ ကြောင်းပါရှိသည်။ စာမျက်နှာ ၁၁၃ မျက်နှာရှိသည်။ ပေါက္ကံရာဇဝင်ပါဠိသည် အခန်း ငါးခန်းခွဲခြား၍ ပြုစုထားသည်။ အခန်းတစ်ခန်းပြီးတိုင်း "တတိယော ကဏ္ဍာနိဋ္ဌိတော၊ စတုတ္ထော ကဏ္ဍာနိဋ္ဌိတော၊ ပဉ္စမော ကဏ္ဍာနိဋ္ဌိတော"ဟူ၍ပါရှိသည်။ ပေါက္ကံရာဇဝင်ပါဠိတွင် ဖော်ပြထားသော သမိုင်းအချက်အလက်တချို့သည် မှန်နန်းမဟာရာဇဝင်တော်ကြီးနှင့်ဆင်တူသည်။ ထိုသို့တူညီသည့်အချက်များကို ဆိုပါဦးမည်။

မထီးတုမ သမ္ဘူလသည် သားငယ်ကိုလက်ကဆွဲ၍ နန်းတွင်းသို့လိုက်လာသည်။ ထိုအခါ ကျန်စစ်သားမင်းသည် သမ္ဘူလကိုဦးဆောက်ပန်းဘွဲ့ဖြင့် သားတော်ကို ဇေယျခေတ္တရာဘွဲ့ဖြင့် ညေဝတီနှင့် တောင်စဉ်ခုနစ်ခရိုင်ကို ပေးအပ်ခဲ့သည်။ ထိုအကြောင်းကို ပေါက္ကံရာဇဝင်ပါဠိ၌ "ပုတ္တေယုအဂ္ဂန္တိဝတ္ထာတသ္မိံ သမ္ဘူလကုမရိစ ဦးဆောင်းပန်းနာမေန ဒေဝီယဋ္ဌာနေဋ္ဌ ပေတွာပဂ္ဂဏှာတိ။ ပုတ္တမ္ပိ သရေခေတ္တရာနာမမေန ပဂ္ဂဏှိတွာ တောင်စဉ်ခုနစ်ခရိုင် ဌာနေနသဟ ညေဝတီနာဂရံ ဒတွာ သေတဆတ္တိကရာဇာဘာဝံကာ ရေသိ"ဟူ၍ ဖော်ပြထား၏။

နရသူမင်းကို ပဋိက္ခရားမင်း၏ သူရဲကောင်းရှစ်ဦးက လာရောက်လုပ်ကြံသဖြင့် ကုလားကျမင်းဟုတွင်ခဲ့သည်။ ထိုအကြောင်းကို ပေါက္ကံရာဇဝင်ပါဠိကျမ်း၌ "တသ္မိံ ခဏော အဋ္ဌကုလာယောဓာပိ အတ္တနံ သတ္တေနဝိဇ္ဈိတွာ မရဏံ ပါပေယျုံ။ တံကရကံ ပနိစ္စနရသူရာဇာ နံ ကုလားကျရာဇာတိသမ္မန္နတိ ဝေါဟာရိယန္တိ" ဟုဖော်ပြထားသည်။

စာမျက်နှာ ၅ သို့ á

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင်ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရူးသွပ်ခြင်း ရောဂါနဲ့ အယ်ဇိုင်းမားရောဂါ တို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျှော့ချပေးနိုင်ပါတယ်။

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲဧက ၁၄၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ပွင့်ဖြူ နိုဝင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲဧက ၁၄၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ကုလားပဲ ၅၂၀၅၁ ဧက စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလ တတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၁၄၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရန်နှင့် တောင်သူများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ကုလားပဲ ၅၂၀၅၁ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၄၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ကုလားပဲစိုက်ပျိုးတာနဲ့ပတ်သက်ပြီး အောင်မြင်ဖြစ်ထွန်းစေဖို့၊ အထွက်နှုန်းတွေ တိုးတက်စေဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်အောင်၊ GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ စိုက်ပျိုးရေးသွင်းအားစုတွေ စနစ်တကျသုံးစွဲနိုင်အောင် တောင်သူတွေနဲ့ ပူးပေါင်း ဆောင်ရွက်ပေးနေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများက ဒေသနှင့် ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း(၈)၊ ရေဆင်း(၁၁) ကုလားပဲမျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် ကုလားပဲများ အောင်မြင်ဖြစ်ထွန်းစေရန်နှင့် အရည်အသွေးကောင်းသီးနှံများ ထွက်ရှိစေရေးအတွက် လိုအပ်သည့်စိုက်ပျိုးရေးနည်းစနစ်များ၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး စသည့်အသိပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ဆန္ဒတွေပြည့်ဝဖို့ မဲပေးကြပါစို့

- ယုံကြည်ရာ စိတ်တစ်ခုနဲ့
ပေးပြုခဲ့ သင်ကိုယ်တိုင်၊
ရွှေရောင်ခြည် အနာဂတ်
ဖွင့်လှပ် တူပြိုင်၊
ကောင်းခြင်းပြည့် ပြည်မဏ္ဍိုင်
ရနံ့လှိုင်လှိုင် ပိုသာအရေး၊
အခြေစိုက်တည် မဲရုံခန်း
လှမ်းကြစို့လေး။

- တာဝန်မှာ သမိုင်းပေးမို့
ရိုင်းအတွေး မဝင်စေချင်၊
စိတ်အားသန် ရှိသည့်ဘက်
မဲကွက် စီရင်၊
ပုံဖော်မှ ရုပ်လုံးထင်
စိတ်တူလျှင် အောင်နိုင်မြဲ၊
လွတ်လပ်စွာ စီမံခွင့်နဲ့
ဝင့်ထည်သည့် ပွဲ။

- တစ်ဦးချင်းဆီ ဆန္ဒမဲ
တန်ဖိုးလည်း ဖြတ်မရပေ၊
ပြီးပြည့်စုံ ဂုဏ်အလင်းနဲ့
ကောင်းခြင်းစုံနေ၊
ပြည်တစ်ဝန်း စိတ်အသချေ
မှန်ကန်စေ မဲပေးမှု၊
သည်အမျိုးအောင်ဖို့
အကြည်မိုးရောင် အဆင်းကြားက
ပြည်ကျိုးဆောင် မင်းတစ်ပါးကိုတော့
(မဖြစ်မနေ..)
မြှောက်စားခြင်း ပြု။ ။

**ချမ်းမြေ့(ဇလွန်မြေ)**

# မင်းဘူးမြို့နယ် ချောင်းကောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး နိုဝင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချောင်းကောက်ကျေးရွာ၌ ၁၁ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုတက်ရေး ဦးစီးဌာန စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းအကြောင်းအရာများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် ၅၀၅ ဒသမ ၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ချောင်းကောက်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၅ ဦးကို ငွေကျပ် ၁၃၆ ဒသမ ၅ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၂၂ ဦးကို ငွေကျပ် ၃၁၆ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၄၄ သိန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သူ သုံးဦးကို ငွေကျပ်ကိုးသိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၈၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၀၅ ဒသမ ၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဇင်မာ**

á **စာမျက်နှာ ၄ မှအဆက်**

နရသီဟပတေ့မင်းလက်ထက် ကူဗလိုင်ခန်၏ မွန်ဂိုစစ်သည်များလာရောက်တိုက်ခိုက်သဖြင့် နရသီဟပတေ့မင်းသည် ထွက်ပြေးတိမ်းရှောင်ခဲ့သည်။ ထို့ကြောင့် တရုတ်ပြေးမင်းဟုတွင်ခဲ့သည်။ ထိုအကြောင်းကို ပေါက္ကံရာဇဝင်ပါဠိ၌ "သက္ကရာ ဆသာတာလီသဆ ဝသာကလေန နရသီဟပတေ့ရာဇာ ဥဒည်သွာရ ညောသေသာနိ ဘာယိတွာ ပဏာယိကတ္တာ တံကာရ ကံ ပနိစ္စတံ ရာဇနံ တရုတ်ပြေးရာဇတိသဗ္ဗေဇနာ ဝေါဟာရိယန္တိ"ဟုခေါ်ပြထားသည်။

ပေါက္ကံရာဇဝင်ပါဠိကို ရေးသားပြုစုခဲ့သော အရှင်ဝဇီရဗုဒ္ဓိ၏ အတ္ထုပ္ပတ္တိကို မသိရပေ။ အမျိုးသားစာကြည်တိုက်ရှိ ပေါက္ကံရာဇဝင်ပါဠိလက်ရေးမူတွင်လည်း "ရှင်ဝဇီရရေးသောစာ"ဟူ၍သာ ရေးမှတ်ထားသည်။

ပေါက္ကံရာဇဝင်ပါဠိသည် ပါဠိဘာသာဖြင့် ရေးသားထားသောကျမ်းတစ်စောင်ဖြစ်သဖြင့် ပါဠိဘာသာမတတ်သူများလေ့လာရန် မလွယ်ကူပါ။ ထို့ပြင် ပုံနှိပ်မူဖြင့်မရှိသေးသဖြင့် ပါဠိဘာသာတတ်သူများသည်ပင်လျှင် အလွယ်တကူလေ့လာရန် မလွယ်ကူဖြစ်နေပါသည်။ ပါဠိဘာသာတတ်သူများအနေဖြင့် အမျိုးသားစာကြည့်တိုက်၌ရှိသော ပေါက္ကံရာဇဝင်ပါဠိလက်ရေးမူကို ကူးယူပြီး မြန်မာဘာသာပြန်၍ ဖော်ပြမည်ဆိုလျှင် ` သုတေသီတို့အတွက် များစွာအကျိုးများဖွယ်ရာ ရှိပေသည်။

ယခုရေးသားဖော်ပြခဲ့သည်မှာ လက်ရှိလေ့လာတွေ့ရှိရသမျှ ဒေသဆိုင်ရာ ရာဇဝင်ကျမ်းများဖြစ်သည်။ စာရေးသူ သတိမမူမိသော ရာဇဝင်ကျမ်းများလည်း ရှိနိုင်ပါသည်။ ဒေသဆိုင်ရာ ရာဇဝင်ကျမ်းများကို ဖော်ပြရာတွင် ကိုလိုနီခေတ်တွင် ပေါ်ထွန်းခဲ့သော ရာဇဝင်ကျမ်းများကို ဖော်ပြမထားပါ။ ကိုလိုနီခေတ်တွင်လည်း ဒေသဆိုင်ရာ ရာဇဝင်ကျမ်းများစွာ ပေါ်ထွန်းခဲ့ပါသည်။ သခင်ကိုယ်တော်မှိုင်း၏ မော်လမြိုင်ရာဇဝင်၊ ဦးရွှေနော်၏ မွန်ရာဇဝင်စေတီတော်နှင့် ဘုရားသမိုင်းပေါင်းချုပ်၊ ဆရာမာဃ၏ ပုသိမ်ရာဇဝင်၊ ဆရာစော၏ကရင်ရာဇဝင်၊ ဦးပညာ၏ ကရင်ရာဇဝင် စသည်ဖြင့် များစွာထွက်ပေါ်ခဲ့သည်။ ကုန်းဘောင်ခေတ်ပျက်ဆုံးပြီးနောက်ပိုင်း ပေါ်ထွန်းခဲ့သည့် ဒေသဆိုင်ရာ ရာဇဝင်ကျမ်းများ အကြောင်းကို သီးသန့်ရေးသားဖော်ပြသင့်သဖြင့် ဤတွင်ချန်ထားခဲ့ခြင်းဖြစ်သည်။ ယခုစာရေးသူဖော်ပြခဲ့သည့်စာရင်းတွင် မပါဝင်သော ဒေသဆိုင်ရာ ရာဇဝင်ကျမ်းများ ထပ်မံတွေ့ရှိပါက ဖြည့်စွက်ပေးကြရန်ဖြစ်ပါသည်။

# နိုင်ငံတကာ သတင်းများ

## တရုတ်ဝန်ကြီးချုပ် လီချန်း ဇမ်ဘီယာနိုင်ငံသို့ ရောက်ရှိ

**လူဘာကာ နိုဝင်ဘာ ၁၉**

တရုတ်ဝန်ကြီးချုပ် လီချန်းသည် အာဖရိကနိုင်ငံ တစ်နိုင်ငံဖြစ်သည့် ဇမ်ဘီယာနိုင်ငံသို့ ယနေ့တွင် ရောက်ရှိလာကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါခရီးစဉ်သည် တရုတ်ဝန်ကြီးချုပ်တစ်ဦး၏ ၂၅ နှစ်တာကာလအတွင်း ပထမဆုံး ဇမ်ဘီယာနိုင်ငံခရီးစဉ်ဖြစ်သည်။

ဇမ်ဘီယာနိုင်ငံမှ ထွက်ရှိသည့် သယံဇာတကုန်ကြမ်းများကို အသုံးပြုနိုင်ရန် တရုတ်အစိုးရက လိုလားနေပြီး တရုတ်ပို့ကုန်လုပ်ငန်းရှင်များအတွက် ဈေးကွက်ချဲ့ရန် ဆန္ဒရှိနေချိန်တွင် ဇမ်ဘီယာနိုင်ငံသို့ တရုတ်ဝန်ကြီးချုပ် လီချန်း ရောက်ရှိလာခြင်းဖြစ်သည်။

ဇမ်ဘီယာနိုင်ငံ ခရီးစဉ်အတွင်း တရုတ်ဝန်ကြီးချုပ် လီချန်းသည် ဇမ်ဘီယာနိုင်ငံမှ ခေါင်းဆောင်များနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးကိစ္စများနှင့် ကုန်သွယ်ရေးကိစ္စများ ဆွေးနွေးမည်ဖြစ်သည်။

တရုတ်နိုင်ငံသည် ဇမ်ဘီယာနိုင်ငံ၏ အကြီးမားဆုံး တရားဝင်မြီရှင်နိုင်ငံဖြစ်ပြီး ဇမ်ဘီယာနိုင်ငံသို့ ချေးငွေ အမေရိကန်ဒေါ်လာ ၅ ဒသမ ၇ ဘီလီယံထိ ထုတ်ပေးထားသည်။

တရုတ်နိုင်ငံကဲ့သို့ပင် ဥရောပနှင့် အမေရိကန်နိုင်ငံတို့ကလည်း ကြေးနီသယံဇာတ ကြွယ်ဝသည့် ဇမ်ဘီယာနိုင်ငံအပေါ် ဩဇာညောင်းနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## တရုတ်နိုင်ငံက ဂျပန်နိုင်ငံမှ ပင်လယ်စာ ဝယ်ယူတင်သွင်းမှုအားလုံးကို ပိတ်ပင်ရန် စီစဉ်

**တိုကျို နိုဝင်ဘာ ၁၉**

ဂျပန်ပင်လယ်စာထုတ်ကုန်များ တင်သွင်းမှုအားလုံးကို ပိတ်ပင်ရန် တရုတ်နိုင်ငံက စီစဉ်ထားကြောင်း ဂျပန်ပြည်တွင်း မီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်ဟု RT သတင်းဌာနက ဖော်ပြခဲ့သည်။

နှစ်နိုင်ငံကြား သံတမန်ဆက်ဆံရေးတင်းမာနေချိန်တွင် တရုတ်နိုင်ငံက ဂျပန်ပင်လယ်စာများ ဝယ်ယူတင်သွင်းမှုအားလုံးကို ပိတ်ပင်ရန် စီစဉ်ထားခြင်းဖြစ်သည်။

တရုတ်(တိုင်ပေ)ကို တရုတ်နိုင်ငံက စစ်ရေးအရ တိုက်ခိုက်ခဲ့ပါက ဂျပန်နိုင်ငံအနေဖြင့်လည်း စစ်ရေးအရ ကြားဝင်ရနိုင်ကြောင်း ဂျပန်ဝန်ကြီးချုပ် တာကာအီချီက နိုဝင်ဘာ ၇ ရက်တွင် လွှတ်တော်၌ ပြောကြားခဲ့ရာ တရုတ်နှင့်ဂျပန် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး စတင် တင်းမာခဲ့ရကြောင်း သိရသည်။

ဂျပန်မီဒီယာများ၏ အဆိုအရ ဂျပန်ပင်လယ်စာများ ဝယ်ယူတင်သွင်းမှုအားလုံး ပိတ်ပင်မည့် အစီအစဉ်ကို တရုတ်အစိုးရက ဂျပန်အစိုးရကို အသိပေးထားကြောင်း သိရသည်။

တရုတ်(တိုင်ပေ) ကိစ္စနှင့်ပတ်သက်၍ နှစ်နိုင်ငံဆက်ဆံရေး တင်းမာနေချိန်တွင် ဂျပန်နိုင်ငံခရီးစဉ်များကို ရှောင်ရှားကြရန်လည်း တရုတ်အစိုးရက ၎င်း၏ နိုင်ငံသားများကို တိုက်တွန်းထားသည်။

တရုတ်နိုင်ငံသည် ဂျပန်နိုင်ငံ၏ ပင်လယ်စာ ထုတ်ကုန်များကို အများဆုံး ဝယ်ယူတင်သွင်းနေသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO



## အခွန်အကောက်မြှင့်တင်ရေးဥပဒေကြမ်း ရုရှားအောက်လွှတ်တော်အတည်ပြု



**မော်စကို နိုဝင်ဘာ ၁၉**

အခွန်အကောက် မြှင့်တင်ကောက်ခံရေး ဥပဒေကြမ်းကို ရုရှား လွှတ်တော်အမတ်များက နိုဝင်ဘာ ၁၈ ရက်တွင် မဲခွဲအတည်ပြုခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ယူကရိန်းနိုင်ငံနှင့် လေးနှစ်ကြာ ပဋိပက္ခဖြစ်ပွားနေချိန်တွင် စီးပွားရေးမြှင့်တင်ရေးအတွက် ဝင်ငွေအရင်းအမြစ်သစ်များကို ရုရှားအစိုးရကရှာဖွေနေချိန်တွင် အဆိုပါ ဥပဒေကြမ်းကို ရုရှားလွှတ်တော်အမတ်များက အတည်ပြုခဲ့ခြင်း ဖြစ်သည်။

ထပ်ဆောင်းတန်ဖိုးမြှင့်တင်ထားသောအခွန်နှုန်းကို ၂၀ ရာခိုင်နှုန်းမှ ၂၂ ရာခိုင်နှုန်းထိ မြှင့်တင်ထားသည့် အဆိုပါ ဥပဒေကြမ်းကို ရုရှား အောက်လွှတ်တော် အမတ်များက တညီတညွတ်တည်း အတည်ပြုခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဥပဒေကြမ်းကို ဥပဒေအဖြစ် အတည်ပြုပြဋ္ဌာန်းခဲ့ပါက နိုင်ငံတော်အသုံးစရိတ်၌ ရူဘယ်လ်ငွေ တစ်ထရီယံ (အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၃ ဘီလီယံ)ထိ ထပ်တိုးလာမည်ဖြစ်သည်။

အဆိုပါ ဥပဒေကြမ်းတွင် ထပ်ဆောင်း တန်ဖိုးမြှင့်တင်ထားသည့်အခွန်ကို ကောက်ခံနိုင်သည့် စီးပွားရေးလုပ်ငန်းများ၏ နှစ်စဉ်ရောင်းအား သတ်မှတ်ချက်ကိုလည်း လျှော့ချပေးထားသည်။

ရုရှား အောက်လွှတ်တော်သည် နိုဝင်ဘာ ၁၈ ရက်တွင် ၂၀၂၆ ခုနှစ် အစိုးရအသုံးစရိတ် ဥပဒေမူကြမ်းကိုလည်း အတည်ပြုပေးခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ဂျပန်နိုင်ငံတောင်ပိုင်း အိုအီတာမြို့တွင် မီးလောင်မှုဖြစ်ပွား အနည်းဆုံး လူနေအိမ် ၁၇၀ ပျက်စီးပြီး တစ်ဦးသေဆုံး

**တိုကျို နိုဝင်ဘာ ၁၉**

ဂျပန်နိုင်ငံတောင်ပိုင်း ကျူရှူးကျွန်းပေါ်ရှိ အိုအီတာမြို့တွင် နိုဝင်ဘာ ၁၈ ရက်က မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ခြင်းကြောင့် လူနေအိမ် အလုံး ၁၇၀ မီးလောင်ပျက်စီးပြီး တစ်ဦးသေဆုံးခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အိုအီတာမြို့ ဆာဂါနိုဆေကီခရိုင်၌ ဖြစ်ပွားခဲ့သည့် အဆိုပါ မီးလောင်ကျွမ်းမှုသည် ဂျပန်နိုင်ငံအတွက် နှစ်ပေါင်း ၅၀ အတွင်း အပြင်းထန်ဆုံး လူနေဒေသ မီးလောင်ကျွမ်းမှုဖြစ်သည်။

မီးလောင်ကျွမ်းမှုသည် နိုဝင်ဘာ ၁၈ ရက် ညနေပိုင်းတွင် စတင်ခဲ့ခြင်းဖြစ်ပြီး လေပြင်းထန်မှုကြောင့် အိုအီတာမြို့အနီးရှိ တောအုပ်တစ်ခုကိုပါ မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်ကျွမ်းမှုသည် ဧရိယာစတုရန်းမီတာ ၄၈၉၀၀ ထိ ကူးစက်လောင်ကျွမ်းခဲ့ပြီး မီးသတ်ယာဉ်အများအပြားနှင့် မီးသတ်တပ်ဖွဲ့ဝင်ဦးရေ ၂၀၀ ကျော်တို့က ငြှိမ်းသတ်ခဲ့သော်လည်း မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး နာရီ ၂၀ ကျော်ကြာသည်ထိ မီးကိုထိန်းနိုင်ရန် ခက်ခက်ခဲခဲ ကြိုးပမ်းခဲ့ရသည်။

အိုအီတာမြို့ မီးလောင်မှုသည် ၁၉၇၆ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် ဆာကာတာမြို့ မီးလောင်မှုပြီးလျှင် အပြင်းထန်ဆုံး မြို့ပြနယ်မြေ မီးလောင်မှုဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အိမ်ဖြူတော်ညစာစားပွဲသို့ တက်စလာအကြီးအကဲ အီလွန်မက်စ် တက်ရောက်

**ဝါရှင်တန် နိုဝင်ဘာ ၁၉**

ဝါရှင်တန်မြို့သို့ ရောက်ရှိနေသည့် ဆော်ဒီအာရေဗျ အိမ်ရှေ့မင်းသားဘင်ဆယ်လ်မန်အတွက် သမ္မတဒေါ်နယ်ထရမ့်က နိုဝင်ဘာ ၁၈ ရက်တွင် အိမ်ဖြူတော်၌ တည်ခင်းခဲ့သည့် ညစာစားပွဲသို့ တက်စလာလျှပ်စစ်ကားကုမ္ပဏီ အကြီးအကဲ အီလွန်မက်စ်လည်း တက်ရောက်ခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နိုဝင်ဘာ ၁၈ ရက် အိမ်ဖြူတော် ညစာစားပွဲသို့ အီလွန်မက်စ် တက်ရောက်ခဲ့မှုသည် သမ္မတဒေါ်နယ်ထရမ့်နှင့် ၎င်းတို့အကြား ဆက်ဆံရေးအခြေအနေ ကောင်းမွန်လာသည့်သဘောကို ပြသလျက်ရှိသည်။

ကမ္ဘာ့အချမ်းသာဆုံး လူပုဂ္ဂိုလ်အဖြစ်ရပ်တည်နေသည့် တက်စလာ အကြီးအကဲ အီလွန်မက်စ်သည် ၂၀၂၄ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ဒေါ်နယ်ထရမ့်၏ မဲဆွယ်လှုပ်ရှားမှုများကို ငွေအား၊ လူအားဖြင့် အားပေးထောက်ခံခဲ့သူဖြစ်သည်။

ထို့အတူ သမ္မတရာထူးကို ဒေါ်နယ်ထရမ့် ရယူပြီးနောက်ပိုင်းတွင်လည်း အီလွန်မက်စ်သည် အမေရိကန်အစိုးရ၏ အကြံပေးတစ်ဦးအဖြစ် တာဝန်ယူခဲ့ဖူးသည်။

သို့ရာတွင် သမ္မတဒေါ်နယ်ထရမ့်၏ အခွန်မူဝါဒနှင့် အစိုးရအသုံးစရိတ်မူဝါဒများကို အီလွန်မက်စ်က လူမှုမီဒီယာစာမျက်နှာတွင် ဝေဖန်ခဲ့ပြီးနောက် ၎င်းတို့နှစ်ဦးအကြား ဆက်ဆံရေး ပျက်ပြားခဲ့ရကြောင်း သိရသည်။


သမ္မတ ဒေါ်နယ်ထရမ့်နှင့် အီလွန်မက်စ်တို့သည် ယခုနှစ် စက်တင်ဘာလအတွင်း ကွန်ဆာဗေးတစ် တက်ကြွလှုပ်ရှားသူ ချာလီကာ့ခ် စျာပနအခမ်းအနား၌ နောက်ဆုံးတစ်ကြိမ် တွေ့ဆုံခဲ့ပြီး လက်ဆွဲ နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## 31/ATLAS ကြယ်တံခွန်မှပေါ်ထွက်လာသော ရေဒီယိုအချက်ပြလှိုင်းတစ်လှိုင်းကို သိပ္ပံပညာရှင်များ ဖမ်းယူနိုင်ခဲ့



**ဝါရှင်တန် နိုဝင်ဘာ ၁၉**

31/ATLAS ကြယ်တံခွန်မှပေါ်ထွက်လာသော ရေဒီယိုအချက်ပြလှိုင်းတစ်လှိုင်းကို အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ဖမ်းယူနိုင်ခဲ့ကြောင်း နိုဝင်ဘာ ၁၈ ရက်သတင်းများအရ သိရသည်။

အဆိုပါ ရေဒီယိုအချက်ပြလှိုင်းသည် 31/ATLAS ကြယ်တံခွန် ပတ်ပတ်လည်ရှိ ဟိုက်ဒရိုဆီးရေဒီကယ် ခေါ် မော်လီကျူးများကြောင့် ပေါ်ထွက်လာခြင်းဖြစ်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါရေဒီယိုအချက်ပြလှိုင်းကို အမေရိကန်သိပ္ပံပညာရှင်များက တောင်အာဖရိကနိုင်ငံ အခြေစိုက် မီရာကတ်ရေဒီယိုတယ်လီစကုပ်ဖြင့် ဖမ်းယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

31/ATLAS ကြယ်တံခွန်၏ ပတ်ပတ်လည်ရှိ ဟိုက်ဒရိုဆီးရေဒီကယ်မော်လီကျူးများကို လေ့လာချက်အရ ၎င်းကြယ်တံခွန်၏မျက်နှာပြင်အပူချိန်သည် အနုတ် ၄၅ ဒီဂရီဖယ်ရင်ဟိုက်ထိရှိပြီး ကြယ်တံခွန်၏အရွယ်အစားမှာ အချင်း ခြောက်မိုင်ထိရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

31/ATLAS ကြယ်တံခွန်သည် နေအဖွဲ့အစည်းအတွင်းသို့ ဝင်ရောက်လာသည့် တတိယမြောက် ကြယ်တာရာဟင်းလင်းပြင်ဖြတ် အာကာသဒြပ်ထုဖြစ်ကြောင်း သိရသည်။

အဆိုပါ ကြယ်တံခွန်သည် ကမ္ဘာမြေကို ယခုနှစ် ဒီဇင်ဘာ ၁၉ ရက်တွင် အနီးဆုံးမှတ်မှ ဖြတ်ကျော် ပျံသန်းမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## စန်တီနယ်-၆ ဘီ သမုဒ္ဒရာလေ့လာရေးဂြိုဟ်တုကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် စပေ့အိတ်ကုမ္ပဏီ လွှတ်တင်

**ဝါရှင်တန် နိုဝင်ဘာ ၁၉**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် စန်တီနယ်-၆ ဘီ အမည်ရှိ သမုဒ္ဒရာလေ့လာရေးဂြိုဟ်တုကို နိုဝင်ဘာ ၁၈ ရက်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ကြောင်း သိရသည်။



စန်တီနယ်-၆ ဘီ ဂြိုဟ်တုကို သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၅၇ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် စန်တီနယ်-၆ ဘီ ဂြိုဟ်တုကို ယာယီပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

အလေးချိန် ကီလိုဂရမ် ၁၄၄၀ ရှိသည့် စန်တီနယ်-၆ ဘီ ဂြိုဟ်တုသည် ယာယီပတ်လမ်းမှတစ်ဆင့် ကမ္ဘာမြေပြင်အထက် အမြင့်မိုင် ၈၃၀ တွင်ရှိသော ပတ်လမ်းပေါ်သို့ ဆက်လက်တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

စန်တီနယ်-၆ ဘီ ဂြိုဟ်တုသည် ဥရောပသမဂ္ဂ၏ ကိုပါးနီးကပ်စ် မြေကမ္ဘာလေ့လာရေးအစီအစဉ်၌ အကျုံးဝင်သောဂြိုဟ်တုဖြစ်ကြောင်း သိရသည်။

စန်တီနယ်-၆ ဘီ ဂြိုဟ်တုသည် ကမ္ဘာ့သမုဒ္ဒရာရေပြင်များကို မြေပုံရေးထုတ်ပေးမည်ဖြစ်သည်ဟု ဥရောပအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## ချန်အာ-၆ လဆင်းယာဉ်ကရယူပေးထားသည့် လကမ္ဘာမြေဆီလွှာနမူနာများထဲတွင် အလွန်သေးငယ်သည့် သံချေးမှုန်များပါဝင်နေ

**ပေကျင်း နိုဝင်ဘာ ၁၉**

တရုတ်အမျိုးသားအာကာသအေဂျင်စီ၏ ချန်အာ-၆ လဆင်းယာဉ်က ရယူပေးထားသည့် လကမ္ဘာမြေဆီလွှာ နမူနာများထဲတွင် အလွန်သေးငယ်သည့် သံချေးမှုန်များ ပါဝင်နေကြောင်း တရုတ်နိုင်ငံ ရှန်တုန်းတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ နိုဝင်ဘာ ၁၈ ရက် သတင်းများတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံ ရှန်တုန်းတက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် ချန်အာ-၆ လဆင်းယာဉ်က ရယူပေးထားသည့် လကမ္ဘာမြေဆီလွှာများကို အသေးစိတ် လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ချန်အာ-၆ လဆင်းယာဉ်က ရယူပေးထားသည့် လကမ္ဘာမြေဆီလွှာထဲတွင် Hematite နှင့် Maghemite အမည်ရှိ အိုင်းယွန်းအောက်ဆိုက်ပုံဆောင်ခဲများ ပါဝင်နေကြောင်း တရုတ် သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ Hematite နှင့် Maghemite အိုင်းယွန်းအောက်ဆိုက်ပုံဆောင်ခဲများ၏ အရွယ်အစားမှာ မိုက်ခရိုမီတာအဆင့်တွင်ရှိကြောင်း တရုတ်သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

ခြောက်သွေ့၍ ဓာတုတုံ့ပြန်မှုနှုန်းနိမ့်ပါးသည့် ပတ်ဝန်းကျင်အခြေအနေမျိုးကြောင့် လကမ္ဘာပေါ်၌ အိုင်းယွန်းအောက်ဆိုက်ဓာတုဒြပ်ပေါင်းများမရှိနိုင်ကြောင်း ရှေးယခင်က ယူဆခဲ့ကြသည်။

ချန်အာ-၆ လဆင်းယာဉ်သည် ၂၀၂၄ ခုနှစ်တွင် လကမ္ဘာအခြားဘက်ခြမ်း၌ ဆင်းသက်၍ လမျက်နှာပြင် မြေဆီလွှာနမူနာများကို ရယူနိုင်ခဲ့ပြီး ကမ္ဘာမြေဆီသို့ ပြန်လည် ပို့ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## ကိုယ်ဝန်ဆောင်များ ပါရာစီတမောသောက်သုံးမှုနှင့် မွေးဖွားလာသည့် ကလေးများ၌ အော်တစ်ဇင်ဖြစ်နိုင်ခြေတို့ကြား ဆက်စပ်မှုမရှိ

**လန်ဒန် နိုဝင်ဘာ ၁၉**

ကိုယ်ဝန်ဆောင်မိခင်လောင်းများ ပါရာစီတမောသောက်သုံးမှုနှင့် မွေးဖွားလာသည့် ကလေးများ၌ အော်တစ်ဇင်ရောဂါဖြစ်ပွားနိုင်ခြေတို့ကြား သိသာထင်ရှားသည့် ဆက်စပ်မှုမရှိကြောင်း သုတေသနပညာရှင်များက နိုဝင်ဘာ ၁၈ ရက်တွင် ပြောကြားသည်။

ပါရာစီတမောသည် မိခင်လောင်းများ ဦးစားပေးသုံးစွဲရမည့် အကိုက်အခဲ ပျောက်ဆေးအဖြစ် ဆေးပညာရှင်များက သတ်မှတ်ထားပြီး ကိုယ်ဝန်ဆောင်မိခင်လောင်း သန်းပေါင်းများစွာတို့ သုံးစွဲနေသောဆေးဖြစ်သည်။

ဗြိတိန်နိုင်ငံမှ သုတေသနပညာရှင်များသည် ပါရာစီတမောဆေးနှင့် မိခင်လောင်းများအပေါ် အကျိုးသက်ရောက်မှုတို့ကို လေ့လာထားသည့် လေ့လာချက်ပေါင်းကိုးခုတို့မှရရှိသည့် သတင်းအချက်အလက်များကို ပြန်လည်စိစစ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ မိခင်လောင်းများ ပါရာစီတမောသောက်သုံးမှုနှင့် မွေးဖွားလာသည့်ကလေးများ အော်တစ်ဇင် ဖြစ်ပွားမှုတို့ကြား ဆက်စပ်မှုမရှိသည်ကို တွေ့ရကြောင်း သိရသည်။

မိခင်လောင်းများ ပါရာစီတမောသောက်သုံးမှုနှင့် ကလေးများကြား အော်တစ်ဇင်ရောဂါဖြစ်ပွားမှုနှုန်း မြင့်တက်မှုတို့ကြား ဆက်စပ်မှုရှိနိုင်ကြောင်း ထင်ကြေးများပေါ်ထွက်နေချိန်တွင် ဗြိတိန်သုတေသနပညာရှင်များ၏ အထက်ပါ လေ့လာတွေ့ရှိချက်ပေါ်ထွက်လာခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## ဆီးချိုရောဂါကာကွယ်ရာတွင် အလေးမလေ့ကျင့်ခန်းက ပိုထိရောက်

**နယူးယောက် နိုဝင်ဘာ ၁၉**

ဆီးချိုရောဂါကို ကာကွယ်ရာတွင် အလေးမလေ့ကျင့်ခန်းပြုလုပ်မှုသည် အခြားလေ့ကျင့်မှုထက် ပို၍ထိရောက်ကြောင်း သုတေသနပညာရှင်များက နိုဝင်ဘာ ၁၈ ရက်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံ ဗာဂျီးနီးယားနည်းပညာတက္ကသိုလ်မှ သုတေသနပညာရှင်များသည် အဆီဓာတ်ပါဝင်မှုမြင့်မားသည့် ဓာတ်စာများ ကျွေးမွေးထားသော ကြွက်များဖြင့် လက်တွေ့စမ်းသပ်လေ့လာမှုများ ပြုလုပ်ခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ အပြေးလေ့ကျင့်မှုနှင့် အလေးမခြင်း နှစ်မျိုးစလုံးသည် သွေးအတွင်း သကြားဓာတ်ပါဝင်မှု အဆင့်ကို ထိန်းချုပ်နိုင်စွမ်းမြှင့်တင်ပေးနိုင်ကြောင်း သိရသည်။

သို့ရာတွင် မိမိတို့၏တွေ့ရှိချက်အရ သွေးအတွင်း သကြားဓာတ်ပါဝင်မှုအဆင့်ထိန်းချုပ်နိုင်စွမ်းကို မြှင့်တင်ရာတွင် အလေးမလေ့ကျင့်ခန်းပြုလုပ်မှုမှာ အပြေးလေ့ကျင့်မှုထက် ပို၍ထိရောက်သည်ကို တွေ့ရကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

အလေးမလေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် ကိုယ်တွင်းအဆီဓာတ်ကို လျှော့ချနိုင်ပြီး အင်ဆူလင်ဟော်မုန်းတုံ့ပြန်နိုင်စွမ်းကျဆင်းလာမှုကို မြှင့်တင်ပေးနိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

**Ref : Russia Today**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ကမ္ဘာ့ဖလားယှဉ်ပြိုင်ခွင့်ရသည့် အသေးဆုံးနိုင်ငံအဖြစ် ကျူရာကာအိုနိုင်ငံအသင်း မှတ်တမ်းဝင်

**ကင်စတန် နိုဝင်ဘာ ၁၉**

ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စု နောက်ဆုံးပွဲစဉ်တွင် ဂျမေကာ အသင်းနှင့် သရေရလဒ်ထွက်ပေါ်ခဲ့သည့် ကျူရာကာအိုအသင်းသည် ခြေစစ်ပွဲ တိုက်ရိုက်အောင်မြင်ခဲ့သဖြင့် ကမ္ဘာ့ဖလား ယှဉ်ပြိုင်ခွင့်ရသည့် အသေးဆုံးနိုင်ငံအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း Espn သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကာရေဘီယံဒေသတွင် တည်ရှိသည့် ကျူရာကာအို ကျွန်းစုနိုင်ငံသည် ၄၄၄ စတုရန်းကီလိုမီတာ ကျယ်ဝန်းပြီး လူဦးရေ တစ်သိန်းခွဲ ကျော်နေထိုင်သည့် နိုင်ငံဖြစ်ပြီး ကမ္ဘာ့ဖလားခြေစစ်ပွဲ အောင်မြင်ခဲ့သည့်အသင်းများထဲတွင် အသေးဆုံး နိုင်ငံတစ်နိုင်ငံအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ဖလားသမိုင်းတွင် ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲ အောင်မြင်ခဲ့သည့် အိုက်စလန်အသင်းသည် လူဦးရေ သုံးသိန်းခွဲကျော်ရှိသည့် နိုင်ငံဖြစ်ပြီး ခြေစစ်ပွဲအောင်မြင်ခဲ့သည့် ကမ္ဘာ့လူဦးရေ အနည်းဆုံး နိုင်ငံတစ်နိုင်ငံအဖြစ် မှတ်တမ်းဝင်ခဲ့သော်လည်း ယခုအခါ လူဦးရေ တစ်သိန်းခွဲကျော်သာ ရှိသည့် ကျူရာကာအိုအသင်းက ခြေစစ်ပွဲ အောင်မြင်ခဲ့သောကြောင့် အိုက်စလန်အသင်း၏ မှတ်တမ်းကောင်းကို ကျော်ဖြတ်နိုင်ခဲ့သည်။

ကျူရာကာအို အသင်းသည် ကွန်ကာကပ်ဇုန် ကမ္ဘာ့ဖလား ခြေစစ်ပွဲ အုပ်စု(B)တွင် ဂျမေကာအသင်း၊ ထရီနီဒက်နှင့် တိုဘာဂိုအသင်း၊ ဘာမြူဒါအသင်းတို့နှင့် တစ်အုပ်တည်း ကစားခဲ့ရပြီး ထရီဒက်နှင့် တိုဘာဂိုအသင်းကို နှစ်ကျော့စလုံး သရေ၊ ဘာမြူဒါအသင်းကို နှစ်ကျော့စလုံး အနိုင်၊ ဂျမေကာအသင်းကို တစ်ပွဲနိုင် တစ်ပွဲသရေကစားနိုင်ခဲ့ကာ ရမှတ် ၁၂ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ခဲ့ပြီး ခြေစစ်ပွဲတိုက်ရိုက် အောင်မြင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Espn

Trs : ML



# အာရှ ယူ-၁၇ ပြိုင်ပွဲ ခြေစစ်ပွဲအုပ်စုအဖွင့်ပွဲစဉ်တွင် မြန်မာအသင်းက အာဖဂန်နစ္စတန်အသင်းနှင့် စတင်ကစားရမည်

**ရန်ကုန် နိုဝင်ဘာ ၁၉**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှယူ-၁၇ ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုအဖွင့်ပွဲစဉ်တွင် မြန်မာအသင်းသည် အာဖဂန်နစ္စတန်အသင်းနှင့် စတင်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။



အာရှယူ-၁၇ ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုအဆင့်တွင် မြန်မာအသင်း ပါဝင်သည့်အုပ်စုကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိထားပြီး အုပ်စုပွဲစဉ်များကို ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ကျင်းပသွားမည်ဖြစ်သည်။

အာရှယူ-၁၇ ပြိုင်ပွဲ ခြေစစ်ပွဲ အဆင့်တွင် မြန်မာအသင်းသည် အုပ်စု(G)တွင် အာဖဂန်နစ္စတန် အသင်း၊ အိုမန်အသင်း၊ ဆီးရီးယားအသင်း၊ နီပေါအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိနေသည်။

မြန်မာအသင်းသည် အုပ်စုပွဲစဉ်များအဖြစ် နိုဝင်ဘာ ၂၂ ရက် ညနေ ၄ နာရီတွင် အာဖဂန်နစ္စတန်အသင်း၊ နိုဝင်ဘာ၂၄ ရက် ညနေ ၄ နာရီတွင် နီပေါအသင်း၊ နိုဝင်ဘာ ၂၆ ရက် ညနေ ၄ နာရီတွင် အိုမန်အသင်း၊ နိုဝင်ဘာ ၂၈ ရက် ညနေ ၄ နာရီတွင် ဆီးရီးယားအသင်းတို့နှင့် အသီးသီး ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

မြန်မာအသင်းသည် အာရှ ယူ- ၁၇ ပြိုင်ပွဲ ခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် တရုတ်နိုင်ငံတွင် စခန်းသွင်း လေ့ကျင့်မှုများ လုပ်ဆောင်နေပြီး တရုတ် ယူ-၁၆ အသင်းနှင့် ခြေစမ်းပွဲ နှစ်ပွဲကစားခဲ့ရာ ပထမပွဲစဉ်တွင် လေးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယပွဲစဉ်တွင် နှစ်ဂိုး ဂိုးမရှိဖြင့် ပြန်လည်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

# တိုက်စစ်ကစားသမား ဆီမီညိုကို ပရီးမီးယားလိဂ်ထိပ်တန်းကလပ် အသင်းသုံးသင်းက အပြိုင်ကမ်းလှမ်းရန်ပြင်ဆင်

**လန်ဒန် နိုဝင်ဘာ ၁၉**

ပရီးမီးယားလိဂ် ထိပ်တန်း ကလပ် အသင်းသုံးသင်းဖြစ်သည့် မန်စီးတီးအသင်း၊ လီဗာပူးအသင်း၊ စပါးအသင်းတို့က နည်းပါးသည့် စာချုပ် ဖျက်သိမ်းကြေးကြောင့် ဘုန်းမောက်အသင်းမှ ဆီမီညိုကို ခေါ်ယူရန်အတွက် အပြိုင်ကမ်းလှမ်းရန် ပြင်ဆင်နေကြောင်း Fomob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၅ နှစ်ရှိ ဆီမီညိုသည် ၂၀၂၂ ခုနှစ်က ဘရစ္စတိုးစီးတီး အသင်းမှ ဘုန်းမောက်အသင်းသို့ ပြောင်းရွှေ့ ကစားခဲ့သူဖြစ်ပြီး အသင်းနှင့် အစောပိုင်းဘောလုံး ရာသီများတွင် ခြေစွမ်းပြသခြင်းမရှိခဲ့သော်လည်း ပြီးခဲ့သည့် ဘောလုံးရာသီက အသင်းနှင့်အတူ ၁၃ ဂိုး သွင်းယူနိုင်ခဲ့ကာ ဂိုးဖန်တီးမှု ခြောက်ကြိမ် ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

ဆီမီညိုသည် ပြီးခဲ့သည့်နွေရာသီ ကစားသမား အပြောင်းအရွှေ့ ကာလက ဘုန်းမောက်အသင်းနှင့် ငါးနှစ်ထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့သော်လည်း စာချုပ်ဖျက်သိမ်းကြေးမှာ စတာလင်ပေါင် ၆၅ သန်းသာ ရှိနေသောကြောင့် အသင်းကြီးများက လာမည့် ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အပြိုင်ခေါ်ယူရန် ကြိုးပမ်းနေကြခြင်းဖြစ်သည်။

ဆီမီညိုကို လီဗာပူးအသင်းက လာမည့် ဇန်နဝါရီကစားသမား အပြောင်းအရွှေ့ ကာလတွင် ခေါ်ယူရန် ပြင်ဆင်နေသော်လည်း ယခုအခါ စပါးအသင်းနှင့် မန်စီးတီးအသင်းတို့ကပါ လီဗာပူးအသင်းနှင့်အပြိုင် စာချုပ်ဖျက်သိမ်းကြေး ပေးချေပြီး ခေါ်ယူရန်ပြင်ဆင်နေကြကြောင်း သိရသည်။

Ref : Fomob

Trs : STA

# မန်ယူအသင်း အဓိက တိုက်စစ်မှူးဆက်ကို ဒူးဒဏ်ရာကြောင့် တစ်လခန့်အနားယူရမည်

**မန်ချက်စတာ နိုဝင်ဘာ ၁၉**

မန်ယူအသင်း အဓိကတိုက်စစ်မှူးတစ်ဦးဖြစ်သည့် ဆက်ကိုသည် ဒူးဒဏ်ရာကြောင့် တစ်လခန့် အနားယူရမည်ဟု မန်ယူအသင်းက အတည်ပြု ကြေညာခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြထားသည်။

ဆက်ကိုသည် ယခုနှစ်ဘောလုံးရာသီတွင် မန်ယူအသင်း၌ နည်းပြ အာမိုရင်လက်အောက်တွင် အဓိက ကစားသမားတစ်ဦးအဖြစ် ပွဲထွက်ခွင့်ရနေသူဖြစ်သည်။

ဆက်ကိုသည် နိုဝင်ဘာ ၈ ရက်က ကစားခဲ့သည့် စပါးအသင်းနှင့် မန်ယူအသင်းတို့ပွဲစဉ်တွင် လူစားဝင်ကစားခဲ့ပြီး ပွဲပြီးဆုံးခါနီးတွင် ဒူးဒဏ်ရာရခဲ့ခြင်းဖြစ်သည်။

ဆက်ကိုအနေဖြင့် ဒဏ်ရာနှင့်ပတ်သက်ပြီး အသေးစိတ်စစ်ဆေးမှုများလုပ်ဆောင်ခဲ့ပြီး ဒဏ်ရာမှာ ပြင်းထန်မှုမရှိသော်လည်း ကွင်းခိုင်မှု ပြန်လည်ပြည့်ဝရန် အနည်းဆုံး တစ်လခန့် အနားယူရမည်ဟု မန်ယူအသင်းက အတည်ပြုခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် ဆက်ကိုအား တစ်လခန့်ထိ လက်လွတ်ရမည်ဖြစ်သည့်အတွက် လာမည့် ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလတွင် တိုက်စစ်ပိုင်းအတွက် ကစားသမားတစ်ဦး ခေါ်ယူရန် ပြင်ဆင်နေခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# Davis Cup တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ဘယ်လ်ဂျီယံအသင်းက ပြင်သစ်အသင်းကို အနိုင်ရရှိ

**ဘိုလော့ဂ်နာ နိုဝင်ဘာ ၁၉**

အီတလီနိုင်ငံ ဘိုလော့ဂ်နာမြို့တွင် ကျင်းပနေသည့် Davis Cup တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ဘယ်လ်ဂျီယံအသင်းနှင့် ပြင်သစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘယ်လ်ဂျီယံအသင်းက (၂-၀)ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း Ubi Tennis သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။




တစ်ဦးချင်း ပွဲစဉ်(၁)အနေဖြင့် ဘယ်လ်ဂျီယံအသင်းက ရာဖယ်လ်နှင့် ပြင်သစ်အသင်းကမော်သက်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရာဖယ်လ်က (၂-၆၊ ၇-၅၊ ၇-၅) ရလဒ်ဖြင့် အနိုင်ရခဲ့သည်။

ပထမပွဲငယ်တွင် မော်သက်က ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရပြီးနောက် ဒုတိယပွဲငယ်နှင့် တတိယပွဲငယ်တို့တွင် tie-break အဆင့်ထိ ကစားခဲ့ပြီး ရာဖယ်လ်က အနိုင်ရခဲ့သည်။

တစ်ဦးချင်း ပွဲစဉ်(၂)အနေဖြင့် ဘယ်လ်ဂျီယံအသင်းက ဇီဇူးနှင့် ပြင်သစ်အသင်းက အာသာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဇီဇူးက (၆-၃၊ ၇-၆)ရလဒ်ဖြင့် အနိုင်ရခဲ့ပြီး ဘယ်လ်ဂျီယံအသင်းက (၂-၀)ရလဒ်ဖြင့်ဦးဆောင်ကာ နှစ်ယောက်တွဲပွဲစဉ်ကို ဆက်လက်ယှဉ်ပြိုင်ကစားရန် မလိုတော့ဘဲ ဘယ်လ်ဂျီယံအသင်းက ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်ခဲ့သည်။

ဘယ်လ်ဂျီယံ အသင်းအတွက် အဖွင့်ပွဲစဉ်ကို အနိုင်ရလဒ်ရအောင် စွမ်းဆောင်ပေးခဲ့သည့် ရာဖယ်လ်က “ကျွန်တော့်အတွက် ခက်ခဲခဲ့ပါတယ်။ အကြိတ်အနယ်ရှိတဲ့ ပွဲကောင်းတစ်ပွဲလဲ ဖြစ်ပါတယ်။ မော်သက်ဟာ ကျွန်တော့်ရဲ့ ဘယ်ဘက်ကိုပဲ အဓိက ပစ်မှတ်ထားပြီး ကစားခဲ့တယ်။ ဘယ်လောက် ခက်ခဲတဲ့ ပွဲဖြစ်ခဲ့တယ်ဆိုတာ ရလဒ်ကသက်သေပါပဲ။ ဘယ်လ်ဂျီယံအသင်းအတွက် အနိုင်ရလဒ်ယူပေးနိုင်ခဲ့လို့လဲ ဝမ်းသာဂုဏ်ယူမိပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Ubi Tennis

Trs : AZL

# အင်္ဂလန်နိုင်ငံ ရှရော့ရှိုင်းယားကောင်တီတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဘေးအန္တရာယ်သတိပေးချက် ထုတ်ပြန်ထား



လန်ဒန် နိုဝင်ဘာ ၁၉

အင်္ဂလန်နိုင်ငံ ရှရော့ရှိုင်းယား ကောင်တီတွင် နိုဝင်ဘာ ၁၇ ရက်မှ စ၍ မိုးသည်းထန်စွာရွာသွန်းနေပြီး စဗန်မြစ်ရေ မြင့်တက်မှုကြောင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်လာနိုင်သဖြင့် Environment Agency (EA) က ရေဘေးအန္တရာယ်သတိပေးချက်ကို နိုဝင်ဘာ ၁၈ ရက်တွင် ထုတ်ပြန်ထားကြောင်း သိရသည်။

မိုးရေချိန် မြင့်တက်မှုကြောင့် စဗန်မြစ်ရေလျှံတက်နေပြီး စဗန်မြစ်အနီးပတ်ဝန်းကျင်ရှိ ဧရိယာများတွင် ရေကြီးရေလျှံမှုဖြစ်ပေါ်လာနိုင်သည့် အခြေအနေမျိုး ရောက်ရှိနေသည့်အတွက် ရေဘေးအန္တရာယ်သတိပေးချက်ထုတ်ပြန်ထားကြောင်း၊ စဗန်မြစ်သည် ရှရီးစဘူရီဒေသ၊ အိုင်းယန်ဘရစ်ဒေသ၊ ဂျက်ဖီးဒေသ၊ ဘရစ်နော့ဒေသနှင့်ကွက်ဖို့ဒေသတို့ကို ဖြတ်သန်းစီးဆင်းနေပြီး မြစ်ရေလျှံတက်ပါက အဆိုပါဒေသများတွင် ရေကြီးရေလျှံမှု ဖြစ်ပေါ်နိုင်သည့် အခြေအနေဖြစ်ကြောင်း သိရသည်။

"မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စဗန်မြစ်ရေ မြင့်တက်နေပါတယ်။ မိုးရေချိန် ဆက်လက်မြင့်တက်လာမယ်ဆိုရင်တော့ မြစ်ရေလျှံတက်ပြီး ရေကြီးရေလျှံမှု ဖြစ်ပေါ်လာနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။ ဒါကြောင့်ရှရော့ရှိုင်းယား ကောင်တီကို ရေဘေးအန္တရာယ် သတိပေးချက် ထုတ်ပြန်ထားပါတယ်။ စဗန်မြစ်အနီးနေထိုင်တဲ့ ဒေသခံတွေအနေနဲ့ ရေဘေး အန္တရာယ်သတိပေးချက်ကို အချိန်ပြည့်နားစွင့်ထားဖို့ သတိပေးလိုပါတယ်"ဟု Environment Agency (EA) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# နှစ်ပေါင်း ၁၀၀၀ ခန့် ကြာမြင့်နေပြီဖြစ်သည့် အပူလှိုင်းဖြတ်သန်းမှုကို လျှော့ချရန် ခက်ခဲသွားပြီဖြစ်ကြောင်း သုတေသီများထုတ်ပြန်

ကင်ဘာရာ နိုဝင်ဘာ ၁၉

၂၀၃၀ ပြည့်နှစ်မှ ၂၀၆၀ ပြည့်နှစ်ကြား ကာဗွန်ထုတ်လွှတ်မှု သုညမှတ် ရောက်ရှိရေးအတွက် ဆောင်ရွက်နေသော်လည်း အပူလှိုင်းစတင်ဖြတ်သန်းမှုမှာ လွန်ခဲ့သော နှစ်ပေါင်း ၁၀၀၀ ခန့်က တည်းက ဖြစ်သည့်အတွက် အပူလှိုင်းဖြတ်သန်းမှုကို လျှော့ချနိုင်ရေးမှာ ခက်ခဲသွားပြီဖြစ်ကြောင်း ဩစတြေးလျနိုင်ငံ အခြေစိုက် ARC Centre of Excellence အဖွဲ့အစည်းမှ သုတေသီများက ထုတ်ပြန်ခဲ့သည်ဟု နိုဝင်ဘာ ၁၈ ရက် သတင်းများတွင် ဖော်ပြထားသည်။

အပူလှိုင်းဖြတ်သန်းကာ အပူချိန်မြင့်တက်မှုသည် ကာဗွန်ထုတ်လွှတ်မှုနှင့် တိုက်ရိုက်ပတ်သက်နေပြီး ကာဗွန်ထုတ်လွှတ်မှုကို လျှော့ချနိုင်ရေးမှာ သုတေသီများအတွက် ခက်ခဲသည့် ပြဿနာတစ်ရပ်ဖြစ်နေကြောင်း ARC Centre of Excellence အဖွဲ့အစည်းမှ သုတေသီများက ထုတ်ပြန်ခဲ့သည်။

"အပူလှိုင်း ဖြတ်သန်းမှုနဲ့ ပတ်သက်ပြီးတော့ ကမ္ဘာ့နိုင်ငံအသီးသီးက သုတေသီတွေက သုတေသနလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ သုတေသနရလဒ်တွေအရ အပူလှိုင်းဖြတ်သန်းတဲ့ ပြဿနာက ဖြေရှင်းရခက်သွားပါပြီ။ အပူလှိုင်းဖြတ်သန်းမှုဟာ နှစ်ပေါင်း ၁၀၀၀ လောက်ထိ ကြာသွားပြီဖြစ်တဲ့အတွက် ဒီပြဿနာဟာ ဖြေရှင်းရ ခက်သွားတဲ့အဆင့်ကို ရောက်သွားတာပါ။ အပူလှိုင်းဖြတ်သန်းတဲ့ပြဿနာကို ဖြေရှင်းနိုင်ဖို့အတွက် အရေးကြီးဆုံးက ကာဗွန်ထုတ်လွှတ်မှု သုညမှတ်ရောက်ရှိရေးဖြစ်ပါတယ်။ ကာဗွန်ထုတ်လွှတ်မှုသုညမှတ်ရောက်ဖို့ဆိုတာကလဲ တော်တော်လေးကို မဖြစ်နိုင်တော့တဲ့ကိစ္စ ဖြစ်ပါတယ်"ဟု ARC Centre of Excellence အဖွဲ့အစည်းမှ သုတေသီ ဆာရာပါကင်က ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# အိန္ဒိယနိုင်ငံ ပန်ဂျပ်ပြည်နယ်ရှိတောင်သူများက သီးနှံအကြွင်းအကျန်များကို ပြန်လည်အသုံးပြုခြင်းဖြင့် လေထုညစ်ညမ်းမှုကို လျှော့ချရန်ကြိုးပမ်းနေ

နယူးဒေလီ နိုဝင်ဘာ ၁၉

အိန္ဒိယနိုင်ငံ ပန်ဂျပ်ပြည်နယ်ရှိ တောင်သူများသည် သီးနှံအကြွင်းအကျန်များကို မီးရှို့မည့်အစား စက်ရုံများသို့ပို့ကာ သဘာဝမြေဩဇာအဖြစ် ပြန်လည်အသုံးပြုခြင်းဖြင့် လေထုညစ်ညမ်းမှုကို လျှော့ချရန် ကြိုးပမ်းနေကြောင်း နိုဝင်ဘာ ၁၈ ရက် သတင်းများအရ သိရသည်။

အိန္ဒိယနိုင်ငံတွင် လေထုညစ်ညမ်းမှုအခြေအနေ ပိုမိုဆိုးရွားလာမှုကို တိုက်ဖျက်ရန်အတွက် နိုင်ငံ၏မြောက်ပိုင်း ပန်ဂျပ်ပြည်နယ်ရှိ တောင်သူများစွာသည် သီးနှံအကြွင်းအကျန်များကို မီးရှို့မည့်အစား ပြန်လည်အသုံးပြုရန်အတွက် စက်ရုံများသို့ တင်ပို့နေကြကြောင်း၊ အိန္ဒိယနိုင်ငံသည် နှစ်စဉ် ဆောင်းရာသီရောက်တိုင်း သီးနှံအကြွင်းအကျန်များနှင့် ကောက်ရိုးများကို မီးရှို့လေ့ရှိခြင်းကြောင့် လေထုညစ်ညမ်းမှုများဖြစ်ပွားလေ့ရှိကြောင်း၊ သီးနှံအကြွင်းအကျန်များ မီးရှို့ခြင်းမှ ထွက်လာသော မီးခိုးများ၊ ယာဉ်များမှထွက်သော မီးခိုးငွေ့နှင့် ဖုန်မှုန့်များသည် ဆောင်းရာသီကဲ့သို့ အေးသော အချိန်တွင် လေထုအတွင်းပိတ်မိနေခြင်းကြောင့် နိုင်ငံတွင် ဆောင်းရာသီရောက်တိုင်း လေထုညစ်ညမ်းမှုအခြေအနေပိုမိုဆိုးရွားလေ့ရှိကြောင်းသိရသည်။



ထိုသို့ လေထုညစ်ညမ်းမှုကို တိုက်ဖျက်ရန် ကြိုးပမ်းမှုအနေဖြင့် ပန်ဂျပ်ပြည်နယ်အတွင်းရှိ ရွာပေါင်း ၈၀၀ ကျော်မှ တောင်သူများသည် ယခုအခါ သီးနှံအကြွင်းအကျန်များနှင့် ကောက်ရိုးများကို စက်ရုံများသို့ ပို့ဆောင်ကာ သဘာဝနှင့် သဟဇာတဖြစ်သော ဇီဝဓာတ်ငွေ့၊ ဇီဝဓာတ်မြေဩဇာ များအဖြစ် ပြောင်းလဲနေကြကြောင်း အိန္ဒိယစက်မှုလုပ်ငန်း အဖွဲ့ချုပ် (CII) အဖွဲ့၏ အဆိုအရ သိရသည်။

ထိုသို့ ဆောင်ရွက်မှုများသည် အိန္ဒိယနိုင်ငံ၏ လေထုညစ်ညမ်းမှု အခြေအနေကို တိုက်ဖျက်ရန် ကြိုးပမ်းမှု ဖြစ်သည့်အတွက် အခြားသော ပြည်နယ်များမှ တောင်သူများအနေဖြင့်လည်း ဆောင်ရွက်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# ဘော့စ်နီးယားနှင့် ဟာဇီဂိုးဗီးနားနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အမြင့်ဆုံး ရေကြီးရေလျှံမှုသတိပေးချက် ထုတ်ပြန်

ဆာရာယေဗို နိုဝင်ဘာ ၁၉

ဘော့စ်နီးယားနှင့် ဟာဇီဂိုးဗီးနားနိုင်ငံရှိ အဒရီယက်မြစ်ဝှမ်းတစ်လျှောက်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်လာနိုင်သဖြင့် အဒရီယက်ပင်လယ် ရေဝေရေလဲအေဂျင်စီ (BiH)က ယနေ့တွင် အမြင့်ဆုံး ရေကြီးရေလျှံမှု သတိပေးချက် ထုတ်ပြန်လိုက်ကြောင်းသိရသည်။

BiH အေဂျင်စီ၏ အဆိုအရ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ယနေ့တွင်အဒရီယက်ရေဝေရေလဲဒေသအပါအဝင် အဒရီယက်မြစ်ဝှမ်းတစ်လျှောက်ရှိ မြစ်၊ ချောင်းများတွင် ရေမျက်နှာပြင်မြင့်တက်လာခြင်း၊ မြစ်နှင့်နီးသော အချို့နေရာများတွင် ရေကြီးရေလျှံမှုများ စတင်ဖြစ်ပေါ်နေခြင်းနှင့် ရေကြီးရေလျှံမှုသည် မြို့လယ်ခေါင်အထိပါ ဖြစ်ပွားနိုင်ခြေရှိကြောင်း သိရသည်။

ရေကြီးရေလျှံမှု ပြင်းထန်နိုင်သဖြင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်များသည် အနီးကပ်စောင့်ကြည့်နေပြီး ရေကြီးရေလျှံမှု ကြိုတင်ကာကွယ်ရေး အစီအစဉ်များကို ဆောင်ရွက်လျက်ရှိကြောင်း၊ ရေဘေးကြောင့် စီးပွားရေးနှင့် ပိုင်ဆိုင်မှုပစ္စည်းဥစ္စာများ ဆုံးရှုံးမှုများ ထိခိုက်ပျက်စီးမှု သက်သာစေရေးဆောင်ရွက်ထားရန် ဒေသခံများကို သတိပေးထားပြီး တာဝန်ရှိသူများက ကယ်ဆယ်ရေးနှင့် အရပ်ဘက်ကာကွယ်ရေး အဖွဲ့များလည်း အဆင်သင့် ပြင်ဆင် စေလွှတ်ထားကြောင်း သိရသည်။

၂၀၂၄ ခုနှစ် အောက်တိုဘာလ ကလည်း နိုင်ငံအလယ်ပိုင်းတွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ပြီး လူ ၂၆ ဦး သေဆုံးခဲ့ကာ အပျက်အစီးများ ဆိုးရွားစွာဖြစ်ပေါ်ခဲ့သဖြင့် ထိုသို့အဖြစ်မျိုးမဖြစ်စေရေးအတွက် လက်ရှိတွင် ရေကြီးရေလျှံမှု သတိပေးချက်ကို အမြင့်ဆုံး သတိပေးချက်ထုတ်ပြန်ထားပြီး အဒရီယက်မြစ်ဝှမ်းတစ်လျှောက်တွင်လည်း ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားသည်ဟု ဒေသအာဏာပိုင်များက ပြောကြားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# ဗီယက်နမ်နိုင်ငံ ခန်ဟောင်စီရင်စုတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုမှုဖြစ်ပွားနေသောကြောင့် ဒေသခံများ ဘေးလွတ်ရာရွှေ့ပြောင်းနေရ

ဟနွိုင်း နိုဝင်ဘာ ၁၉

ဗီယက်နမ်နိုင်ငံ ခန်ဟောင်စီရင်စုတွင် နိုဝင်ဘာ ၁၇ ရက်မှစတင်၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုနှင့်မြေပြိုကျမှုဖြစ်ပေါ်နေပြီး ဒေသခံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးနေရကြောင်း ဗီယက်နမ် အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု နိုဝင်ဘာ ၁၈ ရက် သတင်းများတွင် ဖော်ပြထားသည်။

မြေပြိုကျမှုကြောင့် ခရီးသည် ၃၂ ဦးတင်ဆောင်လာသည့် ဘတ်စ်ကားတစ်စီး ပျက်စီးသွားခဲ့ပြီး လူနှစ်ဦးသေဆုံးကာ ထိခိုက်ဒဏ်ရာရရှိသူ အမြောက်အမြား ရှိခဲ့ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသူများကို အရေးပေါ်အခြေအနေဖြင့် ဆေးရုံသို့ပို့ဆောင်ထားပြီး လိုအပ်သော ဆေးကုသမှုများ ပြုလုပ်ပေးနေကြောင်း၊ ဒေသခံများကိုလည်း ဘေးလွတ်ရာ ရွှေ့ပြောင်းပေးနေကြောင်း၊ မြေပြိုကျမှုကြောင့် လမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်နေပြီး ဟိုချီမင်းမြို့သို့ ဆက်သွယ်ထားသည့် လမ်းကြောင်းများကို ယာယီပိတ်ထားကြောင်း သိရသည်။

"နိုဝင်ဘာ ၁၇ ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးတော့ ရေကြီးရေလျှံမှုနဲ့ မြေပြိုကျမှုတွေဖြစ်ပေါ်နေပါတယ်။ မြေပြိုကျမှုကြောင့် အခြေခံဆောက်အအုံတချို့ ပျက်စီးခဲ့သလို တောင်ပြိုကျမှုကြောင့် လမ်းတချို့ပိတ်ဆို့ခဲ့ပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲနေပါတယ်။ ဘတ်စ်ကားတစ်စီး ပျက်စီးခဲ့ပြီး ခရီးသည်နှစ်ယောက် သေဆုံးခဲ့ကာ ထိခိုက်ဒဏ်ရာရရှိသူအမြောက်အမြားရှိခဲ့ပါတယ်" ဟု ခန်ဟောင်စီရင်စု အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဟွမ်တန်က ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့

ကိုအောင်(ထုတ်လုပ်)

ပညာရေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်ပြီး အလွန်အရေးကြီးသည့် အခန်းကဏ္ဍမှပါဝင်သည်။ ပညာရေးကဏ္ဍ ခိုင်မာမှသာ နိုင်ငံတစ်နိုင်ငံသည် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးဆိုင်ရာ တိုးတက်မှုများကို စဉ်ဆက်မပြတ် ရရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန် ပညာရေးကို အားပေးရမည်ဖြစ်သည်။ ပညာဆိုသည်မှာ ခွဲခြမ်းသိမြင်နိုင်သော အသိဉာဏ်ဖြစ်သည်။ ပညာသင်ကြားခြင်းသည် နက်နဲသိမ်မွေ့သည့် အသိဉာဏ်ပညာဆိုင်ရာဗဟုသုတများကိုပေးသော လုပ်ငန်းတစ်ရပ်လည်းဖြစ်သည်။ သတင်းအချက်အလက်နှင့် နည်းပညာခေတ်ကြီးတွင် ပညာဗဟုသုတများကိုကျွမ်းဝင်စေရန် ကြိုးပမ်းအားထုတ်ရုံမျှမက ထိုပညာရပ်များကို ကောင်း၊ မကောင်း၊ မှန်၊ မမှန် ဆုံးဖြတ်နိုင်ရေးသည်လည်း အရေးကြီးသည့်အခန်းကဏ္ဍတွင် ပါဝင်လာသည်။ ထို့ပြင် ကိုယ်လိုချင်သည့် အချက်အလက်များကို သင်ယူနိုင်စွမ်း၊ မည်သည့်နေရာတွင်ရှိနေသည်ကို သိနိုင်သည့်အသိတရားသည်လည်း ပညာဖြစ်သည်။ ထို့ပြင် ပညာရေးဆိုသည်မှာ မျိုးဆက်တစ်ဆက်မှ နောက်မျိုးဆက်တစ်ဆက်သို့ အဆင့်ဆင့်လက်ဆင့်ကမ်းနိုင်စွမ်းရည်မှန်းချက်လည်း ရှိရမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကိုဖော်ဆောင်ရာတွင် ပညာတတ်လူသားအရင်းအမြစ်သည် အဓိကကျသည်။ ပညာရေးသည် လူတစ်ဦးချင်းစီ၏ ဘဝအတွက်သာမက နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်အတွက်ပါ အရေးပါဆုံးသော အခြေခံအုတ်မြစ်တစ်ခုဖြစ်သည်။ ပညာရေးသည် လူသားတစ်ဦးကို မှန်ကန်သောအတွေးအခေါ်၊ အသိပညာ၊ ကျွမ်းကျင်မှုနှင့် ကိုယ်ကျင့်တရားတို့ဖြင့်ပြည့်စုံစေပြီး ပိုမိုကောင်းမွန်သောလူ့အဖွဲ့အစည်းတစ်ခုကို တည်ဆောက်ရန်အတွက် မရှိမဖြစ်လိုအပ်သောအရာဖြစ်သည်။ ပညာရေးသည် ဆုံးခန်းတိုင်သောအရာမဟုတ်၊ လူတို့၏အသိပညာ၊ အတတ်ပညာကျွမ်းကျင်မှုနှင့် သဘောထားအယူအဆအမြင်တို့ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရသည့်ဖြစ်စဉ်တစ်ခုဖြစ်သဖြင့် လူငယ်များသည် မိမိတို့၏ဆန္ဒ၊ မိမိတို့၏ရည်ရွယ်ချက်ပန်းတိုင်သို့ အရောက်လှမ်းနိုင်ရန်အတွက် ကလေးအရွယ်မှစ၍ ပညာကို ဆည်းပူးလေ့လာရန်လိုအပ်သည်။

ယနေ့ခေတ်တွင် ပညာရေးသည် ပုံသေသင်ကြားနည်းများမှသည် နည်းပညာအခြေပြုသင်ကြားနည်းများဆီသို့ တိုးတက်ပြောင်းလဲလာသည်။ အင်တာနက်နှင့်ဒစ်ဂျစ်တယ်နည်းပညာများကြောင့် အွန်လိုင်းသင်တန်းများ၊ အဝေးသင်ပညာရေးစနစ်များပေါ်ပေါက်လာပြီး ပညာသင်ယူခွင့်ကို ပိုမိုကျယ်ပြန့်လာစေသည်။ ထို့ပြင် ပြောင်းလဲတိုးတက်လာသောခေတ်နှင့်လျော်ညီစွာ ပညာရေးသည် ရိုးရာစာအံသင်ကြားမှုမှသည် ခေတ်၏လိုအပ်ချက်အရ ဝေဖန်ပိုင်းခြားတွေးခေါ်မှု၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် နည်းပညာအသုံးပြုနိုင်စွမ်းတို့ကို အလေးပေးသည့်စနစ်ဆီသို့ ပြောင်းလဲနေပြီဖြစ်သည်။ ဘဝတစ်သက်တာသင်ယူလေ့လာရေးသည် လူတိုင်းအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်သည်။

**❖ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုလုပ်ငန်းများ တွန်းအားပေးဆောင်ရွက်ရမည်ဖြစ်သည်။ ထို့ပြင် နိုင်ငံ့စီးပွားရေးမြှင့်တင်ရေးအတွက်လိုအပ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတိုးတက်စေရန်နှင့် ကုန်ထုတ်စွမ်းအားများ တိုးတက်အောင် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရက အသက်မွေးဝမ်းကျောင်းသင်တန်းများကိုဖွင့်လှစ်ပေးကာ လိုအပ်သည့်လူသားအရင်းအမြစ်များ မွေးထုတ်ပေးလျက်ရှိသည်။ ❖**

ဖွံ့ဖြိုးဆဲနိုင်ငံများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ပညာတတ်လူသားအရင်းအမြစ်ကောင်းမွန်ရန်လိုအပ်သည်။ နိုင်ငံသားတို့၏ အတွေးအခေါ်၊ အယူအဆ၊ သဘောထားများ၊ အသိပညာ၊ အတတ်ပညာနှင့်ကျွမ်းကျင်မှုများဖြင့် နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်တည်ဆောက်ကြရခြင်းဖြစ်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးအောင် ဦးစွာပထမ ရင်းနှီးမြှုပ်နှံရမည်ဖြစ်သည်။

နိုင်ငံလူဦးရေတွင် အရေအတွက်အရ အလုပ်လုပ်နိုင်သောအသက်အရွယ်ရှိ လူဦးရေအချိုးအစားများပြားသည့်အခြေအနေကောင်း ရှိသော်လည်း ထိုလူဦးရေတွင် ပျင်းရိသူ၊ ကျရာဘဝတွင် ဖြစ်သလိုနေသူ၊ စွမ်းဆောင်လိုစိတ်အားနည်းသူ စသည်တို့များပြားနေမည်ဆိုပါက နိုင်ငံအတွက် အကျိုးဖြစ်ထွန်းနိုင်မှုနည်းပါးနေမည်ဖြစ်သည်။ လုံ့လဝီရိယရှိသူများ၊ ဉာဏ်ရည်ဉာဏ်သွေးကောင်း၍ လုပ်ငန်းကျွမ်းကျင်သူများ၊ စိတ်ဓာတ်နှင့်ခွန်အားကောင်းမွန်ကြံ့ခိုင်သူများဖြစ်လာစေရန် ကျန်းမာရေး၊ ပညာရေး၊ အာဟာရဓာတ်ပြည့်ဝစွာစားသုံးနိုင်ရေးနှင့် ကောင်းမွန်သောကိုယ်ရည်ကိုယ်သွေးများအတွက် ပတ်ဝန်းကျင်ကောင်းများဖန်တီးပေး၍ ဘက်ပေါင်းစုံမှ ပြုစုပျိုးထောင်ပေးရမည်ဖြစ်သည်။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများ တွန်းအားပေးဆောင်ရွက်ရမည်ဖြစ်သည်။ ထို့ပြင် နိုင်ငံ့စီးပွားရေးမြှင့်တင်ရေးအတွက်လိုအပ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတိုးတက်စေရန်နှင့် ကုန်ထုတ်စွမ်းအားများတိုးတက်အောင် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရက အသက်မွေးဝမ်းကျောင်းသင်တန်းများကို ဖွင့်လှစ်ပေးကာ လိုအပ်သည့်လူသားအရင်းအမြစ်များ မွေးထုတ်ပေးလျက်ရှိသည်။ အလယ်တန်းအဆင့် KG+9 ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ အားလုံးနိုင်ငံတစ်ဝန်းတွင် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို သင်ယူနိုင်ရန်အတွက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ခရိုင် ၅၀ ၌ အခြေခံပညာအထက်တန်းကျောင်း ၅၁ ကျောင်းဖွင့်လှစ်နိုင်ခဲ့သည်။ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ခရိုင် ၃၄ ခု၌ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်း ၃၄ ကျောင်းကို ထပ်မံတိုးချဲ့ဖွင့်လှစ်မည်ဖြစ်ရာ တစ်နိုင်ငံလုံးအနေဖြင့် စုစုပေါင်း ၈၅ ကျောင်းထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရသည် လူ့စွမ်းအားအရင်းအမြစ်ကောင်းများရရှိရန်အတွက် "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပညာရေးကဏ္ဍကို အလေးထားဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ပညာရေးဝန်ကြီးဌာနကလည်း နိုင်ငံတော်စဉ်ဆက်မပြတ်တိုးတက်စေရန် အဓိကမဏ္ဍိုင်တစ်ခုဖြစ်သည့် "အမျိုးသားပညာရေးကဏ္ဍ"ကို တာဝန်ယူပုံဖော်လျက်ရှိသည်။ အထူးသဖြင့် နိုင်ငံသားတိုင်း ပညာတတ်မြောက်စေရန် KG+12 အခမဲ့ပညာရေးစနစ်ကို အကောင်အထည်ဖော်လျက်ရှိသည်။

"အတန်းပညာတတ်မြောက်ရေးအတွက် စာသင်ကျောင်း၊ စာသင်ဆောင်၊ စာသင်ခန်း၊ စာကြည့်တိုက်၊ သန့်စင်ခန်း၊ အားကစားရုံ၊ အားကစားကွင်း၊ အခြေခံအဆောက်အအုံ၊ သင်ထောက်ကူပစ္စည်းများပြည့်စုံမှု၊ နည်းပညာအသုံးပြုသင်ကြားနည်းစနစ်များပံ့ပိုးမှု၊ အင်တာနက်ရရှိမှု၊ သောက်ရေသုံးရေရရှိမှု၊ သင်ယူမှုပတ်ဝန်းကျင်ကောင်းနှင့် ကျောင်းဥပဓိရုပ်ကောင်းမွန်မှု စသည်များနှင့် ပြည့်စုံရန်လည်းလိုအပ်ကြောင်း၊ ထို့ပြင် အရည်အသွေးရှိသည့် ဆရာအရေအတွက်လုံလောက်မှု၊ ဆရာအရည်အသွေးမြှင့် မွမ်းမံသင်တန်းများပို့ချမှု၊ သင်ရိုးညွှန်းတမ်းခေတ်မီမှု၊ ကျောင်းသားဗဟိုပြုသင်ကြားနည်းစနစ်များ မှန်ကန်မှု၊ စစ်ဆေးအကဲဖြတ်စနစ်ကောင်းမွန်မှု၊ စီမံခန့်ခွဲကြီးကြပ်မှုနှင့် သက်သာချောင်ချိရေးပံ့ပိုးမှု စသည်များသည် ဟန်ချက်ညီညီပြည့်စုံလုံလောက်မည်ဆိုပါက နိုင်ငံ၏ပညာရေးအဆင့်သည် အချိန်တိုအတွင်း တိုးတက်လာမည်ဟု ယုံကြည်သည့်အတွက် နိုင်ငံတော်က ပညာရေးကိုဦးစားပေးပြီး တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း" မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄) ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ရန် နည်းပညာတတ်မြောက်သော၊ ဝေဖန်ပိုင်းခြားတွေးခေါ်နိုင်စွမ်းရှိသော နိုင်ငံ့သားကောင်းများလိုအပ်သည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးသည် စီးပွားရေး၊ နည်းပညာ၊ အခြေခံအဆောက်အအုံတို့တွင်သာမက လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတွင်လည်း အခြေခံသည်။ ပညာရေးသည် ထိုအရင်းအမြစ်ကို မွေးထုတ်ပေးသော ဗဟိုချက်မဖြစ်သည်။ ပညာရေးသည် ဉာဏ်ရည်ဉာဏ်သွေးပြည့်ဝသော၊ စဉ်းစားတွေးခေါ်နိုင်စွမ်းရှိသောနိုင်ငံသားများကို မွေးထုတ်ပေးပြီး နိုင်ငံတော်၏စိန်ခေါ်မှုသစ်များကို ရင်ဆိုင်ကျော်လွှားရန်၊ စီးပွားရေးပြိုင်ဆိုင်မှုများတွင် ရပ်တည်နိုင်ရန်နှင့် လူမှုအသိုက်အဝန်း သာယာဝပြောရန် စွမ်းအားပေးသည်။ ထို့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပညာရေးကို အားပေးခြင်းသည် နိုင်ငံတော်အစိုးရနှင့်အတူ နိုင်ငံသားအားလုံး ကျရာကဏ္ဍမှ ထမ်းဆောင်ကြရမည့်တာဝန်ဖြစ်သည်။ နိုင်ငံ၏အနာဂတ်စွမ်းအားဖြစ်သည့် လူငယ်များ စွမ်းရည်မြင့်မားနေမှသာလျှင် အနာဂတ်လူ့ဘောင်ကို ပုံဖော်တည်ဆောက်ရာတွင် များစွာအထောက်အကူပြုစေမည်ဖြစ်သည်။ ပညာတတ်လူသားအရင်းအမြစ်ကောင်းများပေါ်ထွက်လာစေရေးသည် လူမှုစီးပွားဘဝမြင့်မားတိုးတက်မှုအပေါ်တွင် အခြေခံသဖြင့် "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"ဟူသော ဆောင်ပုဒ်နှင့်အညီ ပညာရေးကဏ္ဍကို နိုင်ငံတော်နှင့်အတူ ပြည်သူအားလုံး ဝိုင်းဝန်းမြှင့်တင်အားပေးကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

- မြန်မာ့အလင်း(၂၀-၄-၂၀၂၃)
- မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄) ဖွင့်ပွဲအခမ်းအနား(၂၆-၆-၂၀၂၄)

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# SKYPREMIER HD ရုပ်သံလိုင်းမှ အရုပ်ညှော့သည် ရုပ်သံဇာတ်လမ်းကို နိုဝင်ဘာ ၂၂ ရက်တွင် ထုတ်လွှင့်သွားမည်




**ရန်ကုန် နိုဝင်ဘာ ၁၉**

SKYPREMIER HD ရုပ်သံလိုင်းမှ အရုပ်ညှော့သည် ရုပ်သံဇာတ်လမ်းကို နိုဝင်ဘာ ၂၂ ရက်တွင် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါ ရုပ်သံဇာတ်လမ်းတွဲတွင် အဓိက ဇာတ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် နန်းဆုဦးထံမှ သိရသည်။

အဆိုပါ အရုပ်ညှော့သည် ရုပ်သံဇာတ်လမ်း၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို နေစိုးသော်က ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး) က တာဝန်ယူပုံဖော် ရိုက်ကူးထားသည်။

"ချစ်သူကောင်ကလေးကို တခြား မိန်းကလေးတွေနောက်ပါသွားမှာကို လိုတာထက်ပိုစိတ်ပူမိတဲ့ကောင်မကလေးတစ်ယောက်က ဗေဒင်ဆရာဆီ အကူအညီတောင်းပြီး ယတြာစီရင်ထားတဲ့ အရုပ်ကလေးတစ်ရုပ် ချစ်သူကောင်ကလေးကို လက်ဆောင်ပေးလိုက်မိရာက ဒီအရုပ်ကလေးကနေ မထင်မှတ်တဲ့အဖြစ်တွေကို ဖြစ်ပေါ်လာတဲ့ဇာတ်လမ်းလေး တစ်ပုဒ်ဖြစ်ပါတယ်။ ဒီဇာတ်ကားကတော့ တစ်ပိုင်းထဲနဲ့ အပြီးပြသသွားမဲ့ ဇာတ်လမ်းလေးဖြစ်ပါတယ်" ဟု သရုပ်ဆောင် နန်းဆုဦးက ပြောပြသည်။

အဆိုပါ အရုပ်ညှော့သည် အမည်ရှိ ရုပ်သံဇာတ်လမ်းတွင် သရုပ်ဆောင်များအဖြစ် သရုပ်ဆောင် မြင့်မြတ်၊ တေဇလင်းရောင်၊ နန်းဆုဦး၊ မေလသံစဉ်နှင့် သရုပ်ဆောင်များစွာ ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ပြီး လာမည့် နိုဝင်ဘာ ၂၂ ရက် စနေနေ့ ည ၉ နာရီ ၄၅ မိနစ်အချိန်တွင် SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့် တင်ဆက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ ASH

# Autobiography အမည်ရှိ ဇာတ်ကား၌ မင်းသား ဒန်းဘာ့ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် နိုဝင်ဘာ ၁၉**

Autobiography အမည်ရှိ လျှို့ဝှက်သည်းဖို ဇာတ်ကား၌ မင်းသား ဒန်းဘာ့ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၈ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဇာတ်ကားတွင် မင်းသား ဒန်းဘာ့သည် မင်းသမီး ဒီဗီကာဘီဘီ၊ မင်းသား ဂျရယ်မီ ဟားတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Autobiography ဇာတ်ကားသည် ဘရိုက်အမည်ရှိ မအောင်မြင်သော စာရေးဆရာတစ်ဦးရင်ဆိုင်ရမည့် တုန်လှုပ်ဖွယ်အဖြစ်အပျက်များကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။


အဆိုပါ ဇာတ်ကားတွင် မင်းသား ဒန်းဘာ့သည် အဓိက ဇာတ်ကောင်စာရေးဆရာ ဘရိုက် အဖြစ် သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Autobiography ဇာတ်ကားကို ဒါရိုက်တာ ဂျင်နီဖာဒေါနက်နှင့် ဂျွန်ပီနာဂရန်ဝေါလ်တို့က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

၎င်းဇာတ်ကား၏ ဝတ္ထုဇာတ်ညွှန်းကိုလည်း ၎င်းတို့နှစ်ဦးကပင် တာဝန်ယူ ရေးသားပေးထားသည်။

Ref : Sputnik News

Trs : KKO



# တေးသံရှင် ကိုင်ဇာ၊ ချမ်းမြေ့မောင်ချိုတို့၏ တေးဂီတဖျော်ဖြေပွဲကို ချမ်းအေးသာစံမြို့နယ်ရှိ Godzilla Bar Event Park တွင် ပြုလုပ်မည်

**ရန်ကုန် နိုဝင်ဘာ ၁၉**

တေးသံရှင် ကိုင်ဇာ၊ ချမ်းမြေ့မောင်ချိုတို့၏ တေးဂီတဖျော်ဖြေပွဲကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ Godzilla Bar Event Park တွင် ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် ကိုင်ဇာထံမှ သိရသည်။

အဆိုပါ တေးသံရှင် ကိုင်ဇာ၊ ချမ်းမြေ့မောင်ချိုတို့၏ တေးဂီတဖျော်ဖြေပွဲကို နိုဝင်ဘာ ၂၂ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို Godzilla Bar Event Park ၏ ပင်တိုင်တေးဂီတအဖွဲ့က ပံ့ပိုးကူညီတီးခတ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။




"မန္တလေးက Godzilla Bar Event Park မှာ နိုဝင်ဘာ ၂၂ ရက် စနေနေ့ညမှာ ချမ်းမြေ့မောင်ချိုနဲ့အတူ ဖျော်ဖြေတင်ဆက်ဖို့ရှိပါတယ်။ မန်းမြေကပရိသတ်တွေ အနေနဲ့အခုအချိန်ထိ ပရိသတ်တွေ လက်ခံနေဆဲ နှစ်ခြိုက်နေဆဲဖြစ်တဲ့သီချင်းတွေကို သီဆိုသွားဖို့ရှိပါတယ်။ လာရောက်အားပေးကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု တေးသံရှင် ကိုင်ဇာက ပြောပြသည်။

တေးသံရှင် ကိုင်ဇာ၊ ချမ်းမြေ့မောင်ချိုတို့၏ တေးဂီတဖျော်ဖြေပွဲကို Godzilla Bar Event Park တွင် နိုဝင်ဘာ ၂၂ ရက် ည ၆ နာရီမှ စတင်ကာဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Jumanji ဇာတ်ကားတွင် သရုပ်ဆောင်သုံးဦးထပ်မံ ပါဝင်လာ

**နယူးယောက် နိုဝင်ဘာ ၁၉**

ကိုလံဘီယာရုပ်ရှင်ကုမ္ပဏီ၏ Jumanji ဇာတ်ကားတွင် မင်းသား နစ်ဂျိုးနပ်၊ ရိုင်းဒါဘီနှင့်ဒန်နီဒီဗီတိုတို့လည်း ပါဝင်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၈ ရက် သတင်းများအရ သိရသည်။

Jumanji ဇာတ်ကားတွင် အဆိုပါ သရုပ်ဆောင်သစ်သုံးဦးတို့သည် မင်းသား ဒွင်းဂျွန်ဆင်၊ ဂျက်ဘလက်၊ ကီဗင်ဟာ့၊ မင်းသမီး ကာရန်ဂီလန်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Jumanji ဇာတ်ကားသည် အမေရိကန်စာရေးဆရာ ခရစ်ဗင့်အလန်းစဘက်၏ Jumanji(1981) ရုပ်ပြစာအုပ်ကို အခြေခံရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဂျိတ်ကတ်ဒန်က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

Jumanji ဇာတ်ကားအတွက် ဇာတ်ညွှန်းကိုဇာတ်ညွှန်းရေးဆရာ ဂျက်ပင်ကနာနှင့် ကော့ရိုဆင်ဘာ့တို့က ရေးသားပေးထားသည်။

Jumanji ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းကို လော့အိန်ဂျလိစ်မြို့၌ ယခုသီတင်းပတ်အတွင်း စတင်နေပြီဖြစ်သည်။

Ref : Russia Today

Trs : KKO



# ၅၁ နှစ်မြောက် ရခိုင်ပြည်နယ်နေ့ကို ဒီဇင်ဘာ ၁၅ ရက်တွင် စစ်တွေမြို့ရှိ ဦးဥတ္တမခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

**စစ်တွေ နိုဝင်ဘာ ၁၉**

၅၁ နှစ်မြောက် ရခိုင်ပြည်နယ်နေ့ကို ဒီဇင်ဘာ ၁၅ ရက်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ဦးဥတ္တမခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ် အစိုးရအဖွဲ့ အဖွဲ့ဝင် ရခိုင်ပြည်နယ် ဥပဒေချုပ် ဦးလှသိန်းထံမှ သိရသည်။

အဆိုပါ ရခိုင်ပြည်နယ်နေ့ အခမ်းအနားတွင် ရခိုင်တိုင်းရင်းသားရိုးရာ ယိမ်းအကအလှများဖြင့် ဖျော်ဖြေတင်ဆက်သွားမည့်အပြင် တေးဂီတ ဖျော်ဖြေပွဲများနှင့် အားကစားပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

"နှစ်စဉ်ကျင်းပဖြစ်တဲ့ ရခိုင်ပြည်နယ်နေ့ အခမ်းအနားကို ဒီနှစ်မှာလဲ စည်စည်ကားကား ကျင်းပသွားဖို့ရှိပါတယ်။ တေးဂီတဖျော်ဖြေရေး အစီအစဉ်တွေ၊ အားကစားပွဲတွေလဲပါမယ်။ အဲဒီနေ့မှာ ရခိုင်ပြည်နယ်က သက်ဆိုင်ရာကဏ္ဍတွေမှာ စွမ်းစွမ်းတမံ ထူးချွန်စွာ တာဝန်ထမ်းဆောင်ခဲ့သူတွေကို စီမံထူးချွန်ဆု၊ လယ်ယာစီးပွားထူးချွန်ဆု၊ စက်မှုစီးပွားထူးချွန်ဆု၊ လူမှုထူးချွန်ဆုနဲ့ ပြည်နယ်ဝန်ကြီးချုပ်ရဲ့ ဂုဏ်ပြုမှတ်တမ်းလွှာတွေ ပေးအပ်ချီးမြှင့်သွားမှာဖြစ်ပါတယ်"ဟု ရခိုင်ပြည်နယ် ဥပဒေချုပ် ဦးလှသိန်းက ပြောပြသည်။

ရခိုင်ပြည်နယ်နေ့ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ အသီးသီးဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ၁၉၇၅ ခုနှစ်မှ စတင်ကာ နှစ်စဉ် ဒီဇင်ဘာ ၁၅ ရက်ကို ရခိုင်ပြည်နယ်နေ့အဖြစ် သတ်မှတ်ပေးထားကြောင်း ရခိုင်ပြည်နယ် အစိုးရအဖွဲ့ အဖွဲ့ဝင် ရခိုင်ပြည်နယ် ဥပဒေချုပ် ဦးလှသိန်းထံမှ သိရသည်။

ASH

# Ceremony to hand over the National Flag to the Myanmar sports contingent that will take part in the 33rd Southeast Asian Games held; Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing delivers address



Senior General Min Aung Hlaing addresses the ceremony to hand over the National Flag to the Myanmar sports contingent that will take part in the 33rd Southeast Asian Games.

**Nay Pyi Taw November 19**

A ceremony to hand over the National Flag to the Myanmar sports contingent that will take part in the 33rd Southeast Asian Games (SEA Games) in Thailand was held at Wunnatheikdi Indoor Stadium A in Nay Pyi Taw this morning, addressed by Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing who presented the Flag.

Also present were SSPC member Prime Minister U Nyo Saw, SSPC Secretary Joint Executive Chief General Ye Win Oo, SSPC members, union ministers, union level dignitaries, senior military officers from Office of Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, members of Myanmar Olympic Council, presidents and vice presidents of Myanmar sports federations, invited guests, athletes, managers, coaches of the contingent, and officials.

First, the athletes of the contingent introduced themselves team wise.

In his address the Senior General said the 33rd SEA Games to be held in Thailand from 9 to 20 December 2025 is just around the corner. He expressed belief that all the athletes are physically, spiritually and technically ready for the games.

He said as the entire people have witnessed sportsmen and sportswomen undergoing vigorous training and conducting trial runs with zeal, diligence and perseverance, they are supporting them with high hopes.

As the slogan, "Practice makes perfect, perfect brings confidence, confidence ignites courage, and courage ensures victory" it is believed that athletes now have sufficient training and are ready to partake in the games with confidence and eagerness for success.



Senior General Min Aung Hlaing inspects sports equipment.



Senior General Min Aung Hlaing inspects a display of sports equipment.

The coming SEA Games is a good opportunity for athletes to win medals for the country and practically show their brilliant sports ability. The entire nation is expecting that all athletes of the contingent will surely grab this opportunity and bring honour to the nation. People of the entire country believe that athletes will realize their belief and expectations with all-out efforts.

The 33rd SEA Games will include 54 sports events, and Myanmar has provided time and training facilities for the sportsmen and sportswomen to take part in 38 events with greater ability. The training sessions for national selections include 14 awareness programs on medical and psychological knowledge and banned drugs. In addition, the State bore the cost of medicines, food, allowances, training equipment and other expenses.

The country has sent the athletes of the contingent to take part in 29 sports events in foreign countries for 119 times, joint training sessions in foreign countries in 16 events for 30 times, and hired five foreigner coaches at the government's expense in enabling them to have international experience and standard qualification. In the 32nd SEA Games, Myanmar took part in 19 events and won 21 gold medals, 25 silver medals and 68 bronze medals, totalling 114, and the State awarded Ks 333,300,000 as prize money.

The contingent to the 33rd SEA Games must strive to win more medals than the previous one. Only then, will Myanmar be able to document its victory in sports history and improve its image.

He stated that as the Southeast Asian Games are the highest level of sports competition in the ASEAN region, they should aim and strive to continue competing in the Asian and World Olympic Games after this competition. He noted that a sports competition is also a contest of ability that fairly demonstrates a nation's and a people's health, perseverance, diligence, effort, and unity.

He also advised that since it concerns the dignity of the motherland, Myanmar, and all its citizens, the goal of winning every competition must be recognized and internalized as a national duty resting on the shoulders of all members of the Myanmar sports team.

He stated that the sports sector is crucial for the longevity and health of the entire nation, emphasizing that promoting the sports sector encourages patriotism and the desire to protect the country, in line with the motto, "promoting sports is akin to defending and safeguarding the nation."

For this reason, during their tenure, the Ministry of Health and Sports was separated into the Ministry of Health and the Ministry of Sports and Youth Affairs on August 1, 2021. He explained that the objective is to nurture young people to become good citizens,

*See Page 14*

# Combined inspection teams continue wiping out KK Park and Shwe Kokko areas where online fraud, gambling and criminal activities are committed



Seizure of computers that were being used to conduct online scam gambling within the Shwe Kokko area.



Scenes of buildings being demolished and destroyed; these structures were used for conducting online scam gambling operations within the KK Park area.

**Nay Pyi Taw November 19**

As the government of Myanmar is prioritizing the elimination of online fraud and online gambling—which pose threat to global and international community—as part of national duty.

While working to eliminate online fraud and gambling, starting in October, Mulaei Alin Company and Tran-Asia International Holding Group (Thailand) began operations in the Myawady-Maehtawthalay (KK Park) area. Moreover, to show reasons for carrying out regional economic development, a project was established in the Shwe Kokko area, which had previously been halted. From the morning of 18 November, combined operation teams including security forces and administrative bodies have been carried out in these areas.

In these efforts, those involved in online fraud and gambling who have been apprehended are being properly scrutinized and systematically handed over to the relevant countries. To ensure that online fraud and gambling cannot reestablish themselves in the region and to prevent further criminal activities, unauthorized structures in the area are being completely demolished. These demolitions are carried out systematically using machinery and advanced technological methods to dismantle and destroy the buildings effectively.

As of 6 pm today, out of 635 structures used for online scams and gambling in the Myawady–Maehtawthalay (KK Park) area, 170 have been completely demolished, and the remaining 465 structures are continuing to be dismantled.

The elimination activities were carried out in Shwe Kokko area starting yesterday. Today's processes continued till 6 pm to arrest 184 Chinese citizens, three Malaysian, 14 Filipino, two Nepalese, six Thai citizens, seven Vietnamese, one Nigerian and 48 Indonesian, totalling 265 from 13 buildings constructed without permit. Moreover, a total of 2,339 computers, 2,950 mobile phones and a large number of industrial accessories used in operating online fraud and gambling were also seized there. According to the information on wiping Shwe Kokko area off, a total of 611 foreign nationals under scrutiny living in Myanmar illegally were arrested together with 2,653 computers, 19,650 mobile phones and a large number of industrial materials used in the online fraud and gambling. The combined teams continue the elimination operation.



Seizure of mobile phones that were being used to conduct online scam gambling within the Shwe Kokko area.

Those arrestee foreign citizens are being detained at the building in Lonhtinwun of Shwe Kokko Village, Pulwepu Village-tract in Myawady Township. The Illegal Foreigner Investigation Team verified 200 foreign nationals. Moreover, compilation of biography and records of those arrestees are being conducted by departmental teams so as to hand over those arrestees to relevant countries as quickly as possible.

The government has taken the elimination of online fraud and gambling as a national duty. Efforts will continue to ensure that such activities cannot take root within the country, in coordination not only with domestic forces but also with the governments of neighbouring countries. 100



Officials conducting necessary inspections and procedures within the Shwe Kokko area to facilitate the handover of apprehended illegal immigrants to their respective countries.



The process of identifying, investigating, and apprehending illegal immigrants found within the Shwe Kokko area.

# Farmers harvest all plantations of corns in Sagaing Region



Newly harvested corns seen in a field.

**Sagaing November 19**

Statistics of Sagaing Township Agriculture Department of Sagaing Region stated that local farmers have reaped all sown acreage of corns in the township.

They planted 6,405 acres of millet as monsoon crops in Sagaing Township this year. Starting from August, they harvested the crops, and yielded 21,000 cobs of crons per acre.

U Myo Thant Aung, the Head of Sagaing Township Agriculture Department, disclosed: "This year, local farmers could grow 6,405 acres of sweet corns as monsoon crops in Sagaing Township. Now, they have harvested all acreage of sweet corns. Our department raised farmer awareness of prevention of pests and using agricultural technoques for boosting per-acre yield."

Officials of the Township Agriculture Department helped local farmers with training courses for enhancement of farmer capacity to grow corns, field demonstration, prevention of FAW and use of traditional pesticides.

Local farmers need to cost K500,000 per acres of growing maize but it yields 50 baskets per acre. Likewise, they need to cost more than K500,000 per acre of growing sweet corns but it yields 15,000 cobs per acre. 206

# Ngaputaw Township sells 70,000 viss of soft-shell crabs to Yangon market

**Ngaputaw November 19**

Local fishery entrepreneurs from Ngaputaw Township of Ayeyawady Region supplied 70,000 viss of soft-shell crabs to Yangon market in October, said Daw Myint Myint Htay, the owner of fishery product trading depot in Ngaputaw Township.

In Ngaputaw Township, a total of 45,000 viss of soft-shell crabs were sold to the Yangon market during the month of September this year. In October, the volume increased to 70,000 viss of soft-shell crabs supplied within one month.

"Yangon market has been purchasing more soft-shell crabs than before. Compared to the previous month, we exported and sold up to 70,000 viss this time. As exports to the Yangon market increased, the current soft-shell crab price has become stable. Most of the soft-shell crabs from this area are mainly exported and sold to the Yangon market," said Daw Myint Myint Htay.



Photo shows soft-shell crabs.

Local traders from Ngaputaw Township sell K17,500 to K35,000 per viss of soft-shell crabs. Trading of soft-shell crabs help local fishermen, businespersons, truck drivers and freight workers earn increased incomes for improvement of their livelihoods.

Kyaw Kyaw Lin

# All plantations of maize harvested in ChaungU Township

**ChaungU November 19**

Local farmers have so far reaped all sown acreage of maize and sweet corns in ChaungU Township of Sagaing Region, according to the township Agriculture Department.

In ChaungU Township, a total of 1,397 acres of maize were cultivated during this year's monsoon crop season — 92 acres of seed maize and 1,305 acres of sweet corn. Harvesting began in October, and as of now, it is reported that all cultivated fields have been harvested. The maize yielded an average of 43.35 baskets per acre, while the sweet corn produced over 15,000 ears per acre.

"This year, a total of 1,397 acres of seed maize and sweet corn were cultivated in ChaungU Township. All of the maize fields have now been fully harvested. To ensure successful and healthy production, we provided awareness programmes and guidance to help farmers prevent pest and disease infestations," said U Tint Shwe, Head of the ChaungU Township Agriculture Department.

During this year's season, the Township Agriculture Department supported maize farmers by conducting training courses, field demonstrations, and awareness programmes on pest and disease prevention, integrated crop protection, and the proper use of biological and chemical pesticides, including Neem-based solutions and pest management for ginger and chili crops.

In ChaungU Township, the average yield of seed maize was over 50 baskets per acre, with a production cost of around K500,000 per acre. For sweet corn, yields averaged 15,000 ears per acre, with production costs also exceeding K500,000 per acre. 206

*From Page 12*

sound in mind and body, by encouraging them to pursue sports alongside their education from a young age, thereby achieving all five aspects of physical and mental strength.

He stated that the State has continually honored athletes who brought home medals from past Asian and Southeast Asian Games by presenting them with awards, and also by granting them monthly allowances for the rest of their lives starting from the age of 60. Furthermore, on major national holidays, national sports heroes are deservedly recognized and honored with titles such as the Wunna Kyaw Htin Title, the Social Excellence Award (First, Second, and Third Class). He mentioned that as of 2025, a total of 212 individuals have been honored, including 21 Wunna Kyaw Htin Titles, 65 Social Excellence Awards (First Class), 48 (Second Class), and 78 (Third Class). He added that the remaining national sports heroes to be honored will continue to be reviewed and awarded, and the male and female athletes who win medals for the State in the current competition will receive similar benefits.

He stated that the national selected athletes who will compete representing the State are now fully and firmly equipped with factors such as good health, technical mastery, high athletic performance, and excellent standards. Therefore, he reiterated his encouragement to all members of the Myanmar sports team to base their efforts on patriotism and nationalistic spirit, exerting their utmost diligence, perseverance, and effort to achieve victory in the competition and uplift the honor of the motherland.

He wished to state that the sporting achievements that emerge from this major competition will be deservedly recognized and honored with awards. Finally, he extended the State's gratitude to everyone, including the Myanmar sports federations, who aided and supported in all aspects for their participation in the 33rd Southeast Asian Games.

He concluded by urging all members of the Myanmar sports contingent to compete with utmost effort, driven by the nationalistic resolve to uplift the dignity of the nation and the people; to cooperate and assist each other with team spirit and family spirit throughout the competition; to compete fairly and cleanly with the spirit of good global citizens, thereby fulfilling their duty as good sports goodwill ambassadors who further enhance the existing friendship among the sibling nations of the Southeast Asian region; and to strive to keep the flag of the Republic of the Union of Myanmar flying high as heroes of sport who elevate the honor of the country and the nation.

Subsequently, the Senior General presented the flag of the Republic of the Union of Myanmar to the Union Minister for Sports and Youth Affairs, Jeng Phang Naw Taung, as the Victory Flag for the 33rd Southeast Asian Games.

Following this, the Union Minister for Sports and Youth Affairs briefed the Senior General on the preparations made by the Myanmar sports team competing in the 33rd Southeast Asian Games.

The report stated that the Senior General then went around greeting and encouraging the sports teams that will participate in the 33rd Southeast Asian Games and inspected the equipment to be used by the teams for each sport in their respective exhibition rooms, providing necessary instructions and fulfilling requirements based on the presentations made by the officials. 100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၂၄၈၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကလေး နိုဝင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၂၄၈၂ ကေထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၁၁၁၉၅ ကေစိုက်ပျိုးရန် လျာထားပြီး အဆိုပါပဲပုပ်စိုက်ပျိုးမှုကို ယခုနှစ် အောက်တိုဘာလပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကလေးမြို့နယ်တွင် ၂၂၁၅ ကေ၊ ကလေးဝမြို့နယ်တွင် ၃၈ ကေ၊ မင်းကင်းမြို့နယ်တွင် ၂၂၉ ကေ စုစုပေါင်း၂၄၈၂ ကေထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးခရိုင်မှာ ပဲပုပ် ကေ ၁၁၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ကေ ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပိုးမွှားကျရောက်မှုမရှိစေဖို့အတွက် ပညာပေးတာတွေလဲ ဆောင်ရွက်ပေးနေပါတယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် စိုက်ပျိုးရန်အတွက် မြို့နယ် အလိုက် လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် ၈၉၇၉ ကေ၊ ကလေးဝမြို့နယ်တွင် ကေ၂၆၀၊ မင်းကင်းမြို့နယ်တွင် ၁၉၅၆ ကေ စုစုပေါင်း ၁၁၁၉၅ ကေ ဖြစ်ကြောင်း သိရသည်။

ပဲပုပ်ကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲပုပ်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးမုတ်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ နိုဝင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးမုတ်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးဦးက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် စက်တင်ဘာလအတွင်းက ငါးမုတ်ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ငါးမုတ်ပိဿာချိန် ၆၉၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါငါးမုတ်များကို ပြည်တွင်းဈေးကွက်တွင် ဝယ်ယူမှုကောင်းလာခြင်းကြောင့် တင်ပို့မှုကောင်းလာခြင်းဖြစ်ကြောင်း သိရသည်။

"ငါးမုတ်တွေက ရန်ကုန်ကို တင်ပို့ရောင်းချမှု ကောင်းလာခဲ့တာပါ။ ပြီးခဲ့တဲ့ တစ်လအတွင်း ငါးမုတ်ပိဿာချိန် ၆၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဘက်ကနေ ဒီဘက်ကတင်ပို့ရောင်းချတဲ့ ငါးမုတ်တွေအဝယ် လိုက်လာလို့တင်ပို့မှုကောင်းခဲ့တာပါ။ ဒေသပွဲရုံတွေဆီ ငါးမုတ်တွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ပွဲရုံတွေဆီဝင်လာတဲ့ ငါးတွေကလဲ လတ်ဆတ်မှုရှိပါတယ်။ ကုန်တင်ပို့မှုကောင်းလာတော့ ရေလုပ်ငန်းနဲ့ ဆက်စပ်နေသူတွေ အဆင်ပြေနေတာတွေ့ရပါတယ်။ ဒီဘက်ဒေသကထွက်တဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချနေတယ်" ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးဦးက ပြောပြသည်။



ဖျာပုံမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးမုတ်အပါအဝင် ဒေသထွက်ရေထွက်ကုန်များကိုဝယ်ယူပြီး စနစ်တကျစစ်ဆေးသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးမုတ်တစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကော့ကရိတ်မြို့နယ် နောင်ထပွံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကော့ကရိတ် နိုဝင်ဘာ ၁၉**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နောင်ထပွံကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၁၈ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဆာဒေါက်ဖော့က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှု ကော်မတီဝင်များနှင့်အတူ နောင်ထပွံကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၅ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၃၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၄၇၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ကိုသက်**




# ပန်းတနော်မြို့နယ် ပိတောက်စုကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းများပြီးစီးမှု စစ်ဆေး



**ပန်းတနော် နိုဝင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ပိတောက်စုကျေးရွာ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေ၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေများဖြင့် ကျေးရွာတွင်းလမ်းဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။


ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပန်းတနော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးလှိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဝန်ထမ်းများက ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ကော်မတီဝင်များနှင့်အတူ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လမ်းရေရှည်တည်တံ့ခိုင်မြဲစေရေး ကော်မတီဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများ ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်းစောင့်ရှောက်သွားရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ပိတောက်စုကျေးရွာ၌ အရှည် ၁၁၉၇ပေ၊ အကျယ် ရှစ်ပေ၊ အမြင့် ရှစ်လက်မရှိ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းကို၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ်သိန်း ၃၀ စုစုပေါင်း ငွေကျပ်သိန်း ၁၈၀ အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အင်ဂျင်နီယာများ၏ နည်းပညာအကူအညီဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အောက်တိုဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများ ပြီးစီးသွားသဖြင့် ကျေးရွာရှိ အိမ်ခြေ ၈၈အိမ်မှ လူဦးရေ ၃၉၆ ဦးတို့၏ လမ်းပန်းဆက်သွယ်ရေး လွယ်ကူ အဆင်ပြေတော့မည် ဖြစ်ကြောင်း ပန်းတနော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးလှိုင်က ပြောပြ၍ သိရသည်။

**ငြိမ်းသူ(စလင်း)**

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။





ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်ထံ ၃၃ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်နိုင်ရေးအလံအဖြစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အပ်နှင်းစဉ်။

ရှေ့ဖုံးမှအဆက်

ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီး များ၊ မြန်မာနိုင်ငံအိုလံပစ်ကောင်စီအဖွဲ့ဝင် များ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ ဖိတ်ကြားထား သူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့် တာဝန်ရှိသူ များ တက်ရောက်ကြသည်။

ဦးစွာ ၃၃ ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်မည့်မြန်မာအားကစားအဖွဲ့ဝင်များက အသင်းအလိုက်ဂါရဝပြုမိတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြား ရာတွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက် ထိ ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး စတင်ကျင်းပရန် ရက်ပိုင်းခန့်သာလိုတော့ကြောင်း၊ သွားရောက် ပြိုင်ပွဲဝင်ကြမည့် အားကစားမောင်မယ်များ အားလုံးရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ၊အားကစား ပညာရပ်ပိုင်းဆိုင်ရာ အပါအဝင်အစစအရာရာ အသင့်ဖြစ်နေကြပြီဟု ယုံကြည်ကြောင်း။

နိုင်ငံတစ်ဝန်းရှိ မိဘပြည်သူများ အားလုံးကလည်း အားကစားမောင်မယ်များ ၏ ဇွဲ၊ လုံ့လ၊ ဝီရိယ အပြည့်အဝဖြင့် **“ပွဲမဝင် ခင် အပြင်ကကျင်းပ”** ဆိုသည့်အတိုင်း အားကြိုးမာန်တက် ပြင်းပြင်းထန်ထန် လေ့ကျင့်ပြင်ဆင်နေကြသည်များကို တွေ့မြင် သိရှိကြပြီး အောင်မြင်မှုရရှိရေးအားပေးကြ ရန် စိတ်အားထက်သန်လျက်ရှိကြကြောင်း။

**“လေ့ကျင့်မှ ကျွမ်းကျင်၊ ကျွမ်းကျင်မှ ယုံကြည်၊ ယုံကြည်မှ ရဲရင့်၊ ရဲရင့်မှ အောင်ပွဲခံ”** ဆိုသည့်အတိုင်း လေ့ကျင့်သားပြည့်ဝပြီး ယုံကြည်မှုခိုင်မာစွာဖြင့် အောင်နိုင်လိုစိတ် များ အပြည့်နှင့်ယှဉ်ပြိုင်ကြရန် အသင့်ဖြစ် နေကြပြီဟုလည်း မျှော်လင့်ကြောင်း။

အားကစားမောင်မယ်တို့အတွက် ယခု ပြိုင်ပွဲကြီးသည် နိုင်ငံတော်အတွက်ဆုတံဆိပ် များဆွတ်ခူးပြီး အားကစားလူချွန်လူကောင်း များဖြစ်သည်ကို လက်တွေ့ပြသနိုင်မည့် အခွင့်အလမ်းကောင်း တစ်ရပ်လည်းဖြစ် ကြောင်း၊ အဆိုပါအခွင့်အလမ်းကြီးကို အမိ အရဆုပ်ကိုင်ပြီး နိုင်ငံ့ဂုဏ်ကိုမြှင့်တင်သွားနိုင် ကြမည်ဟုလည်း နိုင်ငံတော်နှင့် ပြည်သူ တစ်ရပ်လုံးက ယုံကြည်မျှော်လင့်လျက်ရှိ ကြောင်း၊ ထိုသို့နိုင်ငံတော်နှင့် မိဘပြည်သူ များ၏ ယုံကြည်မျှော်လင့်ချက်များကို အကောင်အထည်ဖော်ရန် မောင်တို့မယ်တို့ အနေဖြင့် ရေကုန်ရေခန်းအားထုတ်ကြိုးပမ်း သွားကြမည်ဟုလည်း အလေးအနက် ယုံကြည်ကြောင်း။

**အရှေ့တောင်အာရှအားကစားပြိုင်ပွဲသည် အာဆီယံဒေသတွင်း၌ အမြင့်မားဆုံး အားကစားပြိုင်ပွဲတစ်ခုဖြစ်သည့်အတွက် ယခုပြိုင်ပွဲမှတစ်ဆင့် အာရှနှင့် ကမ္ဘာ့အိုလံပစ် ပြိုင်ပွဲများထိ ဆက်လက်ပြီးဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး မျှော်မှန်းကြိုးပမ်းသွားကြ စေလို . . .**

**အားကစားပြိုင်ပွဲဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ကျန်းမာကြံ့ခိုင်မှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယကြိုးပမ်းအားထုတ်မှုများနှင့် စည်းလုံးညီညွတ်မှုများကို တရားမျှတစွာ ဖော်ထုတ်ပြသနိုင်သည့် စွမ်းရည်ယှဉ်ပြိုင်မှုလည်းဖြစ် . . .**

၃၃ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အားကစားနည်း ၅၄ မျိုး ထည့်သွင်းကျင်းပမည်ဟုသိရှိရပြီး မိမိတို့ နိုင်ငံအနေဖြင့် အချိန်ယူစခန်းသွင်းလေ့ကျင့် ခဲ့ပြီး အဆင့်မီမီပါဝင်ယှဉ်ပြိုင်နိုင်မည့် အားကစားနည်း ၃၈ မျိုးတွင် ပါဝင်ယှဉ်ပြိုင် ကြမည်ဖြစ်ကြောင်း၊ လက်ရွေးစင်အားကစား သမားများကိုလေ့ကျင့်ရာတွင် အထောက် အကူပြုရေးအတွက် အားကစားဆေးဘက် ဆိုင်ရာ၊ စိတ်ပညာဆိုင်ရာနှင့် တားမြစ်ဆေး ဝါးအကြောင်း အသိပညာဆွေးနွေးပွဲပေါင်း ၁၄ ကြိမ် ကျင်းပပေးခဲ့ခြင်းအပြင် လက်ရွေးစင် အားကစားသမားများအတွက် ဆေးပစ္စည်း များဖြည့်တင်းပေးခဲ့ပြီး စခန်းသွင်းလေ့ကျင့် ရေးအတွက်စားစရိတ်၊ ထောက်ပံ့ကြေး၊ လေ့ကျင့်ရေးသုံးပစ္စည်း၊ ပြိုင်ပွဲသုံးပစ္စည်း ကုန်ကျစရိတ်များကိုလည်း နိုင်ငံတော် ဘဏ္ဍာမှ ကျခံသုံးစွဲဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ကြောင်း။

ထို့အပြင် ပြိုင်ပွဲတွင် အဆင့်မီမီယှဉ်ပြိုင်ရန် နှင့် ပြည်ပအတွေ့အကြုံရရှိစေရန်အတွက် ပြည်ပနိုင်ငံများသို့ အားကစားနည်း ၂၉ မျိုး ကို ၁၁၉ကြိမ် သွားရောက်ယှဉ်ပြိုင်စေခဲ့ပြီး ဖြစ်ကြောင်း၊ ပြည်ပနိုင်ငံများတွင် ပူးတွဲ လေ့ကျင့်မှုအဖြစ် အားကစားနည်း ၁၆ မျိုး ကို အကြိမ် ၃၀ စေလွှတ်လေ့ကျင့်စေခဲ့ ကြောင်း၊ နိုင်ငံခြားသားနည်းပြ ငါးဦးကို လည်း နိုင်ငံတော်စရိတ်ဖြင့် ငှားရမ်းလေ့ကျင့် စေရေးစီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ပြီးခဲ့ သည့် ၃၂ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာအသင်းသည် အားကစားနည်း ၁၉နည်း ဝင်ရောက်ယှဉ်ပြိုင် ရာမှ ရွှေတံဆိပ် ၂၁ ဆု၊ ငွေတံဆိပ် ၂၅ ဆု၊ ကြေးတံဆိပ် ဖ၈ ဆု စုစုပေါင်း ၁၁၄ ဆုရရှိခဲ့ သည်ကို နိုင်ငံတော်က ဆုကြေးငွေ စုစုပေါင်း ငွေကျပ် ၃၃၃၃၀၀၀၀၀(ကျပ် သုံးထောင် သုံးရာသုံးဆယ့်သုံးသိန်းတိတိ) ချီးမြှင့်ခဲ့ ကြောင်း။

ယခု ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို သွားရောက်ယှဉ်ပြိုင် မည့် မြန်မာအားကစားအဖွဲ့အနေဖြင့် ယခင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် အကြိမ်များထက် ဆုတံဆိပ်ပိုမိုရရှိအောင် စွမ်းဆောင်ပေးကြ ရန်မှာကြားလိုကြောင်း၊ သို့မှသာ မြန်မာ အားကစားအဖွဲ့၏ အောင်မြင်မှုသမိုင်းကို တိုးတက်မှုနှင့် မှတ်တမ်းတင်သွားနိုင်ကြ မည်ဖြစ်သကဲ့သို့ နိုင်ငံ့ဂုဏ်ကိုလည်း မြှင့်တင် ပေးရာရောက်မည်ဖြစ်ကြောင်း။

**အရှေ့တောင်အာရှအားကစားပြိုင်ပွဲသည် အာဆီယံဒေသတွင်း၌ အမြင့်မားဆုံး အားကစားပြိုင်ပွဲ တစ်ခုဖြစ်သည့်အတွက် ယခုပြိုင်ပွဲမှတစ်ဆင့် အာရှနှင့် ကမ္ဘာ့ အိုလံပစ်ပြိုင်ပွဲများထိ ဆက်လက်ပြီး ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး မျှော်မှန်းကြိုးပမ်း သွားကြစေလိုကြောင်း၊ အားကစားပြိုင်ပွဲဆို သည်မှာ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ကျန်းမာကြံ့ခိုင်မှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယကြိုးပမ်း အားထုတ်မှုများနှင့် စည်းလုံးညီညွတ်မှုများ ကို တရားမျှတစွာဖော်ထုတ်ပြသနိုင်သည့် စွမ်းရည်ယှဉ်ပြိုင်မှုလည်းဖြစ်**ကြောင်း။

အမိမြန်မာနိုင်ငံတော်နှင့် မြန်မာနိုင်ငံသား အားလုံး၏ဂုဏ်သိက္ခာနှင့် သက်ဆိုင်၍လည်း ပြိုင်ပွဲတိုင်း အနိုင်ရရှိရေးသည် အမျိုးသား ရေးတာဝန်တစ်ရပ်အဖြစ် မြန်မာအားကစား အဖွဲ့ဝင်အားလုံး၏ ပခုံးထက်တွင်ရှိနေသည် ကိုလည်း သတိပြုနှလုံးသွင်းထားကြရမည် ဖြစ်ကြောင်း။

တစ်မျိုးသားလုံး သက်ရှည်ကျန်းမာစေ ရေးအတွက် အားကစားကဏ္ဍသည် အရေး ကြီးကြောင်း၊ **“အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်း ဖြစ်သည်”**ဆိုသည့် ဆောင်ပုဒ်အတိုင်း အားကစားစိတ်ဓာတ်သည် တိုင်းချစ်ပြည် ချစ်စိတ်ကိုဖြစ်ပေါ်လာစေပြီး တိုင်းပြည် ကို ကာကွယ်စောင့်ရှောက်လိုသည့်စိတ် ပေါ်ပေါက် လာစေမည်ဖြစ်သည့်အတွက် အားကစားကဏ္ဍကို အားပေးမြှင့်တင်ဆောင် ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့တာဝန်ယူနေစဉ် ကာလတွင် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနကို ၂၀၂၁ ခုနှစ် ဩဂုတ် ၁ရက် က ကျန်းမာရေးဝန်ကြီးဌာနနှင့် အားကစား နှင့်လူငယ်ရေးရာဝန်ကြီးဌာနဆိုပြီး သီးခြား စီ ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ကြောင်း၊ လူငယ်များ အနေဖြင့် ငယ်ရွယ်စဉ်ကတည်းက ပညာ သင်ယူခြင်းနှင့်အတူ အားကစားလိုက်စား ခြင်းဖြင့် ကျန်းမာကြံ့ခိုင်ပြီး ဗလငါးတန်ပြည့်ဝ သည့် နိုင်ငံ့သားကောင်းများဖြစ်လာအောင် ပြုစုပျိုးထောင်သွားမည့် ရည်ရွယ်ချက်ပင် ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ခေတ်အဆက်ဆက် က အာရှအားကစားပြိုင်ပွဲနှင့် အရှေ့တောင် အာရှအားကစားပြိုင်ပွဲများတွင် ဆုတံဆိပ် များရယူပေးခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကြီးများကို စဉ်ဆက်မပြတ် ဂုဏ်ပြုချီးမြှင့်ပေးခဲ့ပြီး အသက် ၆၀ ပြည့် မြောက်သည့်အချိန်မှစ၍ သက်ရှိထင်ရှားရှိ နေသမျှ ကာလပတ်လုံး လစဉ်ထောက်ပံ့ငွေ များချီးမြှင့်ပေးအပ်လျက်ရှိကြောင်း၊ ထို့ပြင် နိုင်ငံတော်၏ နေ့ကြီး၊ ရက်ကြီးများတွင် လည်း နိုင်ငံ့ဂုဏ်ဆောင် အားကစားသမား များကို ဝဏ္ဏကျော်ထင်ဘွဲ့၊ လူမှုထူးချွန်တံဆိပ် ပထမဆင့်၊ ဒုတိယဆင့်နှင့် တတိယဆင့် စသည်ဖြင့် ထိုက်ထိုက်တန်တန်ချီးမြှင့် ဂုဏ်ပြုပေးလျက်ရှိကြောင်း၊ ၂၀၂၅ ခုနှစ် ထိ ဝဏ္ဏကျော်ထင်ဘွဲ့ ၂၁ ဦး၊ လူမှုထူးချွန် တံဆိပ်(ပထမဆင့်) ၆၅ ဦး၊ လူမှုထူးချွန် တံဆိပ် (ဒုတိယဆင့်) ၄၈ဦး၊ လူမှုထူးချွန် တံဆိပ်(တတိယဆင့်) ၇၈ ဦး စုစုပေါင်း ၂၁၂ ဦး ချီးမြှင့်ခဲ့ပြီးဖြစ်ကြောင်း၊ ချီးမြှင့်ရန် ကျန်ရှိသည့် နိုင်ငံ့ဂုဏ်ဆောင်အားကစား သမားများကိုလည်း ဆက်လက်ပြီး စိစစ် ချီးမြှင့်ဂုဏ်ပြုပေးသွားမည်ဖြစ်သကဲ့သို့ ယခု ပြိုင်ပွဲတွင် နိုင်ငံတော်အတွက် ဆုတံဆိပ်များ ရယူပေးကြမည့် နိုင်ငံ့ဂုဏ်ဆောင်အားကစား မောင်မယ်များအနေဖြင့်လည်း အလားတူ အခွင့်အရေးများရရှိလာကြမည်ဖြစ်ကြောင်း။

ယခုနိုင်ငံတော်ကို ကိုယ်စားပြုပြီး သွားရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံ့လက်ရွေး စင်အားကစားသမားများသည် ကျန်းမာ ကြံ့ခိုင်မှု၊ နည်းစနစ်ပိုင်နိုင်ကျွမ်းကျင်မှု၊ အားကစားစွမ်းဆောင်ရည်မြင့်မားမှု၊ စံချိန် စံညွှန်းကောင်းမွန်မှု စသည့်အချက်များနှင့် ပြည့်ပြည့်ဝဝ ခိုင်ခိုင်မာမာရှိနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် **ပြိုင်ပွဲတွင်အောင်နိုင်ရေးနှင့် အမိ နိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်ရေးဆိုသည့် တာဝန်ကြီးကို မြန်မာအားကစားအဖွဲ့ဝင် များအားလုံး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကို အရင်းတည်ပြီး ဇွဲ၊ လုံ့လ၊ ဝီရိယ စိုက်ထုတ် ကာ အစွမ်းကုန်ကြိုးပမ်းသွားကြရန် ထပ်မံ တိုက်တွန်းလို**ကြောင်း။

ပြိုင်ပွဲကြီးက ပေါ်ထွက်လာမည့် အားကစား အောင်မြင်မှုများကိုလည်း ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ပေးသွားမည်ကို ပြောကြားလိုကြောင်း၊ ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကို ယခုကဲ့သို့ သွားရောက်ယှဉ်ပြိုင်နိုင်ရေး အတွက်အဘက်ဘက်က ကူညီအားပေးခဲ့ကြ သည့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များအသုံးပြုမည့် အားကစားနည်းများအလိုက် အသုံးအဆောင်ပစ္စည်းများကို ပြခန်းတစ်ခုချင်းစီအလိုက် လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

အပါအဝင်အားလုံးကို နိုင်ငံတော်ကိုယ်စား ကျေးဇူးတင်ရှိကြောင်းပြောကြားလိုကြောင်း။

မြန်မာအားကစားအဖွဲ့ဝင်များအားလုံး နိုင်ငံနှင့်လူမျိုး၏ဂုဏ်ကို မြှင့်တင်နိုင်ရေးဆိုသည့် အမျိုးသားရေးသန္နိဋ္ဌာန်ဖြင့် ရေကုန်ရေခန်းကြိုးပမ်းယှဉ်ပြိုင်သွားကြရန်၊ ပြိုင်ပွဲကာလအတွင်း အသင်းအဖွဲ့စိတ်ဓာတ်၊ မိသားစုစိတ်ဓာတ်များဖြင့် အချင်းချင်း ရိုင်းပင်းကူညီသွားကြရန်၊ နိုင်ငံကြီးသားစိတ်ဓာတ်ဖြင့် တရားမျှတသန့်ရှင်းစွာ ယှဉ်ပြိုင်ပြီး အရှေ့တောင်အာရှဒေသညီနောင်နိုင်ငံများအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုမြှင့်တင်ပေးနိုင်သည့် အားကစားချစ်ကြည်ရေး သံတမန်ကောင်းတာဝန်များကို ကျေပွန်ခဲ့ကြရန်၊ အားကစားနှင့်တိုင်းပြည်ဂုဏ်ကိုမြှင့်တင်ပေးနိုင်သည့် အားကစားသူရဲကောင်း မောင်မယ်များအနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ အောင်လံလွှင့်ပျံနေစေရေးစွမ်းဆောင်သွားကြရန် တိုက်တွန်းအားပေးမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်ထံ ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲအောင်နိုင်ရေးအလံအဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အပ်နှင်းသည်။

ထို့နောက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့၏ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များကို လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားပြီး အားကစားအဖွဲ့များအသုံးပြုမည့် အားကစားနည်းများအလိုက် အသုံးအဆောင်ပစ္စည်းများကို ပြခန်းတစ်ခုချင်းစီအလိုက် လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်ရှိ ဝါးအလယ်ကျွန်းသို့ အပန်းဖြေခရီးသွားများ စတင်ဝင်ရောက်







**ရန်ကုန် နိုဝင်ဘာ ၁၉**

ပင်လယ်ပြင်သဘာဝအလှ၊ သစ်တောနှင့် ရှားပါးတိရစ္ဆာန်များ ရှင်သန်တည်ရှိရာ လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်ကြီးတွင် ဖွင့်လှစ်ထားရှိသည့် ဝါးအလယ်ကျွန်း (Wa Ale Resort)အပန်းဖြေစခန်းသို့ခရီးသွားများ စတင်ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်သည် သဘာဝအလှတရားများ၊ ကုန်းနေ၊ ရေနေသတ္တဝါများရှင်သန်ရာ ဥယျာဉ်ကြီးတစ်ခုဖြစ်ပြီး လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်ထဲမှ ဝါးအလယ်ကျွန်း အပန်းဖြေစခန်းသည် တောတွင်း အပန်းဖြေစခန်းတစ်ခုဖြစ်၍ နိုဝင်ဘာလဒုတိယပတ်၌ စတင်ဖွင့်လှစ်ကာ မတ်လတွင် ပိတ်သိမ်းလေ့ရှိသည်။

ယခုနှစ်ခရီးသွားရာသီတွင် ပြည်တွင်းခရီးသွားများဝင်ရောက်လျက်ရှိကာ ဒီဇင်ဘာလကုန်ပိုင်းတွင် နိုင်ငံခြားခရီးသွားပိုမိုဝင်ရောက်မည်ဟု ကော့သောင်းမြို့ ခရီးသွားဝန်ဆောင်မှုကုမ္ပဏီများက ခန့်မှန်းထားသည်။

ဒီရေရောက်သစ်တောအတွင်း ကယက်လှေစီး၍ ရှားပါးအပင်မျိုးစိတ်များနှင့် ငှက်များကို လှေ့လာကြည့်ရှုနိုင်သော သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖော်ဆောင်ထားရာ သဘာဝပတ်ဝန်းကျင်နှင့် ပင်လယ်သတ္တဝါများ ထိန်းသိမ်းစောင့်ရှောက်ရာနေရာတစ်ခုအဖြစ် နိုင်ငံခြားခရီးသွားများ နှစ်ခြိုက်ကြသည်။

“ဆောင်းရာသီရောက်လာပြီဆိုရင် ဝါးအလယ်ကျွန်းရဲ့ ပင်လယ်၊ သစ်တောနဲ့ ကုန်းနေ၊ ရေနေသတ္တဝါတို့ရဲ့ သဘာဝအလှကို ကြည့်ရှုခံစားလိုတဲ့အတွက် ပြည်တွင်း၊ပြည်ပခရီးသွားတွေလာရောက်လည်ပတ်လေ့ရှိပါတယ်။ ဒီနှစ်ခရီးသွားရာသီမှာ ဝါးအလယ်ကျွန်းအပန်းဖြေစခန်းကို ခရီးသွားဝင်ရောက်နေပါပြီ။ ဒေသခံဆလုံတိုင်းရင်းသားတို့ရဲ့ ရိုးရာဓလေ့ကိုလေ့လာခွင့်ရတဲ့အပြင် သန့်ရှင်းလတ်ဆတ်တဲ့ ပင်လယ်အစားအစာတွေက နောက်တစ်ကြိမ် လာရောက်လည်ပတ်ဖို့ဆွဲဆောင်နေပါတယ်”ဟု လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးကြည်ဦးက ပြောပြသည်။

ဝါးအလယ်ကျွန်း အပန်းဖြေစခန်းတွင် ပျမ်းမျှအားဖြင့် နိုင်ငံခြားသားခရီးသွားတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၈၀၀ နှင့် နှစ်ဦးလျှင် ၁၅၀၀ဖြင့် ဝန်ဆောင်မှုပေးလေ့ရှိပြီး ခရီးသွားလာမှုမြန်ဆန်စေရန် လေယာဉ်ခရီးစဉ်များဖြင့် သွားလာလေ့ရှိကြကြောင်း သိရသည်။

ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်များ ထူးခြားစွာတည်ရှိနေသည့် လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်သည် တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုတွင်တည်ရှိသည်။ ကပ္ပလီပင်လယ်အတွင်းရှိကမ်းရိုးတန်းကီလိုမီတာ ၆၀၀ အကွာ၊ ကျွန်းပေါင်း ၈၀၀ ကျော်တွင်ပါဝင်သော အဏ္ဏဝါအမျိုးသားဥယျာဉ်ကြီးတစ်ခုဖြစ်သည်။ အမြဲစိမ်းသစ်တောများ၊ လမုတောများ၊ ပင်လယ်မြက်များ၊ သန္တာကျောက်တန်းများနှင့် ကမ္ဘာတွင် မျိုးသုဉ်းပျောက်ကွယ်လုနီးပါးဖြစ်နေသည့် ကုန်းနေ၊ ရေနေသတ္တဝါများနှင့် ရှားပါးတိရစ္ဆာန်များ၊ အပင်မျိုးစိတ်များ ရှင်သန်ကျက်စားရာ အဏ္ဏဝါဥယျာဉ်ကြီးတစ်ခုအဖြစ် ပြည်တွင်း၊ ပြည်ပခရီးသွားများကို ဆွဲဆောင်လျက်ရှိကြောင်း သိရသည်။ **သစ္စာ(MNA)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး(၅/၂၀၂၅) ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး (၅/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ရုံးအမှတ် (၁၈) အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များက Video Conference စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၅) မှတ်တမ်းကို အတည်ပြုခြင်းဆောင်ရွက်သည်။ ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် မိမိတို့အနေဖြင့် နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များကို တည်ငြိမ်မှုရှိပြီး အောင်မြင်စွာဆောင်ရွက်နိုင်ရန် ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိ မိမိတို့နိုင်ငံအပေါ် အနောက်အင်အားကြီးနိုင်ငံအချို့နှင့် ၎င်းတို့၏ ဩဇာလွှမ်းမိုးခံနိုင်ငံများအနေဖြင့် စီးပွားရေးပိတ်ဆို့ အရေးယူဆောင်ရွက်မှုများ၊ မီဒီယာအသုံးပြု ထိုးနှက်တိုက်ခိုက်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်မှုများအပေါ် နိုင်ငံတော်အကြီးအကဲ၏ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆောင်ရွက်သည့် ထိပ်သီးအစည်းအဝေးများ၊ ကမ္ဘာ့အင်အားကြီးနိုင်ငံများသို့သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်များအတွင်း နိုင်ငံတကာခေါင်းဆောင်အများအပြားနှင့် ထိတွေ့ဆက်ဆံခြင်း၊ တွေ့ဆုံဆွေးနွေးခြင်းတို့ဖြင့် မိမိတို့နိုင်ငံအပေါ် တစ်ဖက်သတ် စွပ်စွဲပြောဆိုချက်များနှင့် ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၏ ပြည်သူလူထုအပေါ် အကြမ်းဖက်တိုက်ခိုက်မှုများနှင့် အဖျက်အမှောင့်လုပ်ဆောင်ချက်များကို နိုင်ငံတကာမှ နားလည်သဘောပေါက်စေခဲ့ပြီး မိမိတို့နိုင်ငံအပေါ် နိုင်ငံတကာ၏ယုံကြည်မှုကို မြှင့်တင်ပေးခြင်းနှင့် အပြုသဘောဆောင်သည့် ထိတွေ့ဆက်ဆံမှုများကိုရရှိခဲ့ကြောင်း။

လက်ရှိကာလတွင် နယ်စပ်ဒေသများကိုအခြေပြု၍ ဖြစ်ပေါ်လျက်ရှိသော နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် နယ်စပ်အခြေပြု လက်နက်ကိုင်အဖွဲ့အစည်းများက ကာစီနိုနှင့်အွန်လိုင်းလောင်းကစားခြင်းများကို နိုင်ငံတကာ ရာဇဝတ်အဖွဲ့များနှင့်အတူ ကျူးလွန်ဆောင်ရွက်နေသည့်အတွက် နိုင်ငံတော်အစိုးရက ထိထိရောက်ရောက် ရှင်းလင်းဆောင်ရွက်နေကြောင်း၊ ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစ၍ ၂၀၂၅ ခုနှစ် နိုဝင်ဘာလလယ်ထိ နှစ်နှစ်ကျော်ကာလအတွင်း မြန်မာနိုင်ငံသို့ အိမ်နီးချင်းနိုင်ငံများမှတစ်ဆင့် တရားမဝင်ရောက်လာခဲ့သည့် နိုင်ငံပေါင်း ၅၂ နိုင်ငံမှ နိုင်ငံခြားသား ၆၈၀၀၉ ဦးကို အိမ်နီးချင်းနိုင်ငံများမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ပြည်နှင်ပြန်လည်လွှဲပြောင်းပေးခဲ့ပြီးဖြစ်ကြောင်း၊ အိမ်နီးချင်း နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် မိမိတို့နိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာပြီး နယ်စပ်ဒေသများတွင် အခိုင်အမာအခြေချ၍ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်နေသည့်လောင်းကစားအဖွဲ့များကိုလည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အင်တိုက်အားတိုက် ရှင်းလင်းဖယ်ရှား ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ လက်ရှိဆောင်ရွက်နေမှုအခြေအနေများကို နိုင်ငံတကာမှ သတင်းအမှန်အတိုင်းသိရှိနိုင်စေရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဆိုပါနယ်မြေရှိ တာဝန်ရှိသူများက ဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း။



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး(၅/၂၀၂၅) တွင် အမှာစကားပြောကြားစဉ်။

မိမိတို့နိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်နေပြီး လူမှုရေး၊ စီးပွားရေးနှင့် လုံခြုံရေးကဏ္ဍများအပေါ် များစွာဆိုးကျိုး သက်ရောက်စေလျက်ရှိကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအတွက် စီမံချက်များချထားပြီး တိုးတက်ဖမ်းဆီးနိုင်ရေးဆောင်ရွက်ခဲ့သည့်အတွက် ယခုအခါ တရားမဝင်ကုန်သွယ်မှုများ ယခင်ကထက် များစွာလျော့နည်းကျဆင်းလာသည်ကို တွေ့ရှိရကြောင်း၊ လက်ရှိအခြေအနေအရ ရနောင်း၊ ကော့သောင်း၊ ရန်ကုန်လမ်းကြောင်းတွင် ကုန်သွယ်မှုကိုလည်း ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ လက်ရှိကာလတွင် နယ်စပ်ဖြစ်သည့် မြဝတီ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့သို့ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်လာမှုမရှိစေရေး အလေးအနက်ထားပြီး တားဆီးစစ်ဆေးခြင်းများ ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးရမိမှုအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်၊ ဥပဒေများအပြင် လိုအပ်ပါက ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့်ပါ စိစစ်ဖော်ထုတ်အရေးယူနိုင်ရေး ပေါင်းစပ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှုသည် နိုင်ငံအတွက် ဘက်ပေါင်းစုံက ဆိုးကျိုးများကိုသာသက်ရောက်စေသည့်အတွက် အလုံးစုံပပျောက်စေရေးထိ ရည်မှန်းချက်ထားဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

မူးယစ်ဆေးဝါးသည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝကို ပြင်းထန်စွာ ရိုက်ခတ်စေလျက်ရှိကြောင်း၊ အဓိကအားဖြင့် လုံခြုံရေးအရ တည်ငြိမ်မှုမရှိသည့် ဒေသများနှင့် နယ်စပ်ဒေသများတွင် လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များက သယ်ယူခြင်းနှင့်ရောင်းဝယ်ဖောက်ကားခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ အထူးသဖြင့် ကျောင်းသား၊ ကျောင်းသူအရွယ်လူငယ်များကို ပစ်မှတ်ထားသုံးစွဲစေခြင်းတို့ကြောင့် မိမိတို့၏ ကျောင်းသား၊ ကျောင်းသူများ ပညာရေးထိခိုက်ခြင်းနှင့် လူ့အညွန့်ကျိုးသည့်ကိစ္စများ မဖြစ်ပေါ်စေရေးအတွက် မူးယစ်ဆေးဝါးများကို အမြစ်ပြတ်အောင်ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ကာ ထိထိရောက်ရောက် အရေးယူသွားရန် လိုအပ်ကြောင်း။

နိုင်ငံစီးပွား တိုးတက်စေရန်မှာ ကုန်ထုတ်လုပ်မှုတိုးတက်ရန် အဓိကလိုအပ်ပါကြောင်း၊ **"နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့"** ဆိုသည့် ဆောင်ပုဒ်ကို အကောင်အထည်ဖော်ရာတွင် နိုင်ငံကိုဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် ပြည်သူလူထုအားလုံးတွင် တာဝန်ရှိကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုသည် ကုန်ထုတ်လုပ်မှုကဏ္ဍအပေါ်တွင် များစွာ မူတည်နေကြောင်း၊ ကုန်ထုတ်လုပ်မှုဆိုရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလက်မှုလုပ်ငန်းများ၊ သတ္တုတူးဖော်ရေး၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများအားလုံး တစ်ခုနှင့်တစ်ခု ဆက်စပ်ပါဝင်နေပြီး နိုင်ငံ့စီးပွားရေးကို သက်ဝင်လှုပ်ရှားစေသကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းများစွာကိုလည်း ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း။

ထို့အတူ ပြည်သူများ၏ နေထိုင်စားသောက်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကုန်စည်စီးဆင်းမှုလွယ်ကူချောမွေ့စေရန်နှင့် ကုန်စည်ဈေးနှုန်းတည်ငြိမ်ရန်လည်း လိုအပ်ကြောင်း၊ ထို့ကြောင့် အခြေခံကျသည့် ဆန်ဈေးနှုန်း တည်ငြိမ်နေသည်ဆိုသော်လည်း ထုတ်လုပ်မှု၊ ဝယ်ယူမှု၊ ဖြန့်ဖြူးမှု၊ ရောင်းချမှုနှင့် စားသုံးမှု စသည့်ကွင်းဆက်များအားလုံးကို လိုက်လျောညီထွေဟန်ချက်ညီညီဖြင့် မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်ရန်လိုအပ်ကြောင်း၊ ထို့ပြင် ဆန်စပါးနည်းတူ အခြားရာသီပေါ်သီးနှံများအတွက်လည်း ရောင်းဝယ်ဖောက်ကားမှုကွင်းဆက်မှန်ကန်စေရေး ဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၏ လူမှုစီးပွားဘဝ အဆင်ပြေမှုရရှိနိုင်မည်ဖြစ်သည့်အတွက် ဈေးကွက်စစ်ဆေးရေး၊ ဈေးနှုန်းထိန်းညှိရေးနှင့် မတရားအမြတ်တင် ရောင်းချမှုများကို ထိထိရောက်ရောက် စစ်ဆေးထိန်းသိမ်းသွားရန် လိုအပ်ကြောင်း။

နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၏ အဓိကမောင်းနှင်အားဖြစ်သော စိုက်ပျိုးရေး အခြေခံကုန်ထုတ်လုပ်မှု (Agro-based Industries) ကို ယခုအခါ အဓိကဦးစားပေး ဆောင်ရွက်ရမည်ဖြစ်ပြီး အနာဂတ်ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) ပန်းတိုင်များထိ ရရှိစေရန် အလေးထားဆောင်ရွက်သွားကြစေလိုကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် နိုင်ငံဖြစ်သည့်အတွက် သီးနှံအထွက်တိုးမြှင့်ရေးသည် နိုင်ငံ၏ အဓိကပန်းတိုင်ဖြစ်ကြောင်း၊ စိုက်ပျိုးသီးနှံများ အထွက်တိုးလာမှသာ ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံအတွက် လိုအပ်သည့်စားနပ်ရိက္ခာများလည်း လုံလောက်မှုရရှိနိုင်မည်ဖြစ်သည့်အတွက် စိုက်ပျိုးရေးကဏ္ဍကို အခြေခံ၍ စီးပွားရေးကွင်းဆက် တစ်ခုလုံးကိုခိုင်မာအောင် တည်ဆောက်ရန်လိုအပ်ကြောင်း၊ ထို့ပြင် ထုတ်လုပ်မှုတိုးတက်ရေးအတွက် နည်းပညာအသုံးချမှုများ အပါအဝင် စက်မှုဖွံ့ဖြိုးတိုးတက်မှုများကို အကျိုးရှိစွာအသုံးချ၍ ပူးပေါင်းကြံဆဆောင်ရွက်သွားကြရန်လည်း လိုအပ်ကြောင်း၊ အခြေခံဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်းနှင့် နေကြာသီးနှံများ ပန်းတိုင်ရည်မှန်းချက် ပြည့်မီစွာထုတ်လုပ်နိုင်အောင် ဆောင်ရွက်နိုင်ရန်လိုအပ်ကြောင်း၊ ပန်းတိုင်ရည်မှန်းချက်ရရှိရန်အတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

စိုက်ပျိုးရေး ဆောင်ရွက်ရာတွင် တောင်သူများအား စိုက်ပျိုးမြေအမျိုးအစားကို သိရှိနားလည်၍ နည်းစနစ်တကျ စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနတို့ ပူးပေါင်း၍ အသိပညာပေးပြီး နည်းစနစ်တကျဆောင်ရွက်တတ်စေရေး ကြီးကြပ်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

ထို့ပြင် အရည်အသွေးကောင်းမွန်သည့် စားသုံးဆီများ ထုတ်လုပ်နိုင်ရန်အတွက် ဆီစက်များ အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်နိုင်ရန် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေများထုတ်ချေးပေးထားပြီးဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲအနေဖြင့်လည်း ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် မတည်ရင်းနှီးမှုများကို ခွင့်ပြုပေးလျက်ရှိကြောင်း၊ စားသုံးသူပြည်သူများအနေဖြင့်လည်း လိုအပ်သည်ထက် ဆီကိုပိုမိုစားသုံးခြင်းသည် မိမိတို့၏ကျန်းမာရေးကို ထိခိုက်စေနိုင်သည်ကိုသိရှိပြီး ဆီစားသုံးမှုကို တတ်နိုင်သမျှလျှော့ချရန် လိုအပ်သည့်အပြင် အသိပညာပေးခြင်းအစီအစဉ်များကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်စေလိုကြောင်း။

နိုင်ငံ၏ စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် ဝါ၊ ဝါး၊ ရော်ဘာအပြင် ကော်ဖီ၊ ငရုတ်ကောင်းများကို တိုးတက်စိုက်ပျိုးရန် လိုအပ်ကြောင်း၊ ယင်းသီးနှံများသည် ပြည်ပဈေးကွက်တွင် ဝယ်လိုမှုအားကောင်းသည့် အမည်များဖြစ်ကြောင်း၊ ၎င်းတို့ကိုစိုက်ပျိုးရာတွင်လည်း မျိုးကောင်းမျိုးသန့်ရရှိရန်လည်း လိုအပ်ကြောင်း၊ ဝါတွင် ချည်ထည်ထုတ်လုပ်နိုင်ရန်အတွက် ချည်မျှင်ရှည်ဝါ မျိုးကောင်းမျိုးသန့်စိုက်ပျိုးရန် လိုအပ်ကြောင်း၊ အလားတူ မိမိတို့နိုင်ငံတွင် ဝါးစိုက်ပျိုးနိုင်သည့် မြေဧကပေါင်း နှစ်သိန်းခန့်ရှိကြောင်း၊ ဝါးမှတစ်ဆင့် ပျော့ဖတ်ထုတ်လုပ်ပြီး ၎င်းမှတစ်ဆင့် အရည်အသွေးမီစက္ကူအဖြစ် တန်ဖိုးမြှင့် ပြောင်းလဲထုတ်လုပ်နိုင်ပါကြောင်း၊ ပျော့ဖတ်များကိုလည်း ပြည်ပသို့တင်ပို့၍ဈေးကွက်ဖော်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ရော်ဘာနှင့်ပတ်သက်၍လည်း ရော်ဘာအချောထည် ထုတ်ကုန်ပစ္စည်းများအဖြစ် တာယာမျိုးစုံ၊ ရော်ဘာဖိနပ် စသည့်ရော်ဘာထွက်ပစ္စည်းတို့ကို ထုတ်လုပ်၍ ပြည်တွင်းတွင် သုံးစွဲနိုင်သကဲ့သို့ ရော်ဘာတန်ဖိုးမြှင့် (Value added) အနေဖြင့် ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ကြောင်း၊ စားသောက်ကုန်ကော်ဖီသည်လည်း နေ့စဉ် ပြည်တွင်းစားသုံးမှုများပြားသည့် မရှိမဖြစ်ကုန်ပစ္စည်းဖြစ်သည့်အပြင် ပြည်ပသို့တင်ပို့ရာတွင်လည်း ဈေးကွက်ရှိသည့်စားသောက်ကုန်ပစ္စည်းဖြစ်သဖြင့် အောင်မြင်အောင် မဖြစ်မနေ တိုးချဲ့စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ အလားတူ ငရုတ်ကောင်းသည် ပြည်တွင်း၌သာမက နိုင်ငံတကာတွင် ဟင်းခတ်အမွှေးအကြိုင်အဖြစ် အသုံးပြုသည့် ဈေးကွက်ဝင်သီးနှံဖြစ်သည့်အတွက် စိုက်ပျိုးရန်ကိုက်ညီသော ဒေသများတွင် တိုးချဲ့စိုက်ပျိုးရန် လိုအပ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အသေးစား၊ အလတ်စားနှင့် အကြီးစားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုသည် အရေးပါသည့် လိုအပ်ချက်တစ်ခုလည်းဖြစ်ကြောင်း၊ **"စက်မှုစွမ်းအားခေတ်ကျော်လွှား"** ဆိုသည့်အတိုင်း စက်မှုကဏ္ဍတိုးတက်မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းများမှ ပြည်တွင်းတွင် လိုအပ်သည့် ကုန်ပစ္စည်းများကိုထုတ်လုပ်နိုင်ခြင်းကြောင့် ပြည်ပသွင်းကုန်များ လျှော့ချလာနိုင်ပြီး နိုင်ငံခြားငွေသုံးစွဲမှုများ လျော့နည်းသက်သာလာမည်ဖြစ်သည့်အတွက် တိုင်းပြည်စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်ကြောင်း၊ စက်မှုကဏ္ဍတိုးတက်စေရန်အတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုစနစ်ကို ခိုင်မာအောင် တည်ဆောက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ရင်းနှီးမြှုပ်နှံမှု၊ အခွန်အခနှင့်လုပ်ငန်းလိုင်စင်ဆိုင်ရာမူဝါဒများကို

စာမျက်နှာ ၁၉ သို့

စာမျက်နှာ ၁၈ မှအဆက်

ရှင်းလင်း၍ရိုးရှင်းအောင် ဆောင်ရွက်ပြီး စက်မှုလုပ်ငန်းများအတွက် လိုအပ်သောဝန်ဆောင်မှုနှင့် အခြေခံအဆောက်အအုံများ စုစည်းပေးထားသည့် အထူးစက်မှုဇုန်များ (Industrial Zones)ကို တည်ဆောက်ပေးထားပြီးဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းများတွင် နည်းပညာမျှဝေခြင်းများကို ထိထိရောက်ရောက်လုပ်ဆောင်ပေးနိုင်မည်ဆိုပါက မိမိတို့နိုင်ငံအတွင်းရှိ လုပ်ငန်းများတွင်လည်း စဉ်ဆက်မပြတ်တိုးတက်မှုရှိနေမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ ကုန်ထုတ်လုပ်မှု မြှင့်တင်ရေး ဆောင်ရွက်ရာတွင် MSME ကဏ္ဍသည်လည်း လွန်စွာအရေးပါလျက်ရှိသည်ကိုတွေ့ရှိရကြောင်း၊ ယနေ့ခေတ်ကာလတွင် MSME များကို ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနေသည့် စီးပွားရေးပတ်ဝန်းကျင်တွင် ရှင်သန်ရပ်တည်နိုင်ရန်အတွက် ဒစ်ဂျစ်တယ်စနစ်ကို မဖြစ်မနေ ပြောင်းလဲအသုံးပြုရန် လိုအပ်လျက်ရှိပြီး ဒစ်ဂျစ်တယ်စနစ်သည် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကို တိုးတက်လာစေသည့် အကျိုးကျေးဇူးများစွာ ရရှိစေမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် နည်းပညာ၊ ငွေကြေးနှင့် ဈေးကွက်ဆိုင်ရာ အကူအညီများစွာကို ကူညီပံ့ပိုးပေးလျက်ရှိကြောင်းနှင့် နိုင်ငံတော်အကြီးအကဲ အနေဖြင့်လည်း ကုန်ထုတ်လုပ်မှုတွင် ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် လူ့စွမ်းအားအရင်းအမြစ်ပြည့်စုံစေရေး ဆောင်ရွက်ပေးရန် လမ်းညွှန်မှာကြားထားပြီးလည်းဖြစ်သည့်အတွက် MSME လုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာစေရန် မိမိတို့အစိုးရ၊ လုပ်ငန်းရှင်နှင့် ပြည်သူများအားလုံးတို့က လက်တွဲညီညီ ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း။

ပညာရေးနှင့်ပတ်သက်၍ **“နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့”** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ မိမိတို့၏ပညာရေးဆိုင်ရာမူဝါဒများအဖြစ် လူတိုင်းအတွက် ပညာသင်ယူမှု အခွင့်အလမ်းများမြှင့်တင်ရေး၊ နိုင်ငံသားတိုင်း KG+9 ပြီးမြောက်အောင်မြင်ရေး၊ သင်ရိုးညွှန်းတမ်းများ ပြုပြင်မွမ်းမံရေး၊ ဆရာအရည်အသွေး မြှင့်တင်ရေး၊ သင်ကြားသင်ယူမှုမြှင့်တင်ရေး၊ စီမံခန့်ခွဲမှုအရည်အသွေးမြှင့်တင်ရေး တို့အပြင် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်းများ ဖွင့်လှစ်ရေးတို့ကို အားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဆရာ၊ ဆရာမများ အရေအတွက်နှင့် အရည်အချင်းများကောင်းမွန်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ဆရာ၊ ဆရာမများ အရည်အသွေး မြှင့်တင်ပေးရန်အတွက် သင်တန်းပေးခြင်းနှင့် ဘာသာစကားများ သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့ပြင် ဝေးလံခေါင်ဖျားသည့်ဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့် ဆရာ၊ ဆရာမများကို အလှည့်ကျစနစ်ဖြင့် တာဝန်ပေးအပ်ရန်လိုအပ်ပြီး ထိုက်သင့်သည့် သက်သာချောင်ချိရေးနှင့် အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ပေးရန်လည်းလိုအပ်ကြောင်း၊ ကျောင်းသားများ ရာနှုန်းပြည့်နီးပါးကျောင်းတက်ရောက်ရေး၊ အတန်းစဉ် အောင်မြင်ရေးနှင့် ပညာရေးဆုံးခန်းတိုင်အောင် သင်ကြားပေးရန်လည်းလိုအပ်ကြောင်း၊ တက္ကသိုလ်ဝင် စာမေးပွဲမအောင်မြင်သူများကိုလည်း Job Training ပေး၍ အလုပ်လုပ်နိုင်ရန် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး အထက်တန်းကျောင်းများကိုလည်း ဖွင့်လှစ်ပေးခဲ့ပြီးလည်းဖြစ်သည့်အပြင် အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာသင်တန်းများကိုလည်း ဝန်ကြီးဌာနများအလိုက် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့်အပြင် ထပ်မံတိုးချဲ့ဖွင့်လှစ်ပေးရန်လည်း လျာထားဆောင်ရွက်လျက်ရှိပါကြောင်း။

ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်၍ ယနေ့ခေတ်တွင် ကိုယ်လက်လှုပ်ရှားမှုနည်းပါးသည့်နေထိုင်မှုပုံစံကြောင့် ရောဂါများဖြစ်ပွားလျက်ရှိကြောင်း၊ ထို့ကြောင့် ကိုယ်လက်လှုပ်ရှား နည်းပါးသူများအနေဖြင့် ကျန်းမာရေးအရ လမ်းလျှောက်လေ့ကျင့်ခန်း ဆောင်ရွက်စေလိုကြောင်း၊ လမ်းလျှောက်ခြင်းသည် အချိန်မကုန်၊ ငွေကြေးကုန်ကျမှုမရှိသည့် အကောင်းဆုံးသော ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းတစ်ခုလည်းဖြစ်ကြောင်း၊ လာမည့်ဒီဇင်ဘာလသည် ကိုယ်လက်လှုပ်ရှားအားကစားရာသီ ဖြစ်သည့်အတွက် ပြည်ထောင်စုဝန်ကြီးဌာနများ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် လူထုလမ်းလျှောက်ပွဲများကို စည်စည်ကားကား သိုက်သိုက်ဝန်းဝန်းဖြင့် ပြည်သူလူထုက တက်တက်ကြွကြွဖြင့် ပါဝင်လာအောင် ယခုကာလတွင် လုပ်ဆောင်ပေးကြရန် လိုအပ်ကြောင်း။

နိုင်ငံတော်တွင် မျိုးဆက်သစ်အားကစားသမားကောင်းများ ပေါ်ထွန်းလာရန်လိုအပ်ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲအနေဖြင့် မျိုးဆက်သစ်အားကစားသမားများ မွေးထုတ်နိုင်ရန်အတွက် အခြေခံပညာကျောင်းနှင့် တက္ကသိုလ်များတွင် ဘောလုံးကွင်းများ၊ အားကစားကွင်းများအပြင် ပြည်နယ်နှင့် တိုင်းဒေသကြီးမြို့ကြီးများတွင် မိုးလုံလေလုံအားကစားရုံများ၊ Synthetic Rubber ပြေးလမ်းပါသည့် အားကစားကွင်း၊ ဘောလုံးကွင်းများကို အဆင့်မြှင့်ဆောင်ရွက်ပေးထားပါကြောင်း၊ သို့ဖြစ်၍ အဆိုပါအားကစားကွင်းများကို ရေရှည်တည်တံ့ရေးအတွက် ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရမည့်အပြင် ထူးချွန်သည့်မျိုးဆက်သစ်အားကစားသမားကောင်းများ ပေါ်ထွန်းလာစေရန်လည်း စဉ်ဆက်မပြတ်လေ့ကျင့်ပေးခြင်း၊ နည်းစနစ်များသင်ကြားလေ့ကျင့်ပေးခြင်းများ စသဖြင့် ဆောင်ရွက်ပေးကြရန် လိုအပ်မည်ဖြစ်ပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစားသမားများမွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် စီမံကိန်းဆိုင်ရာလုပ်ငန်းများတင်ပြရာတွင် ဝန်ကြီးဌာနများအနေဖြင့် မိမိတို့၏ သက်ဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုများအပေါ် မူတည်၍ စာရင်းဇယားတွင် ထည့်သွင်းဖော်ပြသည့် ကိန်းဂဏန်းများကို မှန်ကန်ရန် လိုအပ်ပြီး အရှိအတိုင်း တင်ပြကြရန် လိုအပ်ကြောင်း၊ အထူးသဖြင့် စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘဏ္ဍာရေးနှင့် သန်းခေါင်စာရင်း၊ ကုန်သွယ်ရေးကိစ္စများ စသည်တို့တွင် တိကျမှန်ကန်ရန်လိုအပ်ပါကြောင်း၊ အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ နှစ်အလိုက် လုပ်ငန်းစီမံချက်များတွင် တင်ပြလာသည့် ကိန်းဂဏန်းအချက်အလက်များသည် မြေပြင်ရှိ အခြေအနေနှင့် ကွဲလွဲတတ်သည့်အတွက် လုပ်ငန်းစီမံချက်များ လျာထားဆောင်ရွက်ရာတွင် အားနည်းမှုများဖြစ်ပေါ်လေ့ရှိသဖြင့် ကြပ်မတ်စိစစ်ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရန်လျာထားသည့် လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများ သတ်မှတ်ကာလအတွင်း လုပ်ငန်းများ အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးနိုင်စေရေး ကြီးကြပ်ဆောင်ရွက်သွားရန်လည်း လိုအပ်ကြောင်း။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ယခုလာမည့် ဒီဇင်ဘာ ၂၈ ရက်မှစ၍ အပိုင်း သုံးပိုင်းဖြင့်ဆောင်ရွက်သွားမည်ကို သိရှိကြပြီးဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ် ထွန်းကားစေရေးအတွက် ယခုအချိန်တွင် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးသည် အရေးကြီးဆုံးကိစ္စရပ်ဖြစ်သည်ကို ပြည်သူလူထုက နားလည်သဘောပေါက်ပြီး လိုလားတက်ကြွစွာ ပူးပေါင်းပါဝင်လာစေရန်အတွက် သက်ဆိုင်သည့် အဖွဲ့အစည်းများအားလုံးက ဘက်ပေါင်းစုံမှ စည်းရုံးဆောင်ရွက်သွားကြစေလိုကြောင်း။

ယခုအခါ မိမိတို့နိုင်ငံအတွင်း ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်၍ ရလဒ်ကောင်းများ ဖြစ်ပေါ်စေရေးအတွက်ကိုလည်း တာဝန်ရှိသူအဆင့်ဆင့်တို့က မျက်ခြည်မပြတ်စောင့်ကြည့်လျက် လိုအပ်ချက်များကို ချမှတ်ပေးထားသည့် မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ ကြပ်မတ်ထိန်းသိမ်းပေးကြရန်နှင့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက အမှာစာများကို ရှင်းလင်းဖတ်ကြားကြပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ထောင်စုဝန်ကြီးများ၏ တင်ပြဆွေးနွေးချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဌက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ တတိယအစည်းအဝေး ဒုတိယနေ့ ကျင်းပ



ရန်ကုန် နိုဝင်ဘာ ၁၉

နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီတတိယအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီ၌ ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ)နှင့် တိုင်းဒေသကြီး၊ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒက ဆောင်ရွက်တော်မူသည်။

ထို့နောက် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ပထမအဖွဲ့ခွဲ၏ ပထမအကြိမ်တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသဝကလည်းကောင်း၊ သာသနာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမနာဘိဝံသက လည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တပဏ္ဍိတကလည်းကောင်း ဝေဖန်ဆွေးနွေးတော်မူကြပြီး အစည်းအဝေးကို နံနက် ၉ နာရီတွင် ရပ်နားသည်။

ယင်းနောက်ဒုတိယနေ့အစည်းအဝေး ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီ၌ ဆက်လက်ကျင်းပပြီး ဝိနိစ္ဆယရေးရာကိစ္စများ၊ သာသနာရေးရာကိစ္စများ၊ ပညာရေးရာကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ဆက်လက်၍ နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ပထမအဖွဲ့ခွဲ၏ ပထမအကြိမ်တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးချက်များအပေါ် ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်ကို အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုန္ဒာဝုဓကလည်းကောင်း၊ သာသနာရေးရာဆောင်ရွက်ချက်များကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဥတ္တမက လည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များကို အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုဘောဂကလည်းကောင်း ပြန်ကြားလျှောက်ထားတော်မူကြသည်။

ထို့နောက် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ပထမအဖွဲ့ခွဲ၏ ပထမအကြိမ်တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒက အတည်ပြုချက်ရယူပြီး အစည်းအဝေးတက်ရောက်လာကြသည့်ဆရာတော်များအားလုံးက "ဇယန္တော ဗောဓိယာမူလေ" အစချီသော နှစ်ဂါထာကို သုံးကြိမ် ရွတ်ဆိုတော်မူကြပြီးနောက် သာဓုသုံးကြိမ်ခေါ်ဆိုလျက် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါး စုံညီ တတိယအစည်းအဝေးကို အောင်မြင်စွာ ကျင်းပပြီးစီးသည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကဆံဝေဠုဝန် (ရွှေကျင်)ကျောင်းတိုက်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမာနိတဦးဆောင်သော တပည့်ဒါယကာ၊ ဒါယိကာမ ဓမ္မမိတ်ဆွေများက တေစတ္တာလီသတိမ ၄၃ ကြိမ်မြောက် အရုဏ်ဆွမ်းနှင့်နေ့ဆွမ်း တစ်နေ့တာ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း)တို့တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပထမနှစ်တက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများ စိစစ်အတည်ပြုရွေးချယ်



နေပြည်တော် နိုဝင်ဘာ ၁၉

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်သည် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၁၇ ရက်မှ ၁၉ ရက်ထိ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်တို့တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပထမနှစ်တက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများစိစစ်ရွေးချယ်ခြင်းသို့တက်ရောက်သည်။

ဦးစွာဒုတိယဝန်ကြီးနှင့် အဖွဲ့သည် နိုဝင်ဘာ ၁၇ ရက်တွင် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာရေးဘွဲ့ ငါးနှစ် သင်တန်းအမှတ်စဉ် (၁၃)တွင်တက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများကိုလည်းကောင်း၊ နိုဝင်ဘာ ၁၈ ရက်မှ ၁၉ ရက်ထိ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် A.G.T.I ဒီပလိုမာ ပထမနှစ်တက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများကို လည်းကောင်း စိစစ်အတည်ပြုရွေးချယ်သည်။

ဒုတိယဝန်ကြီးသည် ကျောင်းသား၊ ကျောင်းသူများ ရွေးချယ်ရေးဆောင်ရွက်သည့်နေ့ရက်များတွင် တက္ကသိုလ်နှင့်ဒီဂရီကောလိပ် ဘွဲ့နှင်းသဘင်ခန်းမအသီးသီးတွင် ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ ပထမနှစ်တက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားကာ ကျောင်းသား၊ ကျောင်းသူများထားရှိမည့် အိပ်ဆောင်များ၊ စားရိပ်သာများ၊ စာသင်ဆောင်များနှင့် စိုက်ပျိုးမွေးမြူရေးဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေး၍ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ နေ့လယ်စာသုံးဆောင်သည်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် သင်တန်းသားရွေးချယ်ရေးဗဟိုကော်မတီက စိစစ်ရွေးချယ်ပေးခဲ့သည့် B.Ed ပညာရေးဘွဲ့သင်တန်းအတွက် ၁၈၄ ဦး၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ A.G.T.I ဒီပလိုမာသင်တန်းအတွက် ဦးရေ ၃၃၀ တို့ကိုB.Ed ပညာရေးဘွဲ့ ငါးနှစ်၊ဝိဇ္ဇာဘွဲ့၊သိပ္ပံဘွဲ့ လေးနှစ်၊ A.G.T.I ဒီပလိုမာ သုံးနှစ် သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး ကျောင်းဆင်းပြီးချိန်တွင် ဘွဲ့၊ ဒီပလိုမာများအပ်နှင်းပေးကာ B.Ed ဘွဲ့ရရှိသူများကို အထက်တန်းပြဆရာ၊ ဆရာမများအဖြစ်လည်းကောင်း၊ဝိဇ္ဇာဘွဲ့၊သိပ္ပံဘွဲ့၊ A.G.T.I ဒီပလိုမာရရှိသူများကို သက်ဆိုင်ရာဝန်ကြီးဌာနများတွင် အကြီးတန်းစာရေးနှင့် အဆင့်တူရာထူးနေရာများတွင်လည်းကောင်း နိုင်ငံ့ဝန်ထမ်းများအဖြစ် ခန့်အပ်တာဝန် ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မိုးစစ်(တိုးချဲ့) ကြိုးပြင်ကာကွယ်တော သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင်ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ(၆)၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့နယ်အတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၆၇၀၆ ဧကရှိသောနယ်မြေကို မိုးစစ်(တိုးချဲ့)ကြိုးပြင်ကာကွယ်တောအဖြစ် အမိန့်ကြော်ငြာစာအမှတ်(၉၄/၂၀၂၅)အရ ၁၃၈၇ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၂ ရက် ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၆ ရက်မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် သဘာဝသစ်တောများ ရေရှည်တည်တံ့စေရန်နှင့် သစ်နှင့်သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ်စနစ်တကျထုတ်ယူသုံးစွဲနိုင်စေရန် ဇီဝမျိုးစုံမျိုးကွဲများပေါကြွယ်ဝပြီး သစ်တောဖုံးလွှမ်းမှု တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်သည်။

မိုးစစ်(တိုးချဲ့)ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းဖြင့် အထက်ရွက်ပုပ်ရောနှောတောစိုသစ်မျိုးများဖြစ်သည့် ကျွန်း၊ အင်ကြင်း၊ ထောက်ကြံ့၊ ဖန်ခါး၊ သစ်ဖြူ၊ လက်ပံ၊တောင်တမာ၊တောသရက်၊ကညင်၊ မအူ၊ သပြေ၊ တင်းဝါး၊ ဝါးဖြူ၊ ဝါးပိုး၊ သိုက်ဝါး၊ တောင်ကြိမ်၊ ကြိမ်နီစသည့် ဒေသမျိုးရင်းများကိုထိန်းသိမ်းနိုင်မည့်အပြင် ချေ၊ဆတ်၊ ပြောင်၊ စိုင်၊ မျောက်၊ တောကြောင်၊ တောကြက်နှင့် ကျေးငှက်မျိုးစုံစသည့် တောရိုင်းတိရစ္ဆာန်များ၏ နေထိုင်ကျက်စားရာဒေသများကို ထိန်းသိမ်းကာကွယ်နိုင်မည်ဖြစ်ခြင်း၊ ဒေသအခေါ် ခန္ဓဲချောင်းရေဝေရေလဲဧရိယာကို ထိန်းသိမ်းကာကွယ်နိုင်ခြင်း၊ ဒေသခံပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော သစ်၊ ထင်း၊ ဝါး၊ ကြိမ်နှင့် အခြား သစ်တောထွက်ပစ္စည်းများကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ခြင်း၊ သစ်တောဖုံးလွှမ်းမှုတိုးတက်လာပြီး ရာသီဥတုမျှတကောင်းမွန်လာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**



# မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**နေပြည်တော်  နိုဝင်ဘာ ၁၉**

**မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီဥက္ကဋ္ဌဒေါ်စန္ဒာဦးက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၁၉ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**ဒေါ်စန္ဒာဦး**
**(ဥက္ကဋ္ဌ၊ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ)**

**လေးစားအပ်ပါသော မိဘပြည်သူများရှင်**

ကျွန်မကတော့ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ Peace & Diversity Party (PDP) ဥက္ကဋ္ဌဒေါ်စန္ဒာဦးဖြစ်ပါတယ်ရှင်။ ကျွန်မတို့ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီဟာ ၂၀၁၀ ပြည့်နှစ် မတ် ၂၂ ရက်ကတည်းက စတင်တည်ထောင်ခဲ့တာဖြစ်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ရွေးကောက်ပွဲဥပဒေနှင့်အညီ (၂၈-၃-၂၀၂၃) ခုနှစ်မှာ ပြန်လည်မှတ်ပုံတင်ခွင့်လျှောက်ထားခဲ့ပါတယ်ရှင့်။ (၁၅-၇-၂၀၂၄) မှာ ပါတီမှတ်ပုံတင်ခွင့်ပြုခဲ့ပါတယ်ရှင့်။

ကျွန်မတို့ပါတီဟာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှကြီးမှူးကျင်းပတဲ့ ၂၀၁၀ ရွေးကောက်ပွဲ၊ ၂၀၁၅ ရွေးကောက်ပွဲ၊ ၂၀၂၀ ရွေးကောက်ပွဲတွေမှာ ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ ယခုကျင်းပမယ့် ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲမှာလည်း ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်ရှင်။

ကျွန်မတို့ပါတီရဲ့ မူဝါဒနဲ့ လုပ်ငန်းစဉ်တွေကတော့၊ ကျွန်မတို့ပါတီရဲ့ မူဝါဒကတော့ "လူသားဆန်သော ဒီမိုကရက်တစ်နိုင်ငံသားဝါဒ" (HUMANIST DEMOCRATIC NATIONALISM) ဖြစ်ပါသည်။

(၁) ကမ္ဘာအရပ်ရပ်မှာရှိတဲ့ လူသားမျိုးနွယ်တို့၏ အကျိုးစီးပွားကို မျက်ကွယ်ပြုမည်မဟုတ်။
(၂) ဒီမိုကရက်တစ်လုပ်နည်းလုပ်ဟန်တို့ကို လိုက်နာကျင့်သုံးမည်။
(၃) အခွန်ထမ်းနိုင်ငံသားများ၏ အကျိုးကို ပထမဦးစားပေးစဉ်းစားမည်ဟူ၍ ဖြစ်ပါတယ်။

ကျွန်မတို့ပါတီဟာ လူသားအချင်းချင်း ရန်သူလိုသတ်မှတ်တဲ့အလေ့အထကို စွန့်လွှတ်ပြီး လူသားတွေရဲ့ ရန်သူအသစ်တွေကို ရှာဖွေတွေ့ရှိထားပြီးဖြစ်ပါတယ်။ အဲဒါတွေကတော့ မဖွံ့ဖြိုးမတိုးတက်ခြင်း၊ ရောဂါဘယအသစ်အဆန်းများ၊ သဘာဝဘေးအန္တရာယ်ဆိုးများ၊ အလုပ်လက်မဲ့ဖြစ်ခြင်းများနဲ့ အသိတရားခေါင်းပါးခြင်းတို့ပဲဖြစ်ပါတယ်။ အဲဒီရန်သူတွေကိုတိုက်ပွဲဝင်ဖို့အတွက် ကျွန်မတို့ပါတီက ထာဝရလုပ်ဆောင်နေပါတယ်။

**လေးစားအပ်ပါသော မိဘပြည်သူများရှင်**

ကျွန်မတို့ရှာဖွေတွေ့ရှိထားတဲ့ရန်သူ ငါးမျိုးထဲမှာမှ အသိတရားခေါင်းပါးခြင်းဟာ အဆိုးဆုံးဖြစ်တဲ့အတွက် နိုင်ငံရေးနဲ့ပတ်သက်ဆက်နွှယ်တဲ့ အကြောင်းခြင်းရာတွေ နိုင်ငံရေးစနစ်တွေကို အစဉ်အမြဲရှင်းလင်းတင်ပြလျက်ရှိပါတယ်ရှင်။ လူသားတို့သည် တွေး၏၊ ကြံ၏၊ အသစ်အဆန်းတို့ကို ဖန်တီးတည်ဆောက်၏၊ လူသားတို့၏ အတွေးအကြံအမျိုးမျိုးသည် ခက်ဖြာ၍ ဖွံ့ဖြိုးလာသောကြောင့် ဦးတည်ချက်အမျိုးမျိုးဖန်တီးမှုအမျိုးမျိုးဖြင့် ရပ်တည်နေကြသည်။ ထိုဖြစ်စဉ်များကိုလည်း လွှမ်းမိုးထိန်းချုပ်စေခြင်းငှာမသင့်။ ထို့အတူ အမြင်ကွဲလွဲခြင်းများကြောင့် ရန်ဘက်ဖြစ်နေကြခြင်းကိုလည်း စွန့်လွှတ်ကြရပေမည်။ ကျွန်မတို့ နိုင်ငံသူနိုင်ငံသားများအနေဖြင့် အခြေခံလိုအပ်ချက်ကြီးများပြီးပြည့်စုံပါက မည်သို့ကွဲပြားစွာ ခံစားတည်ဆောက်ကြပါစေ နှစ်လိုဖွယ်သာဖြစ်ပေသည်။ မတူကွဲပြားသောအတွေးအခေါ် အယူအဆအမျိုးမျိုးတို့ကြောင့် လူသားအချင်းချင်း ဖိစီးနှိပ်စက်သတ်ဖြတ်ကြခြင်းကို ကျွန်မတို့က မလိုလားပါဘူး။

**လေးစားအပ်ပါသော မိဘပြည်သူများရှင်**

ကျွန်မတို့သည် မတူကွဲပြားခြားနားခြင်းအပေါ်အကြောင်းပြု၍ ရန်ပြုတိုက်ခိုက်ခြင်းမရှိဘဲ လူသားအချင်းချင်းအပြိုင်ဖြစ်တည်ခြင်းကို ဦးထိပ်ပန်ဆင်ကာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်သင့်ပါတယ်။

**လေးစားအပ်ပါသော မိဘပြည်သူများရှင်**

ကျွန်မတို့ပါတီဟာ နိုင်ငံဖွံ့ဖြိုးရေးနဲ့ပတ်သက်ပြီး ပုဂ္ဂလိကကဏ္ဍများအားကောင်းသန်စွမ်းရေးဟာ အကွဲရာကျတယ်လို့ ရှုမြင်ပါတယ်။ လူသားတိုင်းဟာ ကာယ၊ ဉာဏ၊ စာရိတ္တ၊ ဘောဂနဲ့ နောက်ခံအသိုင်းအဝိုင်း မတူညီတဲ့အပေါ် မူတည်၍ ဆူကြုံနိမ့်မြင့် ဆင်းရဲချမ်းသာကွဲပြားခြားနားသည့် သဘာဝကို လက်ခံယုံကြည်ပါတယ်။ အားလုံးတန်းတူ မချမ်းသာနိုင်လျှင် အားလုံးတန်းတူ ဆင်းရဲနေရမည်ဆိုတဲ့ ကွန်မြူနစ်ဆန်သည့် အယူအဆများသည် နိုင်ငံဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက် အဟန့်အတားဖြစ်ကြောင်း လက်ခံယုံကြည်ပါတယ်။ ပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦးသည် ၎င်း၏ စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာမှာ ၎င်းတို့မိသားစုနှင့်သာ လုပ်ကိုင်ဆောင်ရွက်ကြရသည်မဟုတ်။ အောက်ဆုံးအဆင့်မှာရှိတဲ့ သန့်ရှင်းရေးအလုပ်သမားကစပြီး လုပ်ငန်းမန်နေဂျာကြီးအထိ အလုပ်သမားများကို ငှားရမ်းလုပ်ကိုင်ကြရပါတယ်။ ထို့ကြောင့် နိုင်ငံတစ်ခုမှာ လုပ်ငန်းရှင်ကြီးများရဲ့လုပ်ငန်းများ စီးပွားရေးလုပ်ငန်းများ စည်ပင်ထွန်းကားပေါများလျှင် အလုပ်အကိုင်အခွင့်အလမ်းများ ပေါများမှာဖြစ်ပါတယ်။

**မိဘပြည်သူများရှင်**

ကျွန်မတို့နိုင်ငံဟာ ကိုလိုနီဘဝမှလွတ်လပ်ရေးရယူရာတွင် အင်္ဂလိပ်နယ်ချဲ့အရင်းရှင်ကို တော်လှန်ဆန့်ကျင်၍ လွတ်လပ်ရေးယူရသည်ဖြစ်သောကြောင့် ဆိုရှယ်လစ်အတွေးအခေါ်၊ ကွန်မြူနစ်အတွေးအခေါ် စတဲ့စာပေများကို လေ့လာဖတ်ရှုဖြန့်ဝေလျက် လွတ်လပ်ရေးကို ရယူခဲ့ကြပါတယ်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိပြီးစအချိန်တွင် ပါတီစုံဒီမိုကရေစီနိုင်ငံတစ်ခုအဖြစ် ထူထောင်ရပ်တည်ခဲ့ကြပါတယ်။ သို့သော်လည်း ထိုစဉ်က နိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင်ရှိနေသော နိုင်ငံရေးခေါင်းဆောင်မှန်သမျှသည် ဆိုရှယ်လစ်ကွန်မြူနစ်စာပေ၊ ယဉ်ကျေးမှုအရိပ်အောက်တွင် ကြီးပြင်းခဲ့ကြသူများသာဖြစ်ပါတယ်။ ထို့ကြောင့် ထိုခေတ်ဒီမိုကရေစီသည် ဆိုရှယ်လစ်ကွန်မြူနစ်တို့၏ ဒီမိုကရေစီသာဖြစ်ပါတယ်။

သို့ရာတွင် နယ်ချဲ့အရင်းရှင်လက်အောက်မှ ကျန်ရစ်ခဲ့သော ပုဂ္ဂလိကလုပ်ငန်းများလည်း သန်စွမ်းလျက်ရှိခဲ့ပါတယ်။

**မိဘပြည်သူများရှင်**

ဆိုရှယ်လစ်ကွန်မြူနစ် စီးပွားရေးမူဝါဒများသည် နိုင်ငံတော်မှဦးဆောင်သော နိုင်ငံပိုင်လုပ်ငန်းများအဖြစ် ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများကို လုပ်ကိုင်ကြရပါတယ်။ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများကို ခွင့်ပြုပေးခြင်းမရှိပါ။ ၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရမှ ပုဂ္ဂလိကလုပ်ငန်းများကို တစ်စတစ်စတိုးချဲ့ခွင့်ပြုပေးခဲ့ပါတယ်။

၁၉၈၈ ခုနှစ်နောက်ပိုင်းမှ မွေးဖွားကြီးပြင်းလာသော လူငယ်များသည် ပုဂ္ဂလိကလုပ်ငန်းများ တစ်စတစ်စတိုးချဲ့ဖွင့်လှစ်ပေးခဲ့သည်ကို စနစ်ပြောင်းသည်ဟု ရှုမြင်နိုင်မည်မဟုတ်ပါ။ အကြောင်းမှာ စနစ်ဟောင်းကို မသိမြင်ခဲ့ကြ၍ဖြစ်ပါတယ်။

၂၀၁၀ ပြည့်နှစ်တွင် တပ်မတော်အစိုးရမှ ဒီမိုကရေစီစာမျက်နှာသစ်ကို ဖွင့်လှစ်ပေးခဲ့ပြန်ပါတယ်။ ထိုအချိန်တွင် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် အစိုးရဖြစ်ပေါ်လာပြီး ပုဂ္ဂလိကလုပ်ငန်းများကို ပိုမိုတိုးချဲ့ဖွင့်လှစ်ပေးခဲ့သဖြင့် တောင်သူလယ်သမားများ မြေယာကို လက်ကိုင်ထားခွင့် ပုံစံ(၇) စနစ်ရရှိလာခြင်း၊ ပုဂ္ဂလိကစက်သုံးဆီဆိုင်များ ဖွင့်လှစ်နိုင်ခြင်း၊ ပုဂ္ဂလိကလေကြောင်းလိုင်းများ၊ မော်တော်ကားလိုင်းများ စည်ပင်ထွန်းကားလာခြင်း၊ ပုဂ္ဂလိကဘဏ်များ စည်ပင်ထွန်းကားလာခြင်း၊ ပုဂ္ဂလိကဆေးရုံများ၊ ပုဂ္ဂလိကကျောင်းများ စည်ပင်ထွန်းကားလာခြင်း၊ ပုဂ္ဂလိကတယ်လီဖုန်းကုမ္ပဏီများ ထူထောင်ဖွင့်လှစ် စည်ပင်လာခြင်းတို့ကို ကြုံတွေ့ခံစားခဲ့ပြီးဖြစ်ပါတယ်။

**မိဘပြည်သူများရှင်**

ကျွန်မတို့ နိုင်ငံ၏ စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ယနေ့ကမ္ဘာနှင့် ရင်ပေါင်တန်းရန် ပုဂ္ဂလိက ဈေးကွက်စီးပွားရေးသည်သာ သင့်လျော်လျောက်ပတ်သည်ကို ကမ္ဘာကြီးက သက်သေပြပြီးလည်းဖြစ်ပါတယ်။

**မိဘပြည်သူများရှင်**

အခြားအရင်းရှင်နိုင်ငံကြီးတစ်ခုတွင် ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးတစ်ဦးက စတားလင့်ဂြိုဟ်တုများကို ၎င်း၏ ကိုယ်ပိုင်စီးပွားရေးဖြင့် လွှင့်တင်လည်ပတ်နေသည်ကို မိဘပြည်သူများသိရှိပြီးဖြစ်ပါလိမ့်မည်။ ဤလက်တွေ့ဥပမာသည် ပုဂ္ဂလိကလုပ်ငန်း အားကောင်းသန်စွမ်းလျှင် အလုပ်အကိုင်အခွင့်အလမ်းပေါင်းများစွာကို ဖန်တီးနိုင်ပြီး မိဘပြည်သူတစ်ရပ်လုံး လုပ်ခလစာအလုပ်အကိုင်များရရှိမည်မှာ မလွဲဟု ယုံကြည်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံစီးပွားဖွံ့ဖြိုးရေးအတွက် ပုဂ္ဂလိကလုပ်ငန်းများ ပိုမိုတိုးချဲ့ခွင့်ပြုပေးနိုင်ပါရန် ကျွန်မတို့၏ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီအနေဖြင့် အစဉ်တစိုက်တိုက်တွန်းနှိုးဆော်သွားမှာဖြစ်ပါတယ်။

**မိဘပြည်သူများရှင်**

ကျွန်မတို့၏ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီဟာ မျက်မှောက်ကာလဖြစ်ပေါ်နေသော လက်နက်ကိုင်ပစ်ခတ်တိုက်ခိုက်မှုများအား ရပ်စဲလျက် ငြိမ်းချမ်းသောနိုင်ငံရေးလမ်းစဉ်အောက်တွင် မိမိတို့၏ဒေသခံတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးအတွက်သော်လည်းကောင်း၊ အေးချမ်းသာယာရေးအတွက်သော်လည်းကောင်း လုပ်ဆောင်ကြရန်သာ ဆန္ဒရှိသည့်အလျောက် တည်ဆဲအစိုးရနဲ့ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

**မိဘပြည်သူများရှင်**

မြန်မာနိုင်ငံအရပ်ရပ်မှာရှိတဲ့ ပြည်သူများအနေဖြင့် လက်နက်ကိုင်ပဋိပက္ခများ၏ဆိုးကျိုးကို ရင်စည်းခံစားနေကြရပါသည်။ သို့ဖြစ်ပါ၍ လက်နက်ကိုင်ဆောင်ပဋိပက္ခဖြစ်ပွားမည့်အစား မိမိတို့၏လိုလားချက်များကို စကားလုံးများဖြင့် ပြောဆိုဆွေးနွေးကြသော နိုင်ငံရေးဇရိယာ၌သာ လုပ်ဆောင်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါတယ်ရှင်။

**မိဘပြည်သူများရှင်**

ကျွန်မတို့၏ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီဟာ မတူကွဲပြားခွင့်များကို လေးစားတန်ဖိုးထားသည်နှင့်အညီ လူမျိုးရေးအရသော်လည်းကောင်း၊ ဘာသာရေးအရသော်လည်းကောင်း၊ မတူကွဲပြားခွင့်နှုန်းစံများကို ထိန်းသိမ်းသွားမှာဖြစ်ပါတယ်။ မတူကွဲပြားခွင့်မပေးသော ဘာသာရေး၊ လူမျိုးရေးအကြောင်းခြင်းရာများကို သဘောတရားရေးရာအရ ဆန့်ကျင်ရှုတ်ချသွားမည်ဖြစ်ပါတယ်။

**မိဘပြည်သူများရှင်**

ကျွန်မတို့၏ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီဟာ ရာထူးအာဏာအတွက် အဓိကမထားဘဲ အထက်ဖော်ပြပါအကြောင်းခြင်းရာများကို မိဘပြည်သူများနားလည်သဘောပေါက်သိရှိပြီး ဆုံးဖြတ်ချက်ချနိုင်ရန် အစဉ်တစိုက်ပြောဆိုရေးသား တင်ပြနေမည်ဖြစ်ကြောင်း အသိပေးအပ်ပါတယ်ရှင်။

ကျွန်မတို့မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ၏ မူဝါဒသည် "လူသားဆန်သော ဒီမိုကရက်တစ် နိုင်ငံသားဝါဒ" ဖြစ်သည်နှင့်အညီ မည်သည့်လူသားဆန်သည့် အယူဝါဒကိုမဆို ရှေးရှုကာကွယ်သွားမည်ဖြစ်ပြီး လူသားအချင်းချင်း ရန်ပြုစော်ကားရန် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေမှုများကို အမျိုးသားရေးရှုထောင့်မှ ကာကွယ်တားဆီးသွားမှာဖြစ်ပါတယ်။

**လေးစားအပ်ပါသော မိဘပြည်သူများရှင်**

၂၀၂၅ ခုနှစ် ရွေးကောက်ပွဲကြီးဟာ နီးကပ်လာပြီဖြစ်ပါတယ်။ အများပြည်သူများအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးပေါ်ထွန်းလာဖို့အတွက် အမျိုးသားအကျိုးစီးပွားကို ရှေးရှုဆောင်ရွက်သော နိုင်ငံရေးအင်အားစုများ လွှတ်တော်အတွင်း နေရာရရှိဖို့ မိမိတို့ကြိုက်နှစ်သက်ရာနိုင်ငံရေးပါတီများမှ လူပုဂ္ဂိုလ်တို့ကို ရွေးချယ်တင်မြှောက်ပေးကြဖို့ တိုက်တွန်းလိုပါတယ်။ ကျွန်မတို့ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီရဲ့ အမှတ်အသားကတော့ အင်တာနက်မှ ပျံ့နှံ့နေသည့် ပုံသဏ္ဌာန်ဖြစ်ပြီး အနီ၊ အဝါ၊ အစိမ်း၊ အပြာရောင်စဉ်များ ဖြာထွက်နေတဲ့ သင်္ကေတဖြစ်ပါတယ်။ အဓိပ္ပာယ်က ခေတ်မီဆက်သွယ်ရေးကိရိယာများနှင့် မိမိတို့၏ နိုင်ငံရေးစာပေများ၊ မိမိတို့ လုပ်ဆောင်ချက်များကို ပျံ့နှံ့စေရမည်ဟူသော ရည်ရွယ်ချက်ကို ညွှန်းဆိုပြသတာပဲဖြစ်ပါတယ်။

**လေးစားအပ်ပါသော မိဘပြည်သူများရှင်**

နိုင်ငံတော်၏ ပကတိအခြေအနေမှာ ရွေးကောက်ပွဲဟာ အင်မတန်မှ အရေးကြီးပါတယ်။ လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲကျင်းပပြီး ဥပဒေနှင့်အညီ လွှတ်တော်ဖော်ဆောင်နိုင်မှသာ ရွေးကောက်ပွဲအလွန်မှာ ကျွန်မတို့နိုင်ငံကို နိုင်ငံတကာရဲ့ စီးပွားရေးပိတ်ဆို့မှုများနှင့် နိုင်ငံရေးအနိုင်အထက်ပြုမှုများ ကင်းရှင်းသွားမှာဖြစ်ပြီး နိုင်ငံတော်ဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကြီး ပေါ်ပေါက်လာမှာဖြစ်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း လွတ်လပ်ပြီးတရားမျှတတဲ့ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ဖို့အတွက် အစွမ်းကုန်ကြိုးစားပေးထားပါတယ်။ မိမိတို့ကို ဦးဆောင်မယ့် အစိုးရတစ်ရပ်ကို မိမိတို့က ရွေးချယ်ရတာဖြစ်တဲ့အတွက် အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ထားဆောင်ရွက်တဲ့ ပါတီလူပုဂ္ဂိုလ်ကို ရွေးချယ်ပေးကြဖို့တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ဟိုင်းကြီးကျွန်းမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်





တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ဟိုင်းကြီးကျွန်းမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူ ၃၆၄ ဦးကို နယ်မြေခံတပ်မတော်ဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၇၆ ဦး၊ ခွဲစိတ်ရောဂါ ၃၃ ဦး၊ သားဖွားမီးယပ်ရောဂါ ၁၀ ဦး၊ ကလေးရောဂါ ၁၅ ဦး၊ အရိုးရောဂါ ၆၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၆ ဦး၊ မျက်စိရောဂါ ၁၂၃ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၁၆ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် မျက်စိခွဲစိတ်လူနာ ၁၀ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၂၄ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ဦးရေ ၃၀၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၁ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဒေသခံပြည်သူများ၏ ဆေးဝါးကုသမှုခံယူနေမှုများကို နယ်မြေခံတပ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး ဆေးကုသမှုခံယူကြသည့် ဒေသခံပြည်သူများ အဆင်ပြေစေရန်အတွက် မော်တော်ယာဉ်များဖြင့် အကြိုအပို့ ဆောင်ရွက်ပေးသည့်အပြင် နံနက်စာ ကျွေးမွေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကိုလည်း ယခုလိုပဲကြားသိခဲ့ရပါတယ် –

“ကျွန်မ ခါးနာနေလို့ လာပြတာပါ။ ပထမတော့ နည်းနည်းနာတာပေါ့ အလုပ်




လုပ်နေတဲ့အခါကျတော့ ခါးကကြာလာရင် တအားနာလာတယ်။ အခု နယ်လှည့်ဆေးကု သံလွင်သင်္ဘောကြီး ရောက်နေတယ်ဆိုတာသိရတယ်။ ဆေးဗိုလ်ကြီးတွေ၊ ပါရဂူကြီးတွေလဲ ပါတယ်ဆိုတော့ ခါးနာတာလာပြတာပါ။ သင်္ဘောကြီးနဲ့ ပါလာတဲ့ ပါရဂူကြီးတွေ တပ်မတော်ဆေးရုံက ဆရာဝန်တွေပေါ့နော် ပြီးလို့ရှိရင် နိုင်ငံတော်အကြီးအကဲတွေ အခုလိုမျိုး စားစရာသောက်စရာတွေ အပြည့်အစုံနဲ့ ထမင်းဘူးတို့ ရေတို့ကအစ ဘာမှကြည့်စရာမလိုအောင် လုပ်ပေးတဲ့အတွက် အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်မတို့လိုမျိုး လာပြတဲ့လူနာတွေ အကုန်လုံးကို လိုလေသေးမရှိ အကုန်ပြီးပြည့်စုံအောင် လုပ်ပေးတဲ့အတွက် အားလုံး ကျန်းမာချမ်းသာပါစေလို့ ဆုတောင်းမေတ္တာ ပို့သပါတယ်” ဟု ပြောသည်။

“မျက်လုံးကြည့်ရတာ အဆင်မပြေလို့ လာပြတာဖြစ်ပါတယ်။ အရင်တုန်းက ဆိုရင် ညီမတို့ဆေးခန်းသွားပြရင် သွားရေးလာရေး အဆင်မပြေတာတွေဖြစ်




တယ်။ အခုလိုမျိုး ရေယာဉ်နဲ့လာပြီး ကုပေးတဲ့အတွက် ညီမတို့လဲ အဆင်ပြေတယ်။ လာရောက်ကုသပေးတဲ့အတွက်လဲ ကျေးဇူးတင်ပါတယ်” ဟု ပြောသည်။ (ဥပ)

---





တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က မအူပင်မြို့နယ် လေးအိမ်စုကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

### ❑ ကျန်းမာရေးစောင့်ရှောက်မှုမှ

ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ လေးဦး၊ မျက်စိခွဲစိတ်လူနာ သုံးဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၈ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၆၈ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ခုနစ်ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၄ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)ပေါ်၌ မွေးဖွားပေးခဲ့သော ထနီးကျေးရွာနေ အဘ ဦးသက်ပိုင်မှူး၊ အမိ ဒေါ်ဇင်မီမီထက်တို့၏ အသက် နှစ်နှစ်အရွယ်ရှိ သား မောင်စိုးထက်ရွှေအား တာဝန်ရှိသူများက ဆေးရုံရေယာဉ်ပေါ်တွင် ခေါ်ယူတွေ့ဆုံ၍ ကာကွယ်ရေးဦးစီးချုပ်(ရေ)က ချီးမြှင့်ပေးအပ်သည့် ကလေးပစ္စည်းများနှင့် အာဟာရပြည့် အစားအစာများကိုပေးအပ်ခဲ့ပြီး လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကိုလည်း ယခုလိုပဲကြားသိခဲ့ရပါတယ် –

“ကျွန်မကတော့ OG လာပြတာပါ။ ဒီမှာက အခမဲ့ဆိုတော့ အကုန်အကျလဲ သက်သာတော့ ဒီကိုလာပြတာပါ။ ထနီးကနေ ဒီကိုလာရတာ လမ်းလျှောက်ပြီး လာရတော့ အဝေးကြီးပဲ။ ပိုက်ဆံမရှိတဲ့သူတွေဆိုရင် လာလို့ရတာပေါ့နော်။ ဒီလေးအိမ်စု စာသင်ကျောင်းနားလေးပေါ့နော်။ အကုန်လုံးကတော့ အဆင်ပြေပါ




တယ်။ သဘောလဲ ကောင်းကြပါတယ်။ ဆရာ၊ ဆရာမတွေ အကုန်လုံးကလဲ ဖော်ဖော်ရွေရွေရှိကြပါတယ်။ အဲ့ဒီလို မကြာခဏလေး လာကုသပေးတော့ သမီးတို့လိုမရှိတဲ့သူတွေကျတော့ အများကြီး အဆင်ပြေပါတယ်။ ဒီလေးအိမ်စုကို လာကုပေးတဲ့ ဆရာ၊ ဆရာမတွေ အကုန်လုံးကို ကျေးဇူးတင်ပါတယ်။ အခုလို ဆေးကုသပေးဖို့ စေလွှတ်ပေးတဲ့



နိုင်ငံတော်အကြီးအကဲနှင့် တာဝန်ရှိသူများအားလုံးကိုလဲ ကျေးဇူးတင်ပါတယ်လို့ သမီးက ပြောချင်ပါတယ်”ဟု ပြောသည်။

“နယ်လှည့်ဆေးကုသရေး အဖွဲ့နဲ့ လာမွေးတဲ့အခါကျတော့ အစစအရာရာ အဆင်ပြေတယ်။ သွားရေးလာရေးရော ငွေကြေးပိုင်းကအစ အကုန်လုံးထောက်ပံ့ပေးတယ်။ မွေးတုန်းကဆိုရင် ထောက်ပံ့ငွေက တစ်သိန်း၊ ကလေးအနီးက နှစ်ပါကင်၊ ကြက်ဥက တစ်ကတ်၊ အိုဗာတင်းက တစ်ဘူး၊ လက်ဖက်ရည် ပါကင်ထုပ် တစ်ထုပ် ထောက်ပံ့ပေးပါတယ်။ ခွဲစိတ်ခတွေလဲ မပေးရဘူး။ အကုန်လုံးက FOC လုပ်ပေးတာပါ။ နယ်လှည့်ဆေးကုသရေးအဖွဲ့ တစ်နှစ်တစ်ခါလာတဲ့အခါကျတော့ ညီမတို့ ဒီနယ်ကလူတွေအတွက်ကတော့ ပိုအဆင်ပြေတာပေါ့။ ရွာဘက်မှာ နေတာကြာတော့ ဆေးတကယ့်တကယ်ကုသလို့ရှိရင် မြို့ပေါ်ကိုသွားနေရတယ်။ မြို့ပေါ်သွားရတော့ လမ်းစရိတ်တွေ၊ အချိန်တွေကအစ အများကြီးပေးရပါတယ်။ ငွေရေးကြေးရေးကအစ အများကြီးကွာတယ်။ ဒီမှာ ဆေးလာကုသပေးတဲ့ အခါကျတော့ ပိုက်ဆံလဲ မပေးရဘူး။ ဆရာကြီးတွေနဲ့ တွေ့ပြီးတော့ တိုက်ရိုက်စမ်းသပ်ရတဲ့ အခါကျတော့ ပိုအဆင်ပြေပါတယ်။ ဆေးရုံမှာ သီးသန့်သွားမွေးရမယ်ဆိုရင်တော့ ဒီတိုင်းအခက်အခဲလေးတော့ ရှိတာပေါ့။ ဒါပေမဲ့ ဒီမှာပဲလာမွေးလိုက်တော့ ဒီကဗိုလ်ကြီးတွေရော အကုန်လုံးက အစစအရာရာ အဆင်ပြေအောင်လုပ်ပေးပါတယ်။ အပြင်မှာ ဒီအတိုင်းမွေးမယ်ဆိုရင် ပိုက်ဆံကုန်မယ်။ ဒီမှာကျတော့ ကလေးထောက်ပံ့ကြေးပါ ပြန်ရတယ်။ ဒါကြောင့် မို့လို့ နိုင်ငံတော်အကြီးအကဲတွေရော၊ ဒီကဗိုလ်ကြီးတွေရော အကုန်လုံးကို ကျေးဇူးတင်ပါတယ်”ဟု ပြောသည်။

(ဥပ)

# ၂၀၂၅ ခုနှစ် အကြိမ် ၆၀ မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့တွင် ပုလဲအတွဲ ၂၁၉ တွဲ ရောင်းချရ



**နေပြည်တော် နိုဝင်ဘာ ၁၉**

၂၀၂၅ ခုနှစ် အကြိမ် ၆၀ မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း၊ပြည်ပရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

ယနေ့နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများ အလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြပြီး ပြပွဲတွင်ရောင်းချမည့် ပုလဲအတွဲများကို ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေး၍ ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ထို့နောက် ပုလဲအတွဲအမှတ်(၂၄၇)မှ အတွဲအမှတ်(၄၈၉)ထိ တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ပုလဲအတွဲ ၂၁၉ တွဲ ရောင်းချရကြောင်း ကြေညာသည်။

ယနေ့ညနေပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ပြပွဲကျင်းပရာ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ပုလဲအတွဲများ တင်ဒါဖွင့်ဖောက်စစ်ဆေးနေမှု၊ မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ပြသထားသည့် ကျောက်မျက်အတွဲများ၊ ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်နှင့် လက်ဝတ်ရတနာအရောင်းဆိုင်များကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ တာဝန်ရှိသူများကို မှာကြားသည်။

ပြပွဲစတုတ္ထနေ့တွင် ကျောက်မျက်အတွဲ ၁၆၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ပြီး အဆိုပါ ကျောက်မျက်အတွဲများတွက် အခြေခံဈေးနှုန်းကို အမေရိကန်ဒေါ်လာဖြင့် သတ်မှတ်ထားကာ ဝယ်ယူခွင့်ရှိသည့် ပြည်ပရတနာ ကုန်သည်များအနေဖြင့် အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလက်ခံသည့် နိုင်ငံခြားငွေအမျိုးအစားဖြင့်လည်းကောင်း၊ ပြည်တွင်းရတနာကုန်သည်များအနေဖြင့် နိုင်ငံခြားငွေ သို့မဟုတ် ကျပ်ငွေဖြင့်လည်းကောင်း ပေးချေဝယ်ယူနိုင်မည်ဖြစ်သည်။

အလားတူ အုပ်စု(အေ၊ ဘီ၊ စီ) သုံးအုပ်စုခွဲထားသည့် ကျောက်စိမ်းအတွဲပေါင်း ၅၀၈၅ အနက် အုပ်စု(အေ)နှင့် အုပ်စု(ဘီ)မှ ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၂၀ ရက်မှ ၂၃ ရက်ထိလည်းကောင်း၊ အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၂၄ ရက်မှ ၂၆ ရက်ထိလည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

ထို့အတူ မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ကျောက်မျက်နှင့် လက်ဝတ်ရတနာ အရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရှာဖွေပေးနိုင်ရန်၊ နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းမှုများ ရရှိနိုင်စေရန်၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူပြုနိုင်ရန် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိပြီး ၂၀၂၅ ခုနှစ် အကြိမ် ၆၀မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာ ၁၇ ရက်မှ ၂၆ ရက်ထိ နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သန့်ကျော်**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးမိုးအား လူမှုဖူလုံရေးအဖွဲ့ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ထူးခြားသည့် ညအပူချိန်များ

၁၉- ၁၁ -၂၀၂၅

| | | | | |
|---|---|---|---|---|
| ဟားခါး | ၆ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၁၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဟုမ္မလင်း | ၁၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၁၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မချမ်းဘော့ | ၁၂ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မင်းကင်း | ၁၃ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |

## ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၉ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၅၉၇၀၀၀၀ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ဝေါမြို့နယ်တွင် ငွေကျပ် ခုနစ် ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြား ငါးသန်း ဖမ်းဆီးရမိ



ပြစ်မှုကျူးလွန်သူ မှိုင်းဆွေကို ဖမ်းဆီးရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၉**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာအနီး၌ သတင်းအရ စောင့်ဆိုင်းစဉ် နိုဝင်ဘာ ၈ ရက် ည ၁၁ နာရီခန့်တွင် မှိုင်းဆွေမောင်းနှင်လာသော ISUZU ခြောက်ဘီးမော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွဆေးပြား ငါးသန်း ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဆက်စပ်သတင်းများအရ အဆိုပါ ဖမ်းဆီးရမိ စိတ်ကြွဆေးပြားများကို မန္တလေးမှ ဘားအံသို့ သယ်ဆောင်ခိုင်းသူမှာ မန္တလေးမြို့နေ မြတ်မင်းဦး(ဖမ်းဆီးရန်ကျန်)နှင့် ဖမ်းဆီးရမိမော်တော်ယာဉ်ကို မန္တလေးမြို့ စွယ်တော်ကားဝင်းအနီးသို့ လာရောက်ပို့ဆောင်သူမှာ ပြင်ဦးလွင်မြို့နေ အောင်မျိုးဝင်း (ဖမ်းဆီးရန်ကျန်)တို့ဖြစ်ကြောင်းသိရပြီး မန္တလေးမှ ဘားအံသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# “လေ့လာ၊ လေ့ကျင့်၊ လိုက်နာ”ခြင်းမှအစတည် “ရွှေ၊ ဖွံ့၊ သာ စေမည် တို့တိုင်းပြည်”

ဇော်မင်းထွန်း(ရေနံချောင်း)
မန္တလာကိုကိုဝင်း

နိုင်ငံတစ်နိုင်ငံ၊ အဖွဲ့အစည်းတစ်ခု သို့မဟုတ် လူမှုရေးအသင်းအဖွဲ့တစ်ခုအတွက် ဆောင်ပုဒ်ဆိုသည်မှာ မရှိမဖြစ်လိုအပ်သော လမ်းညွှန်ကြယ်ပွင့်နှင့်တူပါသည်။ ၎င်းသည် ထိုအဖွဲ့အစည်း၏ ရည်မှန်းချက်၊ စံတန်ဖိုးနှင့်ခံယူချက်များကို စုစည်းဖော်ပြထားသည့် စကားလုံးအနည်းငယ်မျှသာဖြစ်သော်လည်း လက်တွေ့ကျပြီး လူအများ၏ အသိဉာဏ်ထဲသို့ စွဲမြဲစွာ သယ်ဆောင်သွားနိုင်စွမ်းရှိသည်။ ထိုဆောင်ပုဒ်များသည် အတွေးအခေါ်သက်သက်မျှမဟုတ်ဘဲ၊ လုပ်ငန်းဆောင်တာများအတွက် ခိုင်မာသောလမ်းညွှန်ချက်နှင့်စိတ်ဓာတ်ခွန်အားများကိုလည်း ဖြစ်စေသည်။ ထိရောက်သောဆောင်ပုဒ်တစ်ရပ်သည် အဖွဲ့ဝင်တိုင်းအား တစ်သားတည်းသောအမြင်ဖြင့် ရည်မှန်းချက်ဆီသို့ စည်းလုံးညီညွတ်စွာဦးတည်စေပြီး အဖွဲ့အစည်း၏ပုံရိပ်ကို လူထုကြားတွင် ခိုင်မာစွာ တည်ဆောက်ပေးနိုင်စွမ်းရှိပါသည်။

**လေ့လာ၊ လေ့ကျင့်၊ လိုက်နာ**

မြန်မာ့တပ်မတော်တွင်လည်း “လေ့လာ၊ လေ့ကျင့်၊ လိုက်နာ” ဟူသောဆောင်ပုဒ်သည် ယခုနိုင်ငံတော်အကြီးအကဲတာဝန်ထမ်းဆောင်နေသူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်တိုင် ၂၀၁၆ ခုနှစ်မှ စတင်ချမှတ်ကျင့်သုံးစေခဲ့ပြီး တပ်မတော်တစ်ရပ်လုံးကို လက်တွေ့ဆောင်ရွက်စေခဲ့သည့် ဆောင်ပုဒ်ဖြစ်သည်။ လေ့လာ၊ လေ့ကျင့်၊ လိုက်နာဟူသော ဆောင်ပုဒ်၏အဓိပ္ပာယ်မှာကျယ်ပြန့်သလို လက်တွေ့ကျသော ဆောင်ပုဒ်လည်းဖြစ်သည်။ ဆောင်ပုဒ်၏လုပ်ငန်းစဉ်မှာ ယခုခေတ်ကာလအခြေအနေအချိန်အခါနှင့်အညီ ပြောင်းလဲတိုးတက်နေသော စစ်နည်းဗျူဟာနှင့် လက်နက်နည်းစနစ်များကို စဉ်ဆက်မပြတ်လေ့လာရမည်။ တိုးတက်ပြောင်းလဲလာနေသော စစ်လက်နက်ပစ္စည်း၊ နည်းပညာများနှင့် ကျွမ်းကျင်မှုရှိလာစေရန် အမြဲတမ်းလေ့ကျင့်နေရမည်။ ယခုကဲ့သို့ လေ့လာ၊ လေ့ကျင့်ခဲ့သည်များကို လက်တွေ့နယ်ပယ်တွင် မိမိ၏ဆင်ခြင်သုံးသပ်မှုနှင့် စစ်ပညာ၊ စစ်ဥပဒေသ၊ သိပ္ပံပညာရပ်များနှင့်အတူ လိုက်နာကျင့်သုံး အကောင်အထည်ဖော်သွားရမည်ဟူ၍ဖြစ်သည်။

တပ်မတော်အတွက် ထိရောက်ကောင်းမွန်သော၎င်းဆောင်ပုဒ်ကိုလိုက်နာကျင့်သုံးပြီး အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်အဖြစ် တည်ဆောက်နိုင်ခဲ့သည့်အပြင် နိုင်ငံတော်၏အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍနှင့် နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်နိုင်ခဲ့သည်။

တပ်မတော်အနေဖြင့် နိုင်ငံတော်အတွက် မည်သည့်တာဝန်ကို ထမ်းဆောင်ရသည်ဖြစ်စေ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအတွက် တိကျစေ့စပ်သေချာထိရောက်သည့် ဆောင်ပုဒ်များ၊ ရည်မှန်းချက်များချမှတ်ပြီး အောင်မြင်အောင် ဆောင်ရွက်သည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင်ဖြစ်ပွားခဲ့သော မဲမသမာမှုဖြစ်စဉ်များကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ တပ်မတော်က နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို ယူခဲ့ရသည်။

၎င်းကာလအတွင်း မဲမသမာမှုကျူးလွန်ခဲ့၍ ပါတီနှင့် အဖွဲ့အစည်းများအနေဖြင့် တိုင်းပြည်ကိုထင်သလိုခြယ်လှယ်ခွင့်မရသည့်အခါ အစိုးရအနေဖြင့် အုပ်ချုပ်၍မရအောင်နည်းလမ်းမျိုးစုံသုံးခဲ့သည်။ အကြမ်းဖက်မှုမျိုးစုံကို လုပ်ဆောင်ခဲ့ကြသည်။ တပ်မတော်ကသာ ကျစ်လျစ်ခိုင်မာမှုမရှိခဲ့လျှင် ထိုအကြမ်းဖက်မှုများကြောင့် နိုင်ငံတော်၏အချုပ်အခြာအာဏာ ဆုံးရှုံးသွားနိုင်သည်။ သို့သော် လေ့လာ၊ လေ့ကျင့်၊ လိုက်နာမှုအားကောင်းခဲ့သော တပ်မတော်သည် ထိုအခြေအနေဆိုးများကို ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့ခြင်းဖြစ်သည်။

> **ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်ရာတွင်လည်း မြန်မာနိုင်ငံအနေဖြင့် အခြားနိုင်ငံများ၏ဆောင်ရွက်ပုံအတိုင်း ပုံတူကူးချခြင်းမျိုးမပြုဘဲ မြန်မာနိုင်ငံ၏သမိုင်းကြောင်း၊ လူနေမှုစနစ်၊ ယဉ်ကျေးမှုစရိုက်လက္ခဏာ၊ ဓလေ့ထုံးတမ်းအစဉ်အလာများနှင့်ကိုက်ညီသော ဒီမိုကရေစီစနစ်ကို မြန်မာ့နည်း၊ မြန်မာ့ဟန်ဖြင့် မြန်မာနိုင်ငံတော်အစိုးရနှင့်မြန်မာပြည်သူပြည်သားများက ဆောင်ရွက်သွားမည်ဖြစ် . . . .**

**ရည်မှန်းချက်များ**

တပ်မတော်အနေဖြင့် နိုင်ငံတော်ဦးဆောင်မှုပြုရသည့်အခါ စည်းကမ်းစနစ်ကျနစွာ ရည်မှန်းချက်များ ချမှတ်ကာ နိုင်ငံတော်ကိုဘက်စုံထောင့်စုံကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုဖွဲ့စည်းရာတွင် တပ်မတော်သားနှင့် အရပ်ဘက်ကိုယ်စားလှယ်များ အချိုးညီပါဝင်ဖွဲ့စည်းထားခြင်းဖြစ်သည်။ တပ်မတော်၏သမိုင်းတွင် နိုင်ငံတော်ကိုဦးဆောင်မှုပြုသည့်အခါတိုင်း အရပ်ဘက်စစ်ဘက်မျှတစွာ ပါဝင်စေခဲ့သည်။

ရှေ့ဆက်သွားရမည့်ခရီးအတွက် ရည်မှန်းချက်များကိုလည်းချမှတ်ဆောင်ရွက်ခဲ့သည်။ နိုင်ငံရေးရည်မှန်းချက်အဖြစ် **“စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့်ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး”** တို့ကိုချမှတ်ထားသည်၊ ထို့အတူ အမျိုးသားရေးရည်မှန်းချက်အဖြစ် **“တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး”** တို့ကို ချမှတ်ထားသည်။

**နိုင်ငံရေးရည်မှန်းချက်**

စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖော်ဆောင်ရန်အတွက် ရွေးကောက်ပွဲသည် အရေးကြီးပါသည်။ ပြည်သူလူထု၏ဆန္ဒအမှန်ကို ရွေးကောက်ပွဲများကသာ ဖော်ဆောင်နိုင်မည်ဖြစ်သည်။ ထို့အတွက်လည်း ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို နိုင်ငံရေးပါတီပေါင်း ၅၇ ပါတီနဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ၉၃ ဦးအပါအဝင် စုစုပေါင်း ကိုယ်စားလှယ်လောင်း ၄၉၃၅ ကျော်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ယခုကျင်းပသော ရွေးကောက်ပွဲတွင် တိုင်းရင်းသားများနှင့်လူထုလူတန်းစားအလွှာများကို ကိုယ်စားပြုသူများ လွှတ်တော်ထဲတွင် ကျယ်ကျယ်ပြန့်ပြန့်ပါဝင်လာနိုင်စေရန် ပြည်သူ့လွှတ်တော်ကို FPTP စနစ်၊ အမျိုးသားလွှတ်တော်နဲ့ တိုင်းဒေသကြီး / ပြည်နယ်လွှတ်တော်ကို ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (MMP–Mixed Member Proportion System)ဖြင့် အသုံးပြုဆောင်ရွက်သွားမည်ဖြစ်သည်။

ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်ရာတွင်လည်း မြန်မာနိုင်ငံအနေဖြင့် အခြားနိုင်ငံများ၏ဆောင်ရွက်ပုံအတိုင်း ပုံတူကူးချခြင်းမျိုးမပြုဘဲ မြန်မာနိုင်ငံ၏သမိုင်းကြောင်း၊ လူနေမှုစနစ်၊ ယဉ်ကျေးမှုစရိုက်လက္ခဏာ၊ ဓလေ့ထုံးတမ်းအစဉ်အလာများနှင့် ကိုက်ညီသော ဒီမိုကရေစီစနစ်ကို မြန်မာ့နည်း၊ မြန်မာ့ဟန်ဖြင့် မြန်မာနိုင်ငံတော်အစိုးရနှင့် မြန်မာပြည်သူပြည်သားများက ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**အမျိုးသားရေးရည်မှန်းချက်**

တိုင်းပြည်သာယာဝပြောရေးအတွက် အဓိကလိုအပ်သည်မှာ တိုင်းပြည်ငြိမ်းချမ်းမှုရှိရန်ဖြစ်သည်။ ထာဝရငြိမ်းချမ်းရေးခိုင်မာတည်တံ့နေမှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အောင်မြင်စွာ လုပ်ဆောင်နိုင်မည်ဖြစ်သည်။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်လျက်ရှိသည်။ တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်မှ ယနေ့ထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့်ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက် ၂၇ ကြိမ် ထုတ်ပြန်ပေးခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ခေါင်းဆောင်များဖြင့် ဆွေးနွေးနိုင်ရေး ၂၀၂၂ ခုနှစ် မေ ၂၂ ရက်တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။ NCA တွင်လက်မှတ်ရေးထိုးထားသောအဖွဲ့ခုနစ်ဖွဲ့နှင့် လက်မှတ်မရေးထိုးရသေးသည့်အဖွဲ့သုံးဖွဲ့တို့နှင့်ဆွေးနွေးနိုင်ခဲ့သည်။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီကလည်း NCA လက်မှတ်ရေးထိုးထားသော EAO များနှင့် ၉၁ ကြိမ်၊ NCA လက်မှတ်မရေးထိုးထားသော EAO များနှင့် ၂၅ ကြိမ်၊ နိုင်ငံရေးပါတီများနှင့် ၂၂ ကြိမ်၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့များနှင့် ၁၃ ကြိမ် ဆွေးနွေးခြင်းများဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၆ ရက်တွင်လည်း နိုင်ငံရေးပြဿနာအားနိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန်ကမ်းလှမ်းဖိတ်ခေါ်ခြင်းခေါင်းစဉ်ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့က ထုတ်ပြန်ပေးထားသည်။ ထို့ပြင် ၂၀၂၅ ခုနှစ်တွင် ငြိမ်းချမ်းရေးစကားဝိုင်း (Peace Talk) တစ်ကြိမ်၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲ (Peace Forum) တစ်ကြိမ်တို့ကိုလည်း ကျင်းပပြုလုပ်နိုင်ခဲ့သည်။

> **တိုင်းပြည်သာယာဝပြောရေးအတွက် အဓိကလိုအပ်သည်မှာ တိုင်းပြည်ငြိမ်းချမ်းမှုရှိရန်ဖြစ်သည်။ ထာဝရငြိမ်းချမ်းရေးခိုင်မာတည်တံ့နေမှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အောင်မြင်စွာလုပ်ဆောင်နိုင်မည်ဖြစ်သည်။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်လျက်ရှိ . . . .**

**စားရေရိက္ခာဖူလုံရေး**

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကိုခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်လျက်ရှိသည်။ ထို့ပြင် တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကိုအားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိသည်။

စားရေရိက္ခာတိုးတက်ရေးအတွက်ဆောင်ရွက်ခဲ့ရာတွင် ၂၀၂၁ ခုနှစ်မှယနေ့အထိ စိုက်ဧကများတိုးချဲ့ခြင်း၊ စိုက်ပျိုးသီးနှံများကို ရာသီမပြတ်စိုက်ပျိုးခြင်းများဆောင်ရွက်ခဲ့သည်။ စိုက်ပျိုးမြေနှင့်သီးနှံစိုက်ဧရိယာတိုးတက်လာမှုအခြေအနေကို လေ့လာကြည့်ရာ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် စိုက်ပျိုးမြေဧရိယာဧက ၃၀၈၆၉၀၃၇ နှင့် သီးနှံစိုက်ဧရိယာဧက ၄၈၃၂၂၆၂၇ ရှိခဲ့ရာမှ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် စိုက်ပျိုးမြေဧရိယာဧက ၃၀၉၆၈၉၆၃ နှင့် သီးနှံစိုက်ဧရိယာဧက ၅၂၀၂၉၅၄၈ အထိ တိုးတက်လာခဲ့သည်။

မွေးမြူရေးဇုန်များနှင့်ပတ်သက်၍ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ဖော်ထုတ်ဆောင်ရွက်ထားရှိမှုအနေဖြင့် ကရင်ပြည်နယ်တွင် မွေးမြူရေးဇုန်နှစ်ခု၊ မကွေးတိုင်းဒေသကြီးတွင် မွေးမြူရေးဇုန်နှစ်ခု၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် မွေးမြူရေးဇုန်တစ်ခုစီနှင့်ရှမ်းပြည်နယ်တွင် မွေးမြူရေးဇုန်သုံးခုဖော်ထုတ်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ပြည်ပသို့ ငါးတင်ပို့မှုအနေဖြင့် ၂၄၃၅၂၉ ဒသမ ၆၅၆ မက်ထရစ်တန်၊ ပုစွန်တင်ပို့မှု ၇၅၇၂ ဒသမ ၉၉၂ မက်ထရစ်တန်နှင့် အခြားရေထွက်ပစ္စည်းတင်ပို့မှု ၈၄၉၆၅ ဒသမ ၈၇၃ မက်ထရစ်တန် တင်ပို့နိုင်ခဲ့ရာမှ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ငါးတင်ပို့မှု ၃၉၃၁၇၄ ဒသမ ၅၄၅ မက်ထရစ်တန်၊ ပုစွန်တင်ပို့မှု ၉၁၄၆ ဒသမ ၆၁၅ နှင့် အခြားရေထွက်ပစ္စည်းတင်ပို့မှုမှာ ၁၅၁၅၇၂ ဒသမ ၀၆၆ မက်ထရစ်တန်အထိ တိုးမြှင့်တင်ပို့နိုင်ခဲ့ပါသည်။

စိုက်ပျိုးသီးနှံများပိုမိုတိုးတက်ထွက်ရှိမှုနှင့်ပတ်သက်၍ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ တိုးတက်လာသည့်စိုက်ဧကများကို အောက်ပါဇယားအတိုင်း မြင်တွေ့နိုင်သည်–

စာမျက်နှာ ၂၅ သို့

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်(၁၄ / ၂၀၂၅)

၁။ ကလေးသူငယ်များသည် နိုင်ငံ့အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးအပါဆုံးအခန်းကဏ္ဍ၌ ပါဝင်သူများဖြစ်ရာ ၎င်းတို့၏ ကာယ၊ ဉာဏ၊ စာရိတ္တဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးသူငယ်များ၏ အကောင်းဆုံးအကျိုးစီးပွားကို ဖော်ဆောင်ရန် လိုအပ်ပါသည်။ ယင်းလိုအပ်ချက်ကို ကမ္ဘာက အသိအမှတ်ပြုသည့်အနေဖြင့် ၁၉၅၉ ခုနှစ်တွင် ကုလသမဂ္ဂက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကြေညာစာတမ်း (Declaration of the Rights of the Child)ကို ထုတ်ပြန်ကြေညာခဲ့ပြီး ၁၉၈၉ ခုနှစ် နိုဝင်ဘာ ၂၀ ရက်၌ ကုလသမဂ္ဂအထွေထွေညီလာခံက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (Convention on the Rights of the Child – CRC)ကို အတည်ပြုခဲ့ရာ ယင်းသဘောတူစာချုပ်မှာ အဖွဲ့ဝင်နိုင်ငံအများဆုံး လူ့အခွင့်အရေးဆိုင်ရာ စာချုပ်ကြီးတစ်ခုဖြစ်ပါသည်။ အဆိုပါစာချုပ်အတည်ပြုခဲ့သော နိုဝင်ဘာ ၂၀ ရက်ကို ကမ္ဘာ့ကလေးများနေ့(World Children's Day)ဟုသတ်မှတ်ခဲ့ပြီး ယနေ့တွင် ၃၆ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံသည် ၁၉၉၁ ခုနှစ်တွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာသဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ချုပ်ဆိုခဲ့သည့်အားလျော်စွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင် ကလေးသူငယ်များအား ဥပဒေအရ သတ်မှတ်ထားသောသက်ဆိုင်ရာအခွင့်အရေးများကို အညီအမျှခံစားခွင့်ရှိစေရမည်ဟု ပြဋ္ဌာန်းထားပါသည်။ ထို့ပြင် ကလေးသူငယ်များ၏ အသက်ရှင်သန်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်စောင့်ရှောက်မှုရရှိရေးနှင့် လူမှုအဖွဲ့အစည်းတွင် ပါဝင်ဆက်ဆံခွင့်ရရှိရေးတို့အတွက် အခွင့်အရေးများရှိကြောင်း နိုင်ငံတော်ကအသိအမှတ်ပြုသကဲ့သို့ ဥပဒေပါ ကလေးသူငယ်အခွင့်အရေးများကို တန်းတူညီမျှစွာ ရရှိခံစားခွင့်ရှိသည်ဟု ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ(၂၀၁၉ ခုနှစ်)တွင် ပြဋ္ဌာန်းထားပါသည်။

၃။ ကလေးသူငယ်များသည် အနာဂတ်အတွက် တန်ဖိုးရှိသောရတနာများဖြစ်ရာ ၎င်းတို့၏အခွင့်အရေးများကို ရရှိခံစားစေခြင်းဖြင့် နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးရေးနှင့်ကလေးသူငယ်များဘဝဖွံ့ဖြိုးရေးတို့တွင် ကလေးသူငယ်များကိုယ်တိုင်ဖော်ဆောင်နိုင်ကြမည်ဖြစ်ပါသည်။ကလေးသူငယ်အခွင့်အရေးများကို သိရှိနိုင်ရေးနှင့် လက်လှမ်းမီတန်းတူညီမျှရရှိရေးတို့ကို အလေးအနက်ထား၍ ဂရုပြုဆောင်ရွက်ပေးရမည်ဖြစ်ရာ နိုင်ငံတော်ကလည်း ကလေးသူငယ်များ ဖွံ့ဖြိုးရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

၄။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ အဓိကလုပ်ငန်းတာဝန်နှစ်ရပ်ဖြစ်သည့် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းတို့ကို အစဉ်တစိုက်ဆောင်ရွက်လျက်ရှိရာတွင် အများပြည်သူအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် အခြေခံပညာ ဆရာ၊ ဆရာမများအား ကလေးသူငယ်ဆိုင်ရာအခွင့်အရေးများကို အသိပညာပေးခြင်း၊ စာအုပ်စာတမ်းများဖြန့်ဝေခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ကလေးသူငယ်အားလုံးကို တည်ဆဲဥပဒေအရ သတ်မှတ်ထားသော သက်ဆိုင်ရာအခွင့်အရေးနှင့် အကာအကွယ်တို့ကို တန်းတူညီမျှရရှိစေရန် ကလေးပြုစုစောင့်ရှောက်ရေးဂေဟာများ၊ လူငယ်သင်တန်းကျောင်းများ၊ ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများသို့သွားရောက်ကြည့်ရှုစစ်ဆေးပြီး စစ်ဆေးတွေ့ရှိမှုအပေါ် အကြံပြုချက်များကို သက်ဆိုင်ရာဌာနများသို့ ပေးပို့ဆောင်ရွက်လျက်ရှိပါသည်။

၅။ အတွေးအမြင်သစ်များဖြင့် တည်ငြိမ်အေးချမ်း၍ ဖွံ့ဖြိုးတိုးတက်သော ကမ္ဘာကြီးကို ပုံဖော်နိုင်သည့် ကလေးသူငယ်များ၏ အရေးပါမှုကို သတိပြုလျက် ယခု ၂၀၂၅ ခုနှစ်၏ ဆောင်ပုဒ်ဖြစ်သော "Listen to children: my day, my rights"(နေ့စဉ်အခွင့်အရေးများ မြှင့်တင်ရေး ကလေးများအသံ နားထောင်ပေး)နှင့်အညီ ကလေးသူငယ်များ၏ ဆန္ဒသဘောထားများကို နားထောင်၍ ၎င်းတို့၏ ပါဝင်ဆောင်ရွက်ခွင့်ကို သက်ဆိုင်သူများက အသိအမှတ်ပြုကြရမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ ကလေးသူငယ်များ၏ အခြေခံအခွင့်အရေးများ ရရှိခံစားစေရေး ကဏ္ဍအသီးသီးမှ တာဝန်ရှိသူအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် ကမ္ဘာ့ကလေးများနေ့တွင် အလေးအနက်တိုက်တွန်းအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၂၀ ရက်

**စာမျက်နှာ ၂၄ မှအဆက်**

### စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန
### ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်ထိ အဓိကသီးနှံများတိုးတက်စိုက်ပျိုးနိုင်မှုအခြေအနေ

| စဉ် | သီးနှံအမည် | ၂၀၂၀-၂၀၂၁ ခုနှစ် စိုက်ဧက | ၂၀၂၄-၂၀၂၅ ခုနှစ် စိုက်ဧက | တိုးတက်စိုက် ဧက |
|---|---|---|---|---|
| ၁ | စပါး | ၁၇,၂၀၂,၉၄၁ | ၁၇,၄၅၄,၀၉၈ | ၂၅၁,၁၅၇ |
| ၂ | အစေ့ထုတ်ပြောင်း | ၁,၃၇၅,၂၂၉ | ၁,၅၅၁,၄၆၇ | ၁၇၆,၂၃၈ |
| ၃ | မတ်ပဲ | ၂,၃၁၈,၂၁၁ | ၂,၆၀၃,၇၅၅ | ၂၈၅,၅၄၄ |
| ၄ | ပဲတီစိမ်း | ၂,၈၄၉,၉၆၇ | ၃,၂၃၇,၈၀၆ | ၃၈၇,၈၃၉ |
| ၅ | ပဲစင်းငုံ | ၁,၀၆၇,၂၀၉ | ၁,၁၄၁,၅၉၉ | ၇၄,၃၉၀ |
| ၆ | မြေပဲ | ၂,၈၁၈,၇၈၃ | ၃,၂၆၇,၅၃၇ | ၄၄၈,၇၅၄ |
| ၇ | နှမ်း | ၃,၇၉၉,၉၄၈ | ၃,၈၀၂,၂၇၉ | ၂,၃၃၁ |
| ၈ | နေကြာ | ၅၉၂,၂၀၆ | ၁,၀၇၀,၆၁၅ | ၄၇၈,၄၀၉ |
| ၉ | ဝါ | ၃၈၉,၉၇၀ | ၅၄၅,၃၆၁ | ၁၅၅,၃၉၁ |
| ၁၀ | ကြံ | ၇၄၁,၉၅၈ | ၇၆၆,၄၉၂ | ၂၄,၅၃၄ |
| ၁၁ | ကြက်သွန်ဖြူ | ၆၉,၅၄၁ | ၇၆,၀၇၈ | ၆,၅၃၇ |
| ၁၂ | ကြက်သွန်နီ | ၁၈၇,၃၈၅ | ၁၉၇,၂၁၃ | ၉,၈၂၈ |
| ၁၃ | အာလူး | ၇၄,၅၉၀ | ၆၇,၈၉၇ | -၆,၆၉၃ |
| ၁၄ | သရက် | ၂၆၅,၈၀၃ | ၂၇၂,၈၁၅ | ၇,၀၁၂ |
| ၁၅ | ဒူးရင်း | ၂၄,၀၅၉ | ၂၄,၀၄၄ | -၁၅ |
| ၁၆ | စပျစ် | ၄,၄၆၂ | ၄,၄၇၄ | ၁၂ |
| ၁၇ | ကော်ဖီ | ၅၀,၂၄၈ | ၆၃,၂၂၆ | ၁၂,၉၇၈ |
| | သီးနှံ(၆၁)မျိုး ပြည်ထောင်စုချုပ် | ၄၈,၃၂၂,၆၂၇ | ၅၂,၁၃၆,၆၄၂ | ၃,၈၁၄,၀၁၅ |

စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်အကြီးအကဲကိုယ်တိုင် တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ သွားရောက်စစ်ဆေးကြည့်ရှုပြီး လိုအပ်သည်များလမ်းညွှန်ခဲ့သည့်အတွက် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်ထုတ်လုပ်နိုင်ခြင်းဖြစ်သည်။ ဤသို့ဆောင်ရွက်ခြင်းအားဖြင့် အမျိုးသားရေးရည်မှန်းချက်ကို အောင်မြင်စွာဆောင်ရွက်ခဲ့နိုင်ကြောင်း လေ့လာတွေ့ရှိရသည်။

**စဉ်ဆက်မပြတ်ဆောင်ရွက်ရမည့်ဆောင်ပုဒ်သုံးခု**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်ပြီးနောက် ဖွဲ့စည်းခဲ့သော နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်လက်ထက်တွင်လည်း နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်တိုင်က **"နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့"**၊ **"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"**၊ **"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"**ဟူသောဆောင်ပုဒ်သုံးခုချမှတ်ပေးခဲ့သည်။ **"ရွှေ၊ ဖွံ့၊ သာ"**ဟု အတိုကောက်မှတ်ယူနိုင်ပါသည်။


စီးပွားရေးမောင်းနှင်အားကောင်းမွန်မှသာ ကျန်ရှိသည့် ကာကွယ်ရေးမောင်းနှင်အားကဏ္ဍနှင့်နိုင်ငံရေးမောင်းနှင်အားကဏ္ဍအဆင်ပြေမည်ဖြစ်သည်။ စီးပွားရေးအင်အားတောင့်တင်းနေစေရန်အတွက် မိမိနိုင်ငံ၏ အဓိကစီးပွားရေးဖြစ်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အောင်မြင်စွာဖြစ်ထွန်းအောင် ဆောင်ရွက်ကြရမည်။ ထိုမှတစ်ဆင့် Agro-based Industry ဖြစ်မြောက်အောင်လည်း ဆောင်ရွက်ကြရမည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးအပါအဝင် ဒေသထွက်ကုန်ကြမ်းများကိုအသုံးပြုကာ MSME လုပ်ငန်းများကိုလည်း အောင်မြင်အောင်ဆောင်ရွက်ကြရန် နိုင်ငံတော်အစိုးရကဘက်စုံကဏ္ဍစုံမှ ပံ့ပိုးပေးလျက်ရှိပါသည်။ အရည်အသွေးမြင့်ပြည်တွင်းထွက်ကုန်များကို ပြည်ပသို့ တင်ပို့နိုင်ရေးအတွက် အခွင့်အလမ်းများကိုလည်း အစိုးရမှချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ကြောင့် **"နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့"**ဟူသောဆောင်ပုဒ်ကို ပထမဆုံးဆောင်ပုဒ်အဖြစ် သတ်မှတ်ပေးထားသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုလျှင် ပညာတတ်လူသားအရင်းအမြစ်ပေါများနေရမည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးနှင့်ပတ်သက်လာလျှင် ဘက်စုံပညာရေးစနစ်ကိုကျင့်သုံးသည်။ အခြေခံပညာအလယ်တန်းအောင်မြင်သည်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်စက်မှု စသည့်အသက်မွေးဝမ်းကျောင်းပညာသင်ယူနိုင်ရေးလမ်းကြောင်းကို သင်ယူခွင့်ရရှိအောင် စီမံပေးထားသည်။ ခရိုင် ၈၈ ခုတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုအထက်တန်းကျောင်း ၈၉ ကျောင်းဖွင့်လှစ်ပေးထားပြီးဖြစ်သည်။ ထိုမှတစ်ဆင့်သက်ဆိုင်ရာဘွဲ့အသီးသီးရရှိစေရန် ဆက်လက်ကြိုးစားကြရမည်ဖြစ်သည်။ ယခင်ကစိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်ကို နေပြည်တော်ရေဆင်းတွင်သာရှိခဲ့သည်။ ယခုအခါဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်တစ်ခုကို ထပ်မံဖွင့်လှစ်နေပြီဖြစ်သည်။ ထို့အတူကွန်ပျူတာနှင့် နည်းပညာများကို ပေါင်းစပ်သင်ကြားပေးသည့် Polytechnic University ရှစ်ခုကို ဖွင့်လှစ်ထားပြီးဖြစ်သည်။ မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော်တွင် Naypyitaw State Academy ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၉ ရက်က တည်ထောင်ဖွင့်လှစ်ခဲ့သည်။ ယခုအခါသုံးနှစ်ပြည့်မြောက်ပြီဖြစ်ပြီး စဉ်းစားတွေးခေါ်ဖန်တီးမှုကို အားပေးသော၊ အရည်အသွေးပြည့်ဝသော သင်ကြားသင်ယူလေ့ကျင့်မှုများမှ တစ်ဆင့်အသုံးချသုတေသနနှင့် တီထွင်ဆန်းသစ်မှုကို အားပေးသည့် အဆင့်မြင့်ပညာရပ်များကိုသင်ယူရာ ထိပ်တန်းတက္ကသိုလ်ဖြစ်လာစေရန် ဦးတည်ချက်ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ပညာရေးသည် ဖွံ့ဖြိုးတိုးတက်မှုမှန်သမျှ၏ အဓိကအုတ်မြစ်ဖြစ်သည်။ ထို့ကြောင့် **"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"**ဟူသော ဒုတိယဆောင်ပုဒ်ကို ချမှတ်ခြင်းဖြစ်သည်။

လူတိုင်းသည် ခိုင်မာလှပသောခြံစည်းရိုးနှင့် အိမ်ကြီးအိမ်ကောင်းတွင်နေထိုင်လိုကြသည်။ ထို့အတူပတ်ဝန်းကျင်သန့်ရှင်းကောင်းမွန်ခြင်းကို နှစ်သက်သည်။ ဖွံ့ဖြိုးတိုးတက်နေသောနိုင်ငံများရှိအဆောက်အအုံများနှင့် လမ်းများကိုမြင်တွေ့ရသည်မှာ မြင်ကွင်းကောင်းလှသည်။ ကားလမ်းများ၊ ရထားလမ်းများ၏ သဘာဝပတ်ဝန်းကျင်မှာလည်း သာယာငေးမောဖွယ်ဖြစ်သည်။ မြန်မာနိုင်ငံတွင် နေပြည်တော်မြို့တော်ကဲ့သို့ အခြားသောမြို့များတွင်လည်း သဘာဝပတ်ဝန်းကျင်သာယာလှပစေချင်သည်။ သစ်ပင်များစိုက်ပျိုးခြင်း၊ အမှိုက်များစနစ်တကျစွန့်ပစ်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းစေမည့်အခိုးအငွေ့များကင်းစင်ခြင်းတို့သည် သဘာဝပတ်ဝန်းကျင်ကို ကောင်းမွန်အောင်ထိန်းသိမ်းခြင်းဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကိုကောင်းမွန်စွာထိန်းသိမ်းခြင်းအားဖြင့် လေကောင်းလေသန့်ရရှိပြီး ကျန်းမာရေးကို ကောင်းမွန်စေသည်။ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်သယံဇာတများကို တရားလွန်ထုတ်ယူသုံးစွဲခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ပျက်စီးနိုင်သဖြင့် အလွန်အကျွံထုတ်ယူသုံးစွဲခြင်းတို့ကိုလည်း ရှောင်ကြဉ်ကြရမည်။ ထို့ကြောင့် **"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"** ဟူသော တတိယဆောင်ပုဒ်ကိုချမှတ်ခြင်းဖြစ်သည်။

ဤဆောင်ပုဒ်သုံးခုမှာနိုင်ငံတော်တွင်မည်သည့်အစိုးရတာဝန်ယူသည်ဖြစ်စေ မလွဲမသွေဆောင်ရွက်ရမည့် ရည်မှန်းချက်များလည်းဖြစ်သည်။

တပ်မတော်သည် အဓိကတာဝန်ကြီးသုံးခုဖြစ်သော ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်၊ ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်တို့ကို ကျေပွန်စွာထမ်းဆောင်နိုင်ရန်အတွက် **"လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"** ဟူသောဆောင်ပုဒ်နှင့်အညီ ကျင့်ကြံနေထိုင်ဆောင်ရွက်လျက်ရှိပါသည်။ ထိုကဲ့သို့အခြေခံကောင်းများရှိခြင်းကြောင့်လည်း နိုင်ငံတော်တာဝန်ကို ဦးဆောင်ရသည့်အခါတွင်လည်း နိုင်ငံတော်အတွက် အမှန်တကယ်လိုအပ်သော၊ အချိန်အခါမရွေးလိုအပ်သော ရည်မှန်းချက်များ၊ ဆောင်ပုဒ်များချမှတ်ကာ အောင်မြင်တိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းဖြစ်ပါသည်။ စိတ်ဓာတ်ခိုင်မာမှုနှင့် ဖွဲ့သတ္တိပြည့်ဝမှု၊ လေ့ကျင့်သားပြည့်ဝမှု၊ သန္နိဋ္ဌာန်စိတ်ဖြင့် ရည်မှန်းချက်ပြီးမြောက်အောင်ဆောင်ရွက်မှုတို့ကြောင့်ဖြစ်သည်။ ထိုအောင်မြင်မှုများမှာ မျက်စိဖြင့်မြင်နိုင်သောအရာများဖြစ်သည်။ အမှန်ကိုအမှန်အတိုင်း မြင်အောင်ကြည့်တတ်ကြရမည်ဖြစ်သည်။ အခက်အခဲမျိုးစုံကိုရင်ဆိုင်ကျော်လွှားကာ နိုင်ငံတော်ကိုပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးခြင်းဖြစ်သည်။ နိုင်ငံတော်အစိုးရ၊တပ်မတော်၏ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများကို ထင်ရှားစွာမြင်တွေ့နေရသည့်အတွက် **"လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"**ခြင်းမှအစတည် **"ရွှေ၊ ဖွံ့၊ သာ စေမည်တို့တိုင်းပြည်"**သို့ရောက်ရှိအောင် ပို့ဆောင်ပေးလျက်ရှိသည်ကို ဂုဏ်ပြုအပ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။



KNU အကြမ်းဖက်အဖွဲ့နှင့် Tran-Asia International Holding Group(Thailand)ကုမ္ပဏီနှင့် မုလအိအလင်းကုမ္ပဏီတို့ ချုပ်ဆိုခဲ့သည့် စာချုပ်ကိုတွေ့ရစဉ်။



ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုလျက်ရှိသည့် မိုဘိုင်းဖုန်းများ သိမ်းဆည်းရရှိမှု မှတ်တမ်းဓာတ်ပုံ။

အဆောက်အအုံ ၆၃၅ လုံးရှိသည့် အနက် အလုံး ၁၇၀ ကို ဖြိုချဖျက်ဆီးပြီးစီးပြီဖြစ်ကြောင်းနှင့် ကျန်ရှိနေသေးသည့် အဆောက်အအုံ ၄၆၅ လုံးကို ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို ယမန်နေ့မှစ၍ စတင်ဆောင်ရွက်လျက်ရှိပြီး ယနေ့ဒုတိယနေ့အဖြစ်ရှင်းလင်းမှုများ ဆက်လက်ဆောင်ရွက်ခဲ့ရာ ည ၆ နာရီထိ ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ထားသည့် အဆောက်အအုံ ၁၃ လုံးအတွင်းမှ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် တရုတ်နိုင်ငံသား ၁၈၄ ဦး၊ မလေးရှားနိုင်ငံသား သုံးဦး၊ ဖိလစ်ပိုင်နိုင်ငံသား ၁၄ ဦး၊နီပေါနိုင်ငံသား လုံး၊ မိုဘိုင်းဖုန်းအလုံး ၂၉၅၀ နှင့် လုပ်ငန်းသုံးပစ္စည်းအများအပြားကို စိစစ်တွေ့ရှိဖမ်းဆီးရမိခဲ့သည်။ သို့ဖြစ်၍ ရွှေကုက္ကိုလ်နယ်မြေအတွင်း စုစုပေါင်းဖော်ထုတ်ရှင်းလင်းမှုများအရ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် စိစစ်ဆဲနိုင်ငံခြားသား ၆၁၁ ဦးနှင့် Online လိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင်အသုံးပြုသည့် ကွန်ပျူတာ ၂၆၅၃ လုံး၊ မိုဘိုင်းဖုန်းအလုံး ၁၉၆၅၀ နှင့် လုပ်ငန်းသုံးပစ္စည်း အများအပြားကို စိစစ်တွေ့ရှိဖမ်းဆီးရရှိခဲ့ပြီး ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများကို မြဝတီမြို့နယ်



ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ ဖမ်းဆီးရမိသည့် တရားမဝင် ဝင်ရောက်လာသူများကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည်များ စိစစ်ဆောင်ရွက်နေမှု မှတ်တမ်းဓာတ်ပုံ။





ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ တရားမဝင် ဝင်ရောက်လာသူများကို စိစစ်ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

☆ **ကျောဖုံးမှအဆက်**

ယင်းဒေသတွင် လုံးဝပြန်လည်အခြေမချနိုင်စေရေး၊ ဒုစရိုက်လုပ်ငန်းများ ထပ်မံမလုပ်ဆောင်နိုင်စေရေးအတွက် ယင်းဒေသတွင် ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ထားသည့် အဆောက်အအုံများကိုလည်း အပြီးတိုင် ဖျက်ဆီးဖြိုချမှုများ ဆောင်ရွက်လျက်ရှိသည်။ထိုသို့ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ရာတွင် ယာဉ်ယန္တရားများဖြင့် စနစ်တကျဖြိုချဖျက်ဆီးခြင်း၊ အဆင့်မြင့်နည်းပညာသုံး ဖောက်ခွဲဖျက်ဆီးခြင်းနည်းပညာများအသုံးပြု၍ စနစ်တကျဖောက်ခွဲဖျက်ဆီးခြင်းတို့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ယနေ့ ည ၆ နာရီထိ မြဝတီ- မယ်ထော်သလေး(KK Park) နယ်မြေအတွင်း Online လိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုလျက်ရှိသည့် နှစ်ဦး၊ ထိုင်းနိုင်ငံသား ခြောက်ဦး၊ ဗီယက်နမ်နိုင်ငံသား ခုနစ်ဦး၊ နိုင်ဂျီးရီးယားနိုင်ငံသား တစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံသား ၄၈ ဦး စုစုပေါင်း ၂၆၅ ဦးနှင့် Online လိမ်လည် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၂၃၃၉ ပူလွဲပူကျေးရွာအုပ်စု ရွှေကုက္ကိုလ်မြိုင်ကျေးရွာအတွင်း လုံထင်းဝင်းရှိ အဆောက်အအုံ၌ ထိန်းသိမ်းထားရှိပြီး တရားမဝင် ပြည်ပနိုင်ငံသား စိစ်ဆေးရေးအဖွဲ့က စိစ်ဆေးခဲ့ရာ ပြည်ပနိုင်ငံသား ဦးရေ ၂၀၀ ကိုစိစ်ဆေးနိုင်ခဲ့ပြီး **စာမျက်နှာ ၂၇ သို့**





ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုလျက်ရှိသည့် ကွန်ပျူတာများ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

**စာမျက်နှာ ၂၆ မှအဆက်**

သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်း ပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် Online လိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

KK Park နယ်မြေအတွင်း၌ Online လိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။



# အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၃၄၆ ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး အိန္ဒိယနိုင်ငံသား ၁၂၅ ဦးကို သက်ဆိုင်ရာနိုင်ငံသို့ လွှဲပြောင်းပေးအပ်



အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၉**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ် မယ်ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေတို့တွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား ၁၂၅ ဦးကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်လျက်ရှိရာ ကရင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်နှင့် တာဝန်ရှိသူများ၊ တပ်မတော်နှင့် BGF နယ်ခြားစောင့်တပ်များမှ တာဝန်ရှိသူများသည် နိုဝင်ဘာ ၁၈ ရက် နံနက် ၁၁ နာရီခွဲတွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းသို့ ဝင်ရောက်ခဲ့ပြီးနောက် မွန်းလွဲ ၁ နာရီမှ ည ၆ နာရီထိ တိုက်အမှတ်(၀၈)(ခုနစ်ထပ်အဆောက်အအုံ)သို့ ဝင်ရောက်စစ်ဆေးခဲ့ရာ ကွန်ပျူတာ အလုံး ၈၀၊ မိုဘိုင်းဖုန်း အလုံး ၄၈၀၀ နှင့် တရားမဝင် ဝင်ရောက်နေသော ပြည်ပနိုင်ငံသား ၆၅ ဦးတို့ကိုလည်းကောင်း၊ တိုက်အမှတ်(၀၆)(ခုနစ်ထပ် အဆောက်အအုံ)သို့ ဝင်ရောက်စစ်ဆေးခဲ့ရာ ကွန်ပျူတာ ၇၃ လုံး၊ မိုဘိုင်းဖုန်းအလုံး ၆၅၀၀နှင့်တရားမဝင် ဝင်ရောက်နေသော ပြည်ပ နိုင်ငံသား ၇၅ ဦးတို့ကိုလည်းကောင်း၊ ချန်စိမ်းတိုက် ၁၃ ထပ်အဆောက်အအုံသို့ ဝင်ရောက်စစ်ဆေးခဲ့ရာ ကွန်ပျူတာ ၁၆၁ လုံး၊ မိုဘိုင်းဖုန်းအလုံး ၇၅၀၀ နှင့် တရား မဝင် ဝင်ရောက်နေသော ပြည်ပနိုင်ငံသား ၂၀၆ ဦးတို့ကိုလည်းကောင်း စစ်ဆေးတွေ့ရှိ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

ထိုသို့ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသား ၃၄၆ ဦးကို မြဝတီမြို့နယ် ပူလွဲပူကျေးရွာအုပ်စု ရွှေကုက္ကိုလ်မြိုင်ကျေးရွာအတွင်း လုံထင်းဝင်းရှိအဆောက်အအုံ၌ ထိန်းသိမ်းထားရှိပြီး တရားမဝင် ပြည်ပနိုင်ငံသား စစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ ပြည်ပနိုင်ငံသားဦးရေ ၂၀၀ ကိုစစ်ဆေးနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကရင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်နှင့် တာဝန်ရှိသူများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ညွှန်ကြားရေးမှူး ဦးကျော်မြင့်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ယနေ့တွင် ပြည်ပနိုင်ငံသားများပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကိုကျင်းပခဲ့ရာ မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးလှိုင်နှင့် တာဝန်ရှိသူများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ Counsellor Mr. Pranav Ganesh နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

ယခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ နိုဝင်ဘာ ၁၉ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၁၁၈၆ ဦး ထိန်းသိမ်းနိုင်ခဲ့ကာ ဦးရေ ၁၁၀၄၀ကို စစ်ဆေးခဲ့ပြီး ၎င်းတို့အနက်မှ ၉၉၇၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၀၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့်ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

ဝတ္ထုတိုကဏ္ဍ

# အမတ်မင်းနဲ့ ကြက်ဟင်းခါးသီး

ညိမ်းညို



**နိုဝင်ဘာ ၁၈ ရက်မှအဆက်**

"ကြွပါ အမတ်မင်း ကြွပါ။ ခရီးများ ပန်းခဲ့ထင်ပ။ မယ်ရင်ရေ ဘိလပ်ရည်လေး လုပ်ပါအုံး"

သူကြီးက လောကဝတ်လဲပြု သူကြီးကတော်ကိုလဲ လှမ်းခိုင်းပေ့ါလေ။ ရွာသူရွာသားတွေ ခန့်မှန်းတဲ့အတိုင်းပါပဲ။ ရှေ့ကခပ်ဖိုင့်ဖိုင့်လူက အမတ်မင်းဆိုကိုး။ အသားက ဖြူတဲ့အပြင်နီများတောင်နီလို့။ ချွေးတွေချွေးတွေဆိုတာကလဲ အပေါက်လိုက်အပေါက်လိုက်စီးကျနေတာ မြင်မကောင်းဘူး။ အောက်လင်းဓာတ်မီးရောင်ကြောင့် ထင်ပါရဲ့။ အရပ်လေးမျက်နှာက ပိုးကောင်မွှားကောင်တွေဆိုတာလဲ အမတ်မင်းရှိနေတာကိုမှ အားမနာ၊ မီးရောင်အောက်မှာ တဒီးဒီးတဒူဒူဝဲလှည့်လို့။ ငြွေ့ကြည်က စည်းရိုးအစပ်သွားတဲ့ပြီး ဘောစကိုင်းနှစ်ခက်အသာချိုးလို့ အောက်လင်းဓာတ်မီးအပေါ်က ဝါးတန်းပေါ်တင်လိုက်တယ်။ မရပါဘူး။ မီးရောင်ကသက်သက်၊ ပိုးကောင်မွှားကောင်တွေကသက်သက်နဲ့ တစ်ကန့်စီကိုဖြစ်လို့။

"ခရီးပန်းပုံများတော့ သူကြီးရေ။ လကမ္ဘာလမ်းလျှောက်သွားရရင်တောင် ဒီလောက်ပန်းမယ်မထင်ဘူး။ သူကြီးတို့ရွာဝေးချက်တော့။ လမ်းတွေဆိုးပုံကလဲ စံတင်လောက်ပါရဲ့။ သွားရလာရ အတော်ကသီဗျာ"

အမတ်မင်းတပည့် မောင်နက်တူက ဝင်ပြောတာပါ။ အမတ်မင်းကတော့ ဘာမှပြန်မပြောနိုင်ဘူး။ လက်ကလေး တကာကာနဲ့ ခမျာ မောရှာလွန်းထင်ပ့ါ။

"ဒါကြောင့် ပြောတာပေ့ါကွ။ လမ်းမကောင်းတော့ ခရီးမတွင်ဘူးဆိုတာ"

ကိုကြီးမန်းဝင်းက အုန်းမောင်ကို ပြောသလိုလိုနဲ့ ဝင်ပြောလို့ သူကြီးက မျက်ရိပ်လှမ်းပြရသေးတယ်။

အမတ်မင်းလဲ စိတ်ကိုတုံးတုံးချလိုက်ပုံနဲ့ အေးခုတင်ကြီးပေါ် ခြေပစ်လက်ပစ်ထိုင်ချလိုက်တယ်။ အုန်းမောင်တို့ မန်းဝင်းတို့အပါ ရွာသူ၊ ရွာသားတစ်သိုက်ကလဲ စုရုံးစုရုံးနဲ့ တဖြည်းဖြည်းတိုးကပ်လာကြတာပေ့ါလေ။ တချို့ အမယ်အိုများတောင်ပါရဲ့။ အမတ်မင်းများ တွေ့ဖူးလိုက်ချင်ဆိုတာကိုး။

"သူကြီး ကျုပ်တို့ တင်ပြလို့ရပြီလား"

အုန်းမောင်က သူကြီးအနားကို မသိမသာကပ်ပြီးမေးတယ်။ သူကြီးက အသာနေပါအုံးကွာဆိုတဲ့သဘော တံတောင်နဲ့ပြန်တွက်တယ်။ သူတို့တစ်နေကုန်တစ်နေခန်းမျှော်ခဲ့ရတဲ့ အမတ်မင်းကတော့ စကားမပြောနိုင်ရှာသေးဘူး။ ရှေ့ကနေလမ်းမှားပြီးထွက်သွားတဲ့ကလေးငယ်ကို အတင်းလက်လိုက်ဆွဲနေရတဲ့ သားသည်မအေပုံစံနဲ့လေကိုအငမ်းမရရှူသွင်းနေတယ်။ ဟုတ်ရှာမှာပဲ။ ညဘက်တုန်းက အချိန်အခါမဟုတ် မိုးလေးတစ်ပြိုက်နှစ်ပြိုက်ရွာချထားတော့ နဂိုကမကောင်းရတဲ့အထဲ မြေတွေနူးပွပြီး လမ်းတွေက အတော့်ကိုဆိုးနေမှာ။

အမတ်မင်းတပည့်ကျော် မောင်နက်တူက သူကြီးကို တိုးတိုးကလေးကပ်ပြောတယ်။ စကားတောင် မဆုံးသေးဘူး၊ သူကြီးက လက်ကာပြတယ်။ ပြီးတော့ စောင့်နေတဲ့ရွာသူ၊ရွာသားတွေကြားနိုင်အောင် ခပ်ကျယ်ကျယ်ကလေး အော်ပြောတယ်။

"အမတ်မင်းက ခရီးပန်းလာတော့ ထမင်းမသုံးဆောင်ခဲ့ရသေးဘူး။ ထမင်းပွဲလေးများပြင်ပြီး ကျွေးပါရစေအုံး"

"ကဲ... ရွာသူ၊ ရွာသားအပေါင်းတို့ အမတ်မင်းက သက်သတ်လွတ်သမားကိုးဗျ။ ကျုပ်လဲ ထမင်းတွေဟင်းတွေချက်တော့ထားပါရဲ့။ ဟင်းကောင်းကောင်းကလေးမှ ပါပါစေတော့ဆိုပြီး စီမံရလေတော့ အသားဟင်းတွေကများနေတယ်။ ဒီတော့ အသီးအနှံဟင်းကလေးများလာစုကြပါအုံး"

သူကြီးစကားတောင် မဆုံးပါဘူး။ နီးစပ်ရာအိမ်တွေက ငေါက်ခနဲထပြန်ပြီး ဟင်းခွက်ဆွဲလာကြတာပဲ။ တောသူတောင်သားများမယ် ဟင်းသီးဟင်းရွက်တော့မရှားပါဘူး။ သူတို့ကိုယ်တိုင်လဲ တစ်နေ့တစ်နေ့ ဒီထမင်းဒီဟင်းနဲ့ ပြီးကြရသူတွေကိုး။ မကြာပါဘူး။ အသီးအရွက်ဟင်းတွေ စားပွဲမဆံ့စုံပါလေရော။ သူကြီးကတော် အမေရင်လဲ လက်ဆေးဇလုံတွေဘာတွေ ရေအသစ်ထပ်ထည့်ပေ့ါလေ။

အမတ်မင်းတပည့်ကျော် မောင်နက်တူက သူကြီးကတော်ပြင်ထားတဲ့ ဟင်းပွဲတွေကို မျက်လုံးဝေ့ကြည့်ပြီး သူကြီးအနားကိုကပ်ကာ တိုးတိုးတိုးတိုးနဲ့ ပြောနေပြန်တယ်။

"မင်းတို့အမတ်မင်းက စကားကော ပြောတတ်ရဲ့လားဟ။ ရက်ချည်ထက် ချုပ်ချည်က များနေပါပေ့ါလား"

ဆရာကတစ်ခွန်းမှဝင်မဆိုဘဲ တပည့်ကချည်းဩဇာပေးနေတာကို ဘိုးလူလှ အူယားလာပုံရတယ်။ သူကြီးက ဘိုးလူလှကို မျက်ထောင့်နီကြီးနဲ့ လှမ်းကြည့်တယ်။ ဒီထက်ပိုပြီးလဲ မဟန့်ရဲဘူး။ သူကြီးဘိုးဘခင်နဲ့ ဘိုးလူလှဆိုတာက အသက်ချင်း မတိမ်းမယိမ်း ငယ်ပေါင်းတွေ။ ဆိုးဖော် ဆိုးဖက်၊ တေဖော်တေဖက်တွေဖြစ်ခဲ့လေတော့ ဘိုးလူလှတစ်ယောက် စိတ်မထင်ရင်မထင်သလို ပြောတတ်တာကိုလဲ သိနေမှကိုး။ မောင်နက်တူလဲပြောပြီးရော သူကြီးက ချောင်းဟန့်ပြန်တယ်။

"အဟမ်း..အဟမ်း၊ အမတ်မင်းက သက်သတ်လွတ်စားသည် ဆိုသော်ငြားလဲတဲ့၊ ကြက်ဟင်းခါးသီးချက်လေးများပါရင်ဖြင့် ပိုပြီး အဆင်ပြေပါမယ်ဆိုတဲ့အကြောင်း..."

စုရုံးစုရုံးလူအုပ်ကြီးဟာ တခဏပြန်ငြိမ်သွားတယ်။ စားပွဲပေါ်မှာ သူကြီးကတော်ပြင်ထားတဲ့ ဟင်းခွက်တွေက မနည်းပါဘူး။ သူကြီးပြောသလို သက်သတ်လွတ်ဆိုသော်ငြားပေ့ါလေ အစပ်နဲ့ အဟပ်နဲ့၊ အချိုနဲ့အချဉ်နဲ့ ဖွယ်ဖွယ်ရာရာရှိလှပါတယ်။ တစ်ခွက်ကောင်း ဟင်းလုပ်နှိုက်နေကြသူတွေဆိုတော့ များလှပြီမှတ်တာပေ့ါ။

သို့သော်လဲပေ့ါလေ ဩ့သည်တော် အမတ်မင်းက ကြက်ဟင်းခါးသီးဟင်းလေးမှ မပါရင်ခံတွင်းလိုက်မဲ့ပုံမပေါ်တော့ ဟိုအိမ်တစ်ယောက် ဒီအိမ်တစ်ယောက် ကြက်ဟင်းခါးသီးရှာဖို့ သွားလိုက်ကြလာလိုက်ကြပေ့ါ။

ဘိုးလူလှတောင် မထူးပါဘူးကွာဆိုပြီး ကြက်ဟင်းခါးသီးရှာပုံတော် ဖွင့်လိုက်သေးတာကိုး။ ပြီးတော့ပြောသေးတယ်။

"ကျောင်းကြီးတောင် ဆောက်ပြီးနေပေ့ါဟာ၊ ရေစက်တော့ စောင့်ချကြတာပေ့ါကွာ" တဲ့။

(၄)

ဖြစ်ချင်တော့ ဘာကြောင့်ရယ် မဆိုနိုင်ဘူး။ ကြက်ဟင်းခါးသီးကလဲ တယ်ရှားသကိုး။ တစ်ရွာလုံးမြေလှန်ရှာတောင် တွေ့မဲ့ပုံမပေါ်ဘူး။

နောက်ဆုံး ဒေါ်ဘုမ ကယ်ပေလို့သာပဲ။ မနွမ်းရေကာ ကြက်ဟင်းခါးသီးလေးသုံးလုံး ဒေါ်ဘုမမီးဖိုချောင်ထဲက ခံတောင်းအဟောင်းလေးပေါ်မှာ တွေ့လာကြတယ်။ နည်းနည်းတောင် နွမ်းချင်နေပါပြီ။ သူကြီးက နှစ်ထောင်းအားရရှိလွန်းလို့ ဒေါ်ဘုမကို ဆန်တစ်ပြည် ချက်ချင်းခပ်ထည့်ပေးလိုက်တယ်။ မကြာပါဘူး။ ထင်းမီးတွေတရှိန်ရှိန်နဲ့ ထကြော်လိုက်တာ ကြက်ဟင်းခါးသီးလဲ ကျက်ကရောဆိုပါတော့။ ဒီတော့မှ အမတ်မင်းလဲ ထမင်းထစားနိုင်ရှာတယ်။ ရွာပရိသတ်များကတော့ စကားတွေ တဖောင်ဖောင်ပြောလို့ အမတ်မင်းထမင်းစားပြီးတဲ့အထိစောင့်ပေ့ါလေ။ မန်းဝင်းနဲ့ အုန်းမောင်ကလဲ သူ့ကိစ္စအရင်တင်ပြရကောင်းနိုးနိုး၊ ကိုယ့်ကိစ္စအရင်တင်ပြရကောင်းနိုးနိုး အတည်မပြုနိုင်ကြဘူး။

ထမင်းစားသောက်ပြီးတော့ အမတ်မင်းက မတ်တတ်ထရပ်တယ်။ သူ့ခမျာ ရောက်ကတည်းက ထိုင်နေရတာဆိုတော့ ခြေညောင်းလက်ဆန့်လှုပ်ရှားတယ်ထင်ပါရဲ့။ သူ့တပည့်မောင်နက်တူကို အသာလှမ်းခေါ်တယ်။ စကားတစ်ခွန်းနှစ်ခွန်းပြောတယ်။

တပည့်ကျော်ကိုလဲ မှာပြုပြီးရော အမတ်မင်းက အိမ်အပေါ်ထပ်ကို ခပ်လေးလေးတက်သွားတယ်။

"အဟမ်း...အဟမ်း"

ဒီတစ်ခါ ချောင်းဟန့်တာက သူကြီးမဟုတ်တော့ဘူး။ မောင်နက်တူကိုယ်တိုင်ဆိုတော့ အရေးကြီးမယ် အောက်မေ့ရတာပဲ။ ရွာကလူတွေလဲ သူတို့မျက်နှာရိပ်မျက်နှာကဲ တစ်လှည့်စီကြည့်နေရတာနဲ့ပဲ မျက်စိတွေတောင်လည်လို့။

"မိတ်ဆွေ တောင်သူဦးကြီးများနဲ့ ကျေးရွာလူထုကြီးခင်ဗျာ၊ အခုလို အချိန်လင့်တဲ့ထိ စောင့်ဆိုင်းနေကြရတာကို ကျွန်တော်တို့အမတ်မင်းက အင်မတန်မှ အားနာခြင်းကြီးစွာဖြစ်ရပါတယ်တဲ့"

"ရပါတယ်ကွာ။ တို့အတွက်က ဒီလောက်နဲ့ အပန်းမကြီးပါဘူး" တစ်ဖက်သားက ရည်ရည်မွန်မွန်ဆိုနေတော့လဲ ဘိုးလူလှတို့က ပြန်ပြီးတောင် အားနာနေသေးရဲ့လေ။

"ကျွန်တော်တို့အမတ်မင်းမှာ ခရီးပန်းလာတာက တစ်ကြောင်း၊ ယနေ့ဒီခရီးကို ထွက်မလာခင်ကလေးမှာပဲ အင်မတန်ကြီးလေးသော ကိစ္စကြီးတစ်ရပ်ကို ကြီးစွာသော လုံ့လဝီရိယဖြင့် မနားမနေတရစပ်ဆောင်ရွက်ခဲ့ရတာက တစ်ကြောင်း၊ အလားတူလာမဲ့မနက်ဖြန်မှာ ထပ်မံချိန်းဆိုထားသည့် လွန်စွာအရေးပါသော လုပ်ငန်းကြီးတစ်ခုအတွက် အစည်းအဝေးတက်ရမည်ရှိသေးသည်ကတစ်ကြောင်းတဲ့"

"ဟေ့ မောင်ရင်၊ မင်းတစ်ကြောင်းက ပြီးနိုင်ပါအုံးမလားကွ။ တို့က ဘာဆက်လုပ်ရမှာတုံး"

ဘိုးလူလှ ထပြောတော့ အကုန်လုံးက ပွစိပွစိဖြစ်လာပြန်ရော။ သူကြီးလဲ ဝင်မပြောသာဘူး။ အမတ်မင်းတပည့် မောင်နက်တူ ကိုယ်တိုင်ပြောနေတာဆိုတော့ သူလဲအသာယို့နေရတယ်။ အခြေအနေကို အကဲခတ်ပြီး ပါးရည်နပ်ရည်လုပ်နေတာလဲပါမှာပေ့ါလေ။

"ဟုတ်ကဲ့ပါ ဘကြီးခင်ဗျာ။ ကျွန်တော်တို့ အမတ်မင်းဟာဖြင့် ဒီညအဖို့ရာမှာတော့ ဘကြီးတို့ တင်ပြချက်တွေကို လက်ခံဆွေးနွေးဖို့ရာ မဖြစ်နိုင်တော့တာမို့ မနက်ဖြန် မနက်စောစောမှပဲ တစ်ဖန်ပြန်လည်ကြွရောက်လာကြဖို့ လေးစားစွာ အသိပေးပန်ကြားလိုခြင်းပဲဖြစ်ပါတယ်ခင်ဗျာ"

ဘာပြောကောင်းမလဲ။ တစ်နေ့ခင်းလုံး၊ ညဦးတစ်ပိုင်းလုံး အမတ်မင်းဆိုတာကို မျှော်တော်ဇောနဲ့ မောခဲ့ကြပြီး စိတ်ကူးခဲ့လေသမျှ ကိုယ့်အိမ်ကိုယ်ပြန်ကြပါအုံးဆိုတော့။

ဖြစ်ရမှာကတော့ တောက်တခေါက်ခေါက်ပေ့ါလေ။ ဒါပေသိ တကယ့်တကယ်တမ်းမှာ ဘဂကနာနာရိုက်ပြီးသင်ပေးထားတဲ့ အသိနဲ့အားလုံးငြိမ်ငြိမ်သက်သက် ပြန်သွားကြတာပါပဲ။

(၅)

ကြယ်ရောင်လရောင် ခပ်မှိန်မှိန်အောက် ကြာပွားရွာလေးအိပ်မောကျနေပေမဲ့ သူ့ရွာသူရွာသားတွေကတော့ မျက်လုံးကြောင်တောင်နဲ့ အိပ်ပျော်နိုင်ကြမယ်မထင်ဘူး။ နိုးကြားတက်ကြွသူအတွက် ညတာဟာ ရှည်လျားလွန်းလှတယ်လို့ ဆိုတယ်မဟုတ်လား။ သူတို့မျှော်နေတဲ့ အရုဏ်ဦးဟာ တော်ရုံနဲ့ရောက်မလာသေးတာ သဘာဝတော့ကျပါတယ်။

မန်းဝင်းတို့ အုန်းမောင်တို့ ဝီရိယကောင်းလှထင်တာ။ သူတို့ဖြင့် သူကြီးအိမ်ဝင်းထဲ ခြေလှမ်းချရုံရှိသေး

**စာမျက်နှာ ၂၉ သို့** á

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သော မတ်ပဲကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ရွှေဘို နိုဝင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲကေအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက် ပျိုးရာသီ၌ မတ်ပဲ ၁၁၀၂ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောမတ်ပဲစိုက်ခင်းများကို ယခုနှစ် အောက်တိုဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင်ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီး တစ်ကေလျှင် ၁၈ ဒသမ ၅၅ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ မတ်ပဲ ၁၁၀၂ ကေထိစိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မတ်ပဲခင်းတွေ လက်ရှိမှာတော့ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကို မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေးစသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်း ဆောင်ရွက်သင့်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။

(၂၀၆)

---

á စာမျက်နှာ ၂၈ မှအဆက်

ဘိုးလူလှက ကွပ်ပျစ်ပေါ်အကျအနထိုင်လို့ ရေနွေးကြမ်းတောင် သောက်နေပါပေ့လား။ သူပြောသလို ရေစက်ချမမီမှာစိုးလို့ ထင်ပါရဲ့။

အတော်ကလေးကြာတော့မှ အိမ်အပေါ်ထပ်ကနေ တပည့်ကျော်မောင်နက်တူ တသမ်းသမ်းတဝေဝေနဲ့ ဆင်းလာတယ်။ သူ့တစ်ယောက်တည်းအထင်နဲ့ စိတ်လွှတ်လက်လွှတ်ဆင်းလာပြီးမှ အိမ်အောက်က လူအုပ်ကြီးကိုအတွေ့ အသာကိုယ်ရှိန်သတ်ပြီး ကုပ်ပိုးတွေဘာတွေ တဆတ်ဆတ်ရိုက်၊ လက်ကလေးနောက်ပစ်ပြီး ခပ်တည်တည် ဆက်ဆင်းလာတယ်။ သူ့ပုံကြည့်ရတာ လှုပ်တုတ်လှုပ်တုတ်နဲ့ မီးသွေးခဲလေး လိမ့်ကျလာသလိုပဲ။

"သူကြီး ကျုပ်တော့ စာသင်ကျောင်းကိစ္စလေး မြန်မြန်တင်ပြပြီး လယ်ထဲပြေးချင်သေးတယ်။ မနေ့ကလဲ တစ်နေကုန်ပစ်ထားခဲ့ရတာဆိုတော့..."

အုန်းမောင် စကားမဆုံးလိုက်ဘူး။ သူကြီးလဲ မဖြေလိုက်ရဘူး။ မောင်နက်တူက သူ့လက်ကနာရီကို ကြည့်ပြီး–

"အဟမ်း..အဟမ်း။ အခုလို ကျွန်တော်တို့အပေါ် ညွှတ်ဝတ်ကျေပွန်လှတဲ့ ကျေးရွာလူထုကြီးခင်ဗျာ၊ ကျွန်တော်တို့ရဲ့ အမတ်မင်းဟာဆိုရင်ဖြင့် နေ့လယ် ၁ နာရီနဲ့ မိနစ် ၃၀ တိတိမှာ၊ အရေးတကြီး အစည်းအဝေးတစ်ရပ်ချိန်းဆိုထားတာရှိသည့်အတွက် အခုပဲ လှည်းဆင့်လို့ ခပ်မြန်မြန်သွားနိုင်မှသာ အမတ်မင်းရဲ့ အလုပ်တာဝန်များ မလစ်ဟင်းမှာဖြစ်ပါတယ်။ သို့ပါသောကြောင့် ကျေးရွာရဲ့လိုအပ်ချက်များကို အသီးသီးဆွေးနွေးမှတ်တမ်းယူထားပြီး နောက်တစ်ကြိမ်အလျဉ်းသင့်လို့ အမတ်မင်းနယ်ပြန်ဆင်းတဲ့အခါ မပျက်မကွက် အကြံပြုတင်ပြကြဖို့ ဟောဒီက ကျေးရွာလူထုကြီးကို ပန်ကြားလိုပါတယ်"

လူတွေလူတွေဆိုတာ အုန်းခနဲပွင့်ထွက်သွားမလားမှတ်တာ၊ အံ့သြစရာကောင်းလောက်အောင် ဘာသံမှမကြားရဘဲ ငြိမ်ကျသွားတယ်။ မန်းဝင်းနဲ့ အုန်းမောင်က ပိုပြီးတိုးကပ်သွားကြတယ်။ ဘိုးလူလှကတော့ သောက်လက်စရေနွေးခွက် ကောက်ပက်လိုက်ပြီး ထပြန်ဖို့ပြင်တယ်။

သူကြီးကြို့မှာထားလို့ထင်တယ်။ ဖိုးချွန်နဲ့ ကျောက်မီးက လှည်းပြင်ပြီး အသင့်စောင့်နေကြတယ်။

အမတ်မင်းကတော့ ညတုန်းကပုံမဟုတ်တော့ဘူး။ အစာလေးလဲဝင် အိပ်ရေးလေးလဲဝသွားလို့ထင်ပါရဲ့။ လန်းလန်းဆန်းဆန်းပါပဲ။ တဘက်ကလေးတောင် ပခုံးပေါ်တင်ထားလို့။ ဘိုကေလေး ပိပြားနေအောင်ဖြီးထားလို့။ အိပ်ရာထစနဲ့တောင်မတူဘူး။ သူကြီးကတော်တည်ခင်းတဲ့ စားဖွယ်သောက်ဖွယ်လေး ဣန္ဒြေရရသုံးဆောင်လို့။ သူကြီးပြောနေတာတွေကို ခေါင်းလေးတဆတ်ဆတ်ညိတ် နားထောင်လို့။ အေးချမ်းလှပါဘိ။

အမတ်မင်းက လူအုပ်ကြီးထဲက အသာအယာဖြတ် လှည်းပေါ်ကို ဖြည်းဖြည်းညင်သာ ကြွအတက်။ လူအုပ်ကြီးကလဲ သို့လော သို့လော၊ ထိုင်ရမလို ထရမလို။

အမတ်မင်းက လှည်းပေါ်ရောက်ခါမှ လူအုပ်ကြီးဘက် တစ်ချက်အသာလှည့်ကြည့်ပြီး–

"ခင်ဗျားတို့ရွာလေးက ခေါင်လှခေါင်လှနဲ့ တယ်မခေါင်ပါဘူး။ နေပျော်ထိုင်ပျော်ရှိပါတယ်။ တစ်ခုပဲ အိမ်ခြေလေးဆယ်ကျော်ရှိပြီး ကြက်ဟင်းခါးစင်ကလေးတောင် မရှိတာတော့ မနိပ်လှဘူး။ နောင်များ ဖောဖောသီသီစိုက်ကြပါဗျ။ ကြက်ဟင်းခါးသီးက လူနဲ့တည့်တယ်"

စကားလဲဆုံးရော လှည်းလဲထွက်တာပါပဲ။ အမတ်မင်းက ဘုရားစူးရစေ့။ သူ့နယ်လှည့်ခရီးစဉ်ရဲ့ကြာပွားရွာနေလူထုကြီးအတွက် တစ်ခွန်းတည်းသောနဲ့ နောက်ဆုံးသောစကားကို မိန့်မှာသွားတာပါ။

အခုဆိုရင် အမတ်မင်းပြန်သွားတာလဲ ကြာလေလှပါပြီ။ မန်းဝင်းတို့ အုန်းမောင်တို့လဲ နောက်တစ်ကြိမ် အမတ်မင်းလာရင် လမ်းအရင်တောင်းရကောင်းနိုးနိုး၊ စာသင်ကျောင်းအရင်တောင်းရ ကောင်းနိုးနိုး မဝေခွဲနိုင်ကြသေးပါဘူး။

ပြွတ်ပြွတ်ခဲခဲ ကြက်ဟင်းခါးစင်တစ်စင်နဲ့ လူထုထုရှိရင် ကြက်ဟင်းခါးသီးက လူနဲ့တည့်တယ်ဟဲ့လို့ တွင်တွင်ဆိုနေတတ်တာကတော့ ဘယ်သူရှိရမှာလဲ၊ ဒေါ်ဘုမပဲပေ့ါ။

ပြောခဲ့ပါပကော။ အမတ်မင်းရောက်မလာခင်တုန်းကအထိတော့ ကြာပွားရွာကလေးမှာ ကြက်ဟင်းခါးသီးဆိုတာ အစိမ်းရောင်ဆူးတောင်ဘို့လေးတွေနဲ့ချက်စားရင် ခါးသက်သက်အရသာရှိတဲ့ အသီးတစ်မျိုးဆိုတာထက်မပိုခဲ့ပါဘူးလို့။

အခုတော့ရောတဲ့။

အခုတော့ရော ဘာထူးရအုံးမှာလဲ။ ဟုတ်တယ်လေ။ ကြက်ဟင်းခါးသီးက ကြက်ဟင်းခါးသီးပဲပေ့ါ။ ဘာထူးနေရအုံးမှာလဲ။ လူတွေပြောပါတယ်။ ခက်ပုံ...ခက်ပုံ။ ။

---

## ဘဝမှတ်တမ်း

- နေ့စဉ်ဝယ် သုံးသပ်သိ
  တွက်စစ်ကြည့် အမှားမှန်၊
  အကျိုးဆောင် အများအတွက်
  ရှေ့ဆက်ပြီးကြံ၊
  မကောင်းမှု အတွေးဉာဏ်
  ပယ်ဖျောက်ရန် ကြိုးစား၊
  ကိုယ်ရွေးချယ် ကိုယ့်ဘဝကို
  စံပြစေသား။

- တန်ဖိုးဝင် စိတ်ဓာတ်များနဲ့
  ကိုယ့်စွမ်းအား စံချိန်တင်၊
  လမ်းဖြောင့်ကို ရွေးလျှောက်တတ်မှ
  မြင့်မြတ်မည်အစဉ်၊
  မကောင်းမှု ပြုခဲ့လျှင်
  မည်းအရိပ်ပင် နောက်ကလိုက်၊
  သမိုင်းတွေ ဖြူသန့်ရှင်း
  ကောင်းခြင်းတို့ဆိုက်။

- လူတိုင်းသည် ဘဝမှတ်တမ်း
  ဆိုးသွမ်းလို့ မတင့်တယ်၊
  အတုယူဖွယ် မှတ်တမ်းလှ
  အားကျဂုဏ်ကြွယ်၊
  ကြိုးစားစို့ လောကအလယ်
  အချိန်တွေရယ် စီမံသုံး၊
  နာမည်ကျန် သမိုင်းတင့်ဖို့
  တွေးချင့်လို့ရှုန်း။ ။

ရွှေမြိုင်သူ(မြန်မာစာ)

---

# ဝမ်းတွင်းမြို့နယ် သဘွတ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း နိုဝင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ သဘွတ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများကို နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သန်း ၃၀ ဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ဆွေးနွေးညှိနှိုင်း ဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သဘွတ်ကုန်းကျေးရွာတွင် ထူးခြားအောင်အဖွဲ့၊ အောင်ချမ်းသာအဖွဲ့၊ အောင်ပြည့်စုံအဖွဲ့၊ အောင်မြင်သူအဖွဲ့ စုစုပေါင်းနို့စားနွားမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ အသက်မွေးဝမ်းကျောင်းအဖွဲ့လေးဖွဲ့ ဖွဲ့စည်းထားပြီး စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၂၀ ကို ငွေကျပ်သန်း ၃၀ ထုတ်ချေးပေးထားကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးထံက သိရသည်။

**အောင်ရဲကျော်**

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ဧက ၅၇၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ နိုဝင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲကြီးဧက ၅၇၀၀ ထိ စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီး ဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုး ရာသီ၌ ယင်းမာပင်ခရိုင်တွင် ပဲကြီး ၁၄၄၃၅ ဧက စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလ ပထမအပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ယင်းမာပင်မြို့နယ်တွင် ၁၉၄ ဧက၊ ကနီမြို့နယ်တွင် ၅၅၀၆ ဧက စုစုပေါင်း ၅၇၀၀ ဧက စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

" ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုး ရာသီ ယင်းမာပင်ခရိုင်မှာ ပဲကြီး ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့ အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ ပဲကြီးစိုက်ပျိုးမှု အနေနဲ့ လျာထားဧကပြည့်မီ အောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲကြီး အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအား စုတွေကို တောင်သူတွေနဲ့ ပူးပေါင်း ပြီးတော့ ဆောင်ရွက်ပေးနေပါ တယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ပဲကြီး စိုက်ပျိုးရန်အတွက် မြို့နယ် အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၁၁၉၇ ဧကနှင့် ကနီမြို့နယ်တွင် ၁၃၂၃၈ ဧက စုစုပေါင်း ၁၄၄၃၅ ဧက တို့ ဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ပဲကြီး စိုက် တောင်သူများအနေဖြင့် ပဲကြီးစိုက်ဧကများ တိုးချဲ့စိုက်ပျိုး နိုင်ရေး၊ အထွက်နှုန်းကောင်းမွန် ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုး ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အသိ ပညာပေးလုပ်ငန်းများ ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါ က ဒေသတွင်း စားသုံးမှုဖူလုံစေ မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင် သဖြင့် လူမှုစီးပွားဘဝများမြင့်မား တိုးတက်လာမည် ဖြစ်သော ကြောင့် ပဲကြီးကို ဒေသမရွေးပိုမို တိုးချဲ့စိုက်ပျိုးသင့်ကြောင်း စစ်ကိုင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီး ဌာန လက်ထောက်ညွှန်ကြား ရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ကျားကဏန်း ပိဿာချိန် ၆၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ နိုဝင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ အောက်တိုဘာလ အတွင်း ကျားကဏန်း ပိဿာချိန် ၆၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ ကြောင်း လပွတ္တာမြို့နယ် ရေထွက် ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင် ရှင် ဒေါ်ဌေးဝင်းက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ စက်တင်ဘာလက ကျားကဏန်း ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလ တစ်လအတွင်း ကျားကဏန်း ပိဿာချိန် ၆၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေ ကို ရန်ကုန်ဈေးကွက်ထဲကို ပုံမှန် တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း ကျားကဏန်း ပိဿာချိန် အများအပြား တင်ပို့ ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်း ချခဲ့တဲ့ ကျားကဏန်းတွေကလဲ လတ်ဆတ်မှုနဲ့ အရွယ်အစား အလေးချိန်အပေါ်မူတည်ပြီး ဈေး အပြောင်းအလဲရှိပါတယ်။ လက်ရှိ မှာ ကျားကဏန်းတွေကို ရန်ကုန် ဈေးကွက်က အဝယ်လိုက်နေပါ တယ်။ ဒီဘက်ကနေ ကျားကဏန်း တွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေဆီ တင်ပို့ရောင်းချ နေပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ် ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဝင်းက ပြောပြသည်။

လပွတ္တာမြို့နယ်မှ တင်ပို့ ရောင်းချခဲ့သည့် ကျားကဏန်း အသေး တစ်ပိဿာလျှင် ငွေကျပ် ၁၆၅၀၀၊ အလတ် တစ်ပိဿာလျှင် ငွေကျပ် ၂၂၅၀၀၊ အကြီးတစ်ပိဿာ လျှင် ၂၈၅၀၀မှ ၃၅၅၀၀ ထိ အရွယ် အစားအပေါ်မူတည်ကာ ဈေး အပြောင်းအလဲရှိကြောင်း၊ အဆိုပါ ကျားကဏန်းများ တင်ပို့ရောင်းချ နေရသည့်အတွက် ရေလုပ်သား များ၊ တစ်နိုင်တစ်ပိုင်အရောင်း အဝယ်လုပ်ကိုင်သူများ၊ ပွဲရုံပိုင်ရှင် များ၊ ကုန်တင်ယာဉ်အငှားလိုက် သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မဲဆန္ဒရှင်တစ်ဦးရှောင်ရန် အချက်များ ( အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်း )

- မဲရုံအတွင်းသို့ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အမျိုးသားမှတ်ပုံတင်ကတ်ပြား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရလက်မှတ်မှအပ မသက်ဆိုင်သည့်ပစ္စည်းများ ယူဆောင်မလာရ၊
- ဆန္ဒပြုစက်ပေါ်ရှိ မိမိမဲပေးလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်နှင့် သင်္ကေတအမှတ်အသား တည့်တည့်တွင်ရှိသော ဆန္ဒပြုခလုတ်ကို တစ်ကြိမ်သာနှိပ်၍ ဆန္ဒပြု ရမည်၊ တစ်ကြိမ်ထက်ပို၍ မနှိပ်ရ။ ခလုတ်တစ်ခုထက်ပို၍ ခလုတ်နှစ်ခု၊ သုံးခု တစ်ပြိုင်တည်း မနှိပ်ရ၊
- ဆန္ဒပြုခန်းအတွင်း၌ မဲပေးစက်၏ စက်အစိတ်အပိုင်းတစ်ခုခုကို မဲပေးခြင်းနှင့်မသက်ဆိုင် သော ဆောင်ရွက်မှုတစ်ခုခု မပြုလုပ်ရ၊
- ဆန္ဒပြုခန်းအတွင်း၌ မဲပေးစက်၏ စက်အစိတ်အပိုင်းတစ်ခုခုကို တစ်နည်းနည်းဖြင့် အနှောင့် အယှက်ပြုခြင်း မပြုလုပ်ရ၊
- ဆန္ဒပြုခန်းအတွင်း၌ အချိန်ကြာမြင့်စွာ ဆောင်ရွက်ခြင်းမပြုလုပ်ရ၊
- ရွေးကောက်ပွဲတစ်ခုခုတွင် လွှတ်တော်မဲဆန္ဒနယ် တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များ အတွက် ဆန္ဒမဲမပေးရ၊ မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ် ထက်ပို၍ ဆန္ဒမဲပေးခြင်း မပြုရ၊
- သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲပေးခြင်းမပြုရ၊
- ကိုယ်စားလှယ်စေလွှတ်၍ ဆန္ဒမဲမပေးရ၊
- သူတစ်ပါးကိုယ်စားမဲမပေးရ။

“ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်”
“လွတ်လပ်မျှတ၊ မဲပေးကြ”


“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်း ကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက် နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရ မည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင် ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြု ရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဗ္ဗာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

သဘာဝအစစ်မို့ အရသာထူး စိတ်နှင့်ကြည်နူး ....




ရွှေဖီဦး




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၀၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

ရွှေဖီဦး BLACK TEA (နောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။



# မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့် ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ ....

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊ ကျောက်ထွင်းပန်းချီကားများ၊ လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၀၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



## အရောင်းဝန်ထမ်း အမျိုးသမီး ၁၀ ဦး အလိုရှိသည်

ပညာအရည်အချင်းမလို၊ လုပ်ငန်းအတွေ့အကြုံမလို၊
အလုပ်လုပ်ချင်စိတ်ရှိရမည်။
နယ်မှ လာရောက်လျှောက်ထားသူများအတွက်
နေထိုင်စားရိတ်စီစဉ်ပေးမည်။
၇၉လမ်း၊ ၂၇-၂၈ လမ်းကြား၊ 35 CORNER မျက်မှန်ဆိုင်၊
မန္တလေးမြို့သို့ လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်- ဖုန်း ၀၉-၇၅၀၅၆၇၆၉၄


## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် အကွက်(၅၃၀) ချိုပါရပ် ၃၈လမ်း ၈၀-၈၁လမ်းကြား No-52 နေ ဦးဝင်းမောင်+ဒေါ်တင်တင်ရီတို့၏သားဖြစ်သူ မောင်မင်းခန့်ကျော်(၉/မဟမ(နိုင်)၀၅၃၁၀၀)သည် မိဘဆိုဆုံးမစကားနားမထောင်၍ နေအိမ်မှ ဆင်းသွားပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဝင်းမောင်+ဒေါ်တင်တင်ရီ

## ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့ မြို့မရပ်ကွက် အမှတ် ၄/၁၈၈ စစ်တန်းရပ်နေ မသူလဆီး (ဘ) ဦးဂျုနတ်ကူမား(၉/မကန(နိုင်)၁၂၉၉၃၉)၏ ပတ်စ်ပို့အမှတ် (ME-748000)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
09-453246601



## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါ သည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက် ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။




အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

❖ သစ်ပင်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများကို လက်ငင်းခံစား၍မရနိုင်သော်လည်း နောင် ခုနစ်နှစ်၊ ရှစ်နှစ်ခန့်တွင် ခံစားရမည်ဖြစ်...
❖ မိမိတို့အနေဖြင့်လည်း ယခင်က စိုက်ပျိုးထိန်းသိမ်းခဲ့မှုများကြောင့် သစ်ကြီးဝါးကြီးများ၏ အရိပ်အာဝါသကို ခံစားရခြင်းဖြစ်...
❖ မိမိတို့၏ လာမည့်သားစဉ်မြေးဆက်ကိုလည်း ထိုသို့ခံစားရစေလိုသည့်စိတ်ဖြင့် ဆောင်ရွက်သွားကြရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ် ဇူလိုင် ၁၁ ရက်တွင် အပူပိုင်းဒေသ ၁၃ ခရိုင်အတွင်း ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် မိတ္ထီလာခရိုင် လိန်တောကြိုးပြင်ကာကွယ်တောနေရာ၌ ပြုလုပ်သော သစ်ပင်စိုက်ပျိုးပွဲတော်တွင် ပြောကြားသော အမှာစကားမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## Online လိမ်လည်လောင်းကစားမှုများနှင့် ဒုစရိုက်မှုများကျူးလွန်နေသည့် KK Park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေတို့အတွင်း အဖွဲ့စုံပါဝင်သည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် ဆက်လက်ရှင်းလင်းဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၉

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားတိုက်ဖျက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ Online လိမ်လည်လောင်းကစားမှုများကို တိုက်ဖျက်လျက်ရှိရာတွင် မုလအိအလင်းကုမ္ပဏီနှင့် Tran-Asia International Holding Group (Thailand)ကုမ္ပဏီတို့လုပ်ငန်းစတင်ခဲ့သည့် မြဝတီ-မယ်ထော်သလေး(KK Park)နယ်မြေအတွင်းသို့ အောက်တိုဘာလအတွင်းမှစ၍လည်းကောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးကိစ္စရပ်များဆောင်ရွက်နိုင်ရန် အကြောင်းပြ၍ စီမံကိန်းတစ်ရပ်အဖြစ် တည်ဆောက်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများရပ်တန့်ထားသည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းသို့ နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းမှစ၍လည်းကောင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၊အုပ်ချုပ်ရေးအဖွဲ့အစည်းများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းစစ်ဆင်ရေးအဖွဲ့များဖြင့် ဝင်ရောက်ရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် ဖော်ထုတ်ဖမ်းဆီးရမိသည့် Online လိမ်လည်လောင်းကစားမှုများကျူးလွန်ကြသူများကို လိုအပ်သည့် စိစစ်မှုများဆောင်ရွက်၍ သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျပြန်လည်လွှဲပြောင်းပေးခြင်းများဆောင်ရွက်လျက်ရှိသကဲ့သို့ Online လိမ်လည်လောင်းကစားမှုများ စာမျက်နှာ ၂၆ ကော်လံ ၁ ☆

## တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့ မအူပင်မြို့နယ် လေးအိမ်စုကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က မအူပင်မြို့နယ် လေးအိမ်စုကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၉

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊မြစ်ရေယာဉ်(စကု)ဖြင့် ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် လေးအိမ်စုကျေးရွာရှိ စတုဘုမ္မိကမဟာ သတိပဋ္ဌာန်းကျောင်းတိုက်၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၄၉၆ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၈၄ ဦး၊ ခွဲစိတ်ရောဂါ ၂၂ ဦး၊ သွားဖွာ၊မီးယပ်ရောဂါ ၅၆ ဦး၊ ကလေးရောဂါ ၈၆ ဦး၊ အရိုးရောဂါ ၃၂ ဦး၊ နား၊နှာခေါင်း၊ လည်ချောင်းရောဂါ ဦးရေ ၃၀၊ မျက်စိရောဂါ ၄၈ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၃၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ စာမျက်နှာ ၂၂ ကော်လံ ၁ ❑

## ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၁၉

၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၀ ရက်(ယနေ့) နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-1)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဆုချီးမြှင့်ပွဲအခမ်းအနားကို ယင်းနေ့နံနက် ၉ နာရီ မိနစ်၂၀ မှစတင်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-HD၊ MRTV Entertainment Channel၊ MWD HD၊ MWD Variety HD Channel၊ Readers channel၊ Channel 9 နှင့် Up to Date Channel၊ မြန်မာ့အသံရေဒီယို၊ သဇင် FM၊ ပတ္တမြား FM၊ ချယ်ရီ FM၊ FM ပုဂံ၊ မန္တလေး FM၊ ပဥ္စဝတီ FM၊ ရွှေ FM၊ Star FM၊ MOI Website၊ MOI Youtube၊ MRTV App အပါအဝင် MRTV Online Platform တို့မှ တိုက်ရိုက်(LIVE)ရိုက်ကူးထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။ (သတင်းစဉ်)

**"လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"ခြင်းမှအစတည် "ရွှေ ဖွံ့၊ သာ စေမည် တို့တိုင်းပြည်"** ဆောင်းပါး စာမျက်နှာ - ၂၄

## မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၁၉

မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် ရတနာပုံသတင်းစာ စာမျက်နှာ ၂၁ တွင် ဖော်ပြပါရှိပါသည်။ ရတနာပုံ

MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ရာဘာ၊ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန် စားအုန်းဆီ၊ လူသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ဓာတ်မြေဩဇာ၊ ကတ္တရာ။
Tel: 95-01-8373255,8373265,8373267, 8373291
Fax: 95-01-8373257